စကားအရာကြွယ်ဝစုံလင်စွာ ပြောနိုင်ဆိုနိုင်

ပြောရန်ဆိုရန် သူတအံ့ပုံ ရလိုသူတိုင်းအတွက်

# ဦးပေါ်ဦး နှင့် လှတောသား

ဦးလှအောင်



စာနယ်ဇင်း ကြိုတင်ခွင့်ပြုချက်အမှတ် ၅၈၀/၉၅ (၉)
မျက်နှာဖုံး ကြိုတင်ခွင့်ပြုချက်အမှတ် ၅၅၆/၉၅ (၉)

**ပုံနှိပ်ခြင်း**

၁၉၉၅ ခုနှစ်၊ အောက်တိုဘာလ၊ ပထမအကြိမ် (၅၀၀)

ပန်းချီ - ကိုဇော်ဝင်း၊ ကိုသန်းဝင်း

တန်ဖိုး ၊ ၂၀၈/-

**ထုတ်ဝေသူ**

ဦးအောင်ချို့ဌေး၊ သီဂီစာပေ (မြဲ-၀၁၅၄၃)
၁၁၀/၁၂၃ လမ်း၊ သပြေကုန်းရပ်ကွက်၊
ကန်တော်ကလေး၊ ရန်ကုန်မြို့။

**အဖုံး၊အတွင်းပုံနှိပ်သူ**

ဒေါ်အေးမြင့် (မြဲ - ၀၂၁၆၆)၊ (စိန်ပွင့် ပုံနှိပ်တိုက်)
အမှတ် ၂၇၁၊ လမ်း ၄၀၊ ရန်ကုန်မြို့။

စကားအရာ ကြွယ်ဝခဲ့လင်ျှာ ...
ပြောနိုင်ဆိုနိုင် ပြောရန် ဘိုရန် ..
သူတအဖွဲ့ဖွဲ့ ရလိုသူတိုင်းအတွက် ...

# ဦးပေါ်ဦး နှင့်
# လူတောသား

ဦးလှအောင် ပြုစုသည်။

ဖြန့်ချိရေး
ပင်မြင့်မာလာစာပေ
အမှတ် ၁၆၂၊ မြန်မာ့ဂုဏ်ရည်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၃၇၀၉၉၂

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| အမှာ | ..... | |
| ကျီးသဲကဦးပေါ်ဦး | ..... | ၂၈ |
| ကလေးများတကယ် တကယ် | ..... | ၃၀ |
| ကျစရာ လှသကွာ | ..... | ၃၂ |
| ကြက်သွန်ဖြူဗေဒင် | ..... | ၃၅ |
| ကွဲသည်ဟု မပြော | ..... | ၃၇ |
| ခက်ခ ာ်ခဲခဲပါနော် | ..... | ၃၈ |
| ငါးရိုးကလေး လှတ, တ | ..... | ၄၀ |
| ငြင်းပြီဆိုမှဖြင့် အပြုတ် | ..... | ၄၂ |
| ငွေမိုးတွေရွာစေ | ..... | ၄၄ |
| ငှက်ကြီးတောင်ဓား အားဆေးကြီး | ..... | ၄၅ |
| စောင့်တဲ့အရပ်တို့ရေ | ..... | ၄၇ |
| ဆိုးလိုက်သည့်ချောင်း | ..... | ၄၈ |
| တော်ပါပြီ မယ်တို့မယ်တို့ | ..... | ၄၉ |
| တအားသာစားလာ | ..... | ၅၀ |
| တပွေ့ပွေ့တပိုက်ပိုက် | ..... | ၅၃ |
| တင်တောင်းရယ်သေးလိုက်ကာ | ..... | ၅၄ |
| ထန်းလျက်တစ်ရွက် အသုံးချနည်း | ..... | ၅၅ |
| ထပ်ထပ်သာ ကွမ်းတော့ | ..... | ၅၇ |
| ဒသရူပတုံး | ..... | ၅၈ |


# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ဒါဘာလုပ်ကြတာလဲလို့ | ..... | ၆၀ |
| ဒါလောက်ကြီးဆိုတော့ | ..... | ၆၁ |
| ဒိုဘီ၏အလှ | ..... | ၆၃ |
| နန်းမဆန်သော်ကောင်း | ..... | ၆၄ |
| နတ်သုဒ္ဓါနှင့်ချူ | ..... | ၆၅ |
| နှိုင်းမှနှိုင်းပလေ | ..... | ၆၆ |
| ပေါက်ပြား၏အစွမ်း | ..... | ၆၈ |
| ဖြုန်းပြီး၊ ပြီးတော့ကုန်ပြီ | ..... | ၆၉ |
| စပါးခွဲဆားကြ | ..... | ၇၁ |
| ဖားပြုတ်တပွပွ | ..... | ၇၂ |
| ဖားရေပြန်ကို ဆန်ခါချ | ..... | ၇၃ |
| ဖွာလွန်းသောလက် | ..... | ၇၅ |
| မပူပေါင် ဘေးဆီကနွေး | ..... | ၇၆ |
| မာတလိမောင်းသည် | ..... | ၇၈ |
| မြော်ပုံမြင်ပုံမှာ | ..... | ၇၉ |
| မှို့ရှားမည် ရေရှားမည် | ..... | ၈၁ |
| ယခင်နှင့် ယခု | ..... | ၈၂ |
| ရှားပုံကိုဖွဲ့ | ..... | ၈၅ |
| ရွှင်ပုံမင်းအမြီးတိုသည် | ..... | ၈၆ |
| ရွှေမိုးကိုမျှော် | ..... | ၈၈ |
| လေတံခွန်တလွင့်လွင့် | ..... | ၈၉ |

## မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| လက်ကငါးပြား လေကငါးကျပ်ဖိုး | ..... | ၉၁ |
| လွှန်းကလေးသို့နှယ် | ..... | ၉၂ |
| လှပါရဲ့လားဗျာ | ..... | ၉၃ |
| ဝါးဖြစ်သော ကြောင့် ဝက် | ..... | ၉၅ |
| ဝိပရိနာမ | ..... | ၉၆ |
| ဝဲလည်ဝဲလည် | ..... | ၉၈ |
| ဝက်မြီးသီးအပင် | ..... | ၉၉ |
| သမ္မာကိုဆန်းစစ်ရာ | ..... | ၁၀၀ |
| ဟဲ့ ဟဲ့ လူလား ဝက်လားတဲ့ | ..... | ၁၀၁ |
| ဟယ်သနားစရာပါလား | ..... | ၁၀၃ |
| အပြောင်အပြက် | ..... | ၁၀၅ |
| အရိုးကျိုးရောဂါ | ..... | ၁၀၆ |
| အိမ်ငတ်နေသော အိမ်နီးချင်း | ..... | ၁၀၈ |
| ညောင်နီချောင်းက ဦးပေါ်ဦး | ..... | ၁၁၀ |
| ကိန္နရာကလေးယဉ်ယဉ် | ..... | ၁၁၁ |
| ကျည်ဆန်ထိပ်ဖူးပေါ်ဝယ် | ..... | ၁၁၂ |
| ခရမ်းသီးသည်တော်ရှိုးဗျို့ | ..... | ၁၁၄ |
| ရိုးခနဲ ရိုးခနဲ | ..... | ၁၁၅ |
| ယဋ္ဌိကာရခေတ် | ..... | ၁၁၇ |
| ငှက်ဖျားတက်မနား | ..... | ၁၁၉ |
| စာတိုက်ထမ်းအရုပ် | ..... | ၁၂၀ |


## မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ဆီမှုတ်ခဏထားပါဦး | ..... | ၁၂၁ |
| ပုတက်ကျောနှင့်ပုန်းကျင်း | ..... | ၁၂၂ |
| မိုးခေါင်တော့ပြန်ခဲ့ပါ | ..... | ၁၂၄ |
| ဘီလူးငိုပုံဖွဲ့ | ..... | ၁၂၅ |
| မပါဘဲနေချေရော့မည် | ..... | ၁၂၇ |
| ရေတိမ်၏အနက် | ..... | ၁၂၈ |
| လင်းနို့ချေးကြီးလှပါတယ် | ..... | ၁၃၀ |
| သတ္တဝါအဆန်း | ..... | ၁၃၂ |
| ဟနုမာန် ယခုပျံ | ..... | ၁၃၃ |
| အမှတ်အသားလှလှလေး | ..... | ၁၃၅ |
| ဖြည်းဖြည်းပေါ့ယောက်ဖရာ | ..... | ၁၃၈ |
| ရိုးပျက်က စာပူရှာ | ..... | ၁၄၀ |
| ဖွတ်လှိုင်းက ဦးပေါ်ဦးများ | ..... | ၁၄၂ |
| ကျားပုံကြောင်ပုံ | ..... | ၁၄၄ |
| ကြောက်မက်ဖွယ်ပါတကား | ..... | ၁၄၆ |
| ကျွမ်းကျင်လှပစွာ | ..... | ၁၄၇ |
| ဂနာမငြိမ်ပုံ | ..... | ၁၄၉ |
| ဂေါ်ဇီလာဖမ်းပွဲ | ..... | ၁၅၀ |
| ငရဲမင်းဦးထုပ် | ..... | ၁၅၂ |
| ငါးသလောက်ယောက်ဖ | ..... | ၁၅၃ |

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| စားရသောအဝတ် | ..... | ၁၅၅ |
| စေတနာနဲ့ပါ | ..... | ၁၅၆ |
| စိတ်ပူစရာကြီး | ..... | ၁၅၇ |
| စိုးရိမ်ဖွယ်ပါတကား | ..... | ၁၅၈ |
| ဆန်းသစ်သည့် ထန်းမြစ် | ..... | ၁၆၀ |
| ဇူဇကာစိုးရိမ်စရာ | ..... | ၁၆၂ |
| ဈေးထဲက ဟိုအကောင် | ..... | ၁၆၃ |
| ဉာဏ်ကြီးရှင်စစ်တမ်း | ..... | ၁၆၄ |
| ဒေါက်တာကြောက်သကွာ | ..... | ၁၆၅ |
| ဓားကိုဖွဲ့သောဋီကာ | ..... | ၁၆၆ |
| နာတာရှည်ရောဂါ | ..... | ၁၆၇ |
| ပုလင်းကွဲ အတင်းပဲ | ..... | ၁၆၈ |
| ပူပါပေ့ကွယ် | ..... | ၁၇၀ |
| ဖုန်မှုန့်၏ကံကြမ္မာ | ..... | ၁၇၁ |
| ဘဲသားဟင်းရယ် | ..... | ၁၇၂ |
| မီးခြစ်ကျောက်သုဒ္ဓါ | ..... | ၁၇၃ |
| မှတ်ပုံထောင်ပုံမှာဖြင့် | ..... | ၁၇၄ |
| မုန့်တီမရောင်းသင့် | ..... | ၁၇၅ |
| မြည်းတာပါကွယ် | ..... | ၁၇၆ |
| လူကြောင် လူနောက် | ..... | ၁၇၇ |
| စံသူတော်နှင့်တွေ့ရော့ထင့် | ..... | ၁၇၈ |
| သင်းတို့ခိုလှုံ ဥျရိပ်မြုံ | ..... | ၁၈၀ |
| အတင်းကပ်နေ | ..... | ၁၈၁ |


# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| အထင်မသေးနှင့် | ..... | ၁၈၂ |
| အဖျက်သမား | ..... | ၁၈၂ |
| မဟာဒဂုန်မှဦးပေါ်ဦးစကား | ..... | ၁၈၅ |
| ကားပါတဲ့ခင်ဗျာ | ..... | ၁၈၇ |
| ကားပွဲစား၏အာ | ..... | ၁၈၈ |
| ကြွေးပြေးသောနည်း | ..... | ၁၈၉ |
| ခါးလိုက်တာနော် | ..... | ၁၉၀ |
| ခင်ဗျားတို့ကလည်း | ..... | ၁၉၁ |
| ချဉ်လိုက်တာနော် | ..... | ၁၉၂ |
| ခြင်းကစားမင်းသား | ..... | ၁၉၃ |
| ခွပ်လိုက်ကြစို့ ယောက်မရို့ | ..... | ၁၉၄ |
| စိတ်ချမ်းသာစရာ | ..... | ၁၉၅ |
| ဆင်းရဲမှာ စိုးရှာရော့ထင့် | ..... | ၁၉၆ |
| ညည်းညျူသံကောက်ကောက်ကလေး | ..... | ၁၉၇ |
| တမြောက်မြောက်နှင့်မျောက် | ..... | ၁၉၇ |
| ထီပေါက်စဉ်အလား | ..... | ၁၉၈ |
| ထက်စွန်က ကြက်သွန်ပါ | ..... | ၁၉၉ |
| ဒါပဲ ကောင်းတယ် | ..... | ၂၀၀ |
| ဒါပဲ ပြောပြောနေ | ..... | ၂၀၁ |
| ဒိုက်ဦးကို မျိုးထားသည် | ..... | ၂၀၂ |
| ဈေးနှုန်းကြီးမြင့်ခြင်း | ..... | ၂၀၄ |
| ယဉ်မဆုံးတဲ့ သင်ပုန်း | ..... | ၂၀၅ |
| ရေငုံမောင် | ..... | ၂၀၅ |
| ရောင်းတယ် ဝယ်တယ် | ..... | ၂၀၆ |

ဦးပေါ်ဦးဆိုတဲ့ အသံသုံးသံပါတဲ့ လူနာမည် တစ်ခုကို လူအတော်အသင့်တို့ ကြားဖူးကြပါတယ်။ ဦးပေါ်ဦးဆိုတာ အမတ်ကြီး ဦးပေါ်ဦးလေ ဆိုလိုက်လျှင် သိသူ ကြားဖူးသူ ပိုမိုများပြားလာပြန်ပါတယ်။ ဘိုးတော် ဦးဝိုင်းနဲ့ ဦးပေါ်ဦးပါ ထပ်မံဖြည့်စွက်လိုက်လျှင်တော့ အတန်အသင့် ကြားဖူးသူများ၊ နားစွန်နားဖျား ကြားဖူးသူများ အတော်ကြီး များပြားလာပါ လိမ့်မယ်။

အဲဒီ ဦးပေါ်ဦးက ဘာ ဦးပေါ်ဦးလဲ။

ဘိုးတော်ဘုရင်နဲ့ ပျော်တော်ဝန် ဦးပေါ်ဦးလေ။ ဤလို ဖြေသူရှိမယ်။ ပညာရှိ အမတ်ကြီးလေ။ ဤလို ဖြေသူလည်း ရှိမှာပါပဲ။ ဒါပေမယ့် အများဆုံးပေးမည့် အဖြေကတော့ "ဉာဏ်ကောင်းလွန်းပြီး စကားကို တခ်ကုပွတ္တိဉာဏ်နဲ့ ပြောတတ်တဲ့ ဦးပေါ်ဦးလေ။ စကားမှာတော့ စံပဲ" လို့ ဖြေသူ ပြောသူ များပါလိမ့်မယ်။

မြန်မာ့ရာဇဝင်မှာ ဘိုးတော်ဘုရား အမည်ခံတဲ့ ဘုရင်တစ်ပါး ကုန်းဘောင်ခေတ်မှာ နန်းစံခဲ့တာ အမှန်ပါ။ အဲဒီ မင်းလက်ထက်ကစပြီး နောက်ဘုရင် နှစ်ဆက်အထိ ဦးပေါ်ဦးဆိုတာ ရှိခဲ့





တာလည်း အမှန်ပဲ။ ဒါပေမယ့် လူတွေ ပြောပြောနေတဲ့ ဦးပေါ်ဦး ဆိုတာ တကယ်မရှိဘူး။ တကယ်မဟုတ်ဘူး။ လုပ်ဇာတ်ခင်းထားတာ၊ ယုံတမ်းစကားတွေပဲရယ်လို့ အကြောင်းအကျိုး ခိုင်လုံစွာနဲ့မိတ်ဆက်ပေးမယ့် ဦးပေါ်ဦးကတော့ … "လူပြော သူပြော ဦးပေါ်ဦး" ဖြစ်ပါတယ်။ တစ်နည်းပြောရရင် လုပ်ဇာတ် ဦးပေါ်ဦး၊ ယုံတမ်းစကား ဦးပေါ်ဦး ပါပဲ။

အဲဒီ ဦးပေါ်ဦးဟာ သူသေတဲ့အခါကျတော့ အသုဘ သေတ္တာ (မသာခေါင်း) ရဲ့ ပြင်ဘက်ကို လက်တစ်ဘက်ထုတ်ပြီး သဂြိုလ်စေခဲ့တယ်။ ဒါဟာ "လူပြော သူပြော ဦးပေါ်ဦး" နယ်ပယ်မှာ အလွန်ကြီးကျယ်တဲ့ ကိစ္စကြီး ဖြစ်ပါတယ်။ ဦးပေါ်ဦးကို ပညာရှိကြီးအဖြစ် ထင်မြင်စေသဲ့ အချက်လည်း ဖြစ်ပါတယ်။

"ဘုရင့်အတိုင်ပင်ခံ အမတ်ကြီး။ ခြွေရံသင်းပင်းတွေ ပစ္စည်းဥစ္စာတွေ။ အဆောင်အယောင်တွေ ဘယ်လောက်ပေါပေါ၊ သေတဲ့အခါမှာ ဘာမှ မယူသွားနိုင်ဘူး။ လက်ချည်းပဲ သွားရတာ၊ အဲဒါကြောင့် သေဏကိုပါမယ့် ဒါန၊ သီလ၊ ဘာဝနာများကို ပွားများကြ၊ ဆည်းပူးကြ၊ ကျင့်ကြံကြ၊ အားထုတ်ကြ၊ ဒါမှ သေရာပါမှာလို့ သေရာကတောင် တရားပြသွားတဲ့ ပညာရှိကြီး ပါကလား"

ပြောကြဆိုကြ ဆွေးနွေးကြ ... မှာ အဲဒီလိုလည်း တည့်တည့်ပြောတတ်ကြပါတယ်။ အဲဒီလိုလည်း ဥပမာ ထားလေ့

ရှိကြပါတယ်။ တရားပြရာမှာ သူမဂူတဲ့ ပညာရှိကြီးအဖြစ်နဲ့လေ။

နောက်လူပြောများတဲ့ ဦးပေါ်ဦးနဲ့ ပတ်သက်တဲ့ စကားစဉ် တစ်ရပ်ရှိပါသေးတယ်။ အဲဒါက ဒီလိုပါ။

ဘိုးတော်မင်းတရားအနေနဲ့ မင်းကွန်းဘက်မှာ ဘုရားစေတီ တစ်ဆူတည်ထားတယ်။ သပ္ပါယ်ကြည်ညိုစရာကောင်းတဲ့အပြင် ဗိဿနိုးပညာ ဗိသုကာပညာမှာ ထူးခြားတာတေပါတဲ့အတွက် ထင်ရှားတယ်၊ ကြီးကျယ်တယ်။

အဲဒီဘုရားနဲ့ မနီးမဝေးမှာ အလွန်ကြီးမားတဲ့ ခေါင်းလောင်း ကြီးတစ်လုံးကို သွန်းလုပ်ပြီး တည်ထားလှူဒါန်းပြန်ပါတယ်။ ဒီခေါင်းလောင်းရဲ့ အလေးချိန်နဲ့ ပတ်သက်ပြီးတော့ အငြင်းပွား စရာရှိပါတယ်။ ဒုး၁အုပ်ငယ် ကလေးတွေထဲမှာ (မမင်းဖြူ မှန်မှန် ပြော) လို့ ဖော်ပြတယ်။

အဓိပ္ပါယ်ကတော့ “မင်းကွန်းခေါင်းလောင်းကြီးသည် ပိဿာချိန်ပေါင်း ငါးသိန်းငါးသောင်းငါးထောင့်ငါးရာ ငါးဆယ့် ငါးပိဿာရှိ၏” လို့ ဆိုတာပါပဲ။ စာကြီးပေကြီး ကျမ်းကြီး နိုင်နိုင်မာမာ တွေထဲမှာတော့ မင်းကွန်းခေါင်းလောင်းကြီးရဲ့ အလေးချိန်အနေနဲ့ (မင်းဖြူမှန်မှန်ပြော) ဖြစ်ပါတယ်။ “မ” မပါဘူး။

ထားပါ။ ဒါက စကားစပ်မလို့ အမှတ်လွဲနေသူများ အမှန် သိစေချင်တဲ့ စေတနာနဲ့ တင်ပြတာပါ။



ပြောလိုရင်းက အခြား “ကြီး” တစ်ကြီးပါ။ အဲဒါက ခြသေ့်ကြီး နှစ်ကောင်ပါ။ ဘုရားကြီး ခေါင်းလောင်းကြီး တို့နဲ့ မနီးမဝေး မြစ်ကမ်းနဖူးမှာ တည်ထားတယ်လေ။

တစ်နေ့သော အခါသမယမှာ ဘိုးတော်ဘုရင်အနေနဲ့ နောက်လိုက်နောက်ပါ ခြွေရံသင်းပင်းများနဲ့ မင်းကွန်းဘက်ကို ကြွချီတော်မူလာတယ်။ နောက်ပါမှူးကြီးမတ်ကြီး သေနာပတိ တွေထဲမှာ ဦးပေါ်ဦးလဲ ပါလေရဲ့။

အဲဒါနဲ့ ဘိုးတော်မင်းတရားကြီးဟာ စေတီတော်ကြီးကို ကြည့်ရှုစစ်ဆေး ခေါင်းလောင်းကြီးကို ကြည့်။ အလွန်နှစ်သက် ပီတိဖြစ်နေတယ်။ အဲဒီအခိုက်မှာ ဦးပေါ်ဦးဟာ သူ့နောက်လိုက် များနဲ့အတူ လျှိုပြီးထွက်သွားတယ်။ သွားတဲ့အရပ်က ခြသေ့်ကြီး နှစ်ကောင်ဘက်။ အဲဒါကို ဘိုးတော် မင်းတရားက မြင်ဖြစ် အောင်မြင်တယ်။

“ပေါ်ဦး သွားရင် အကောင်းသွားတာ မဟုတ်ဘူး ငါသွား ချောင်းဦးမှပဲ” ဆိုပြီး ဘုရင်က အသာကလေးလိုက်လာတယ်။ မပါရင်မဖြစ်တဲ့ နောက်လိုက်နောက်ပါ အနည်းအကျဉ်းနဲ့ပေါ့လေ။ ဒါမှလည်း ချောင်းလို့ ဖြစ်မယ် မဟုတ်လား။

ဦးပေါ်ဦးက ခြသေ့်ကြီးနှစ်ကောင်ကို လေ့လာတယ်။ အမြီးဘက်ကကြည့်လိုက်၊ ခေါင်းဘက်[illegible]လိုက်၊ ညာဘက် ဘေးကရပ်ကြည့်လိုက်၊ ဘယ်ဘက်ဘေးက ရပ်ကြည့်လိုက်၊

အဝေးကကြည့်လိုက်၊ အနားကပ်ကြည့်လိုက်။

အမျိုးမျိုး အားရအောင် ကြည့်ပြီးမှ …

"ဟင် … ခြင်္သေ့ကြီးကလည်း …"

"ခြင်္သေ့ကြီးတွေက ဘာဖြစ်လဲ ပေါ်ဦး"

ချောင်းကြည့်နေတဲ့ ဘုရင်မင်းတရားကြီး ဘွားခနဲ ပေါ်လာပြီး ခပ်ထန်ထန်မေးလိုက်တဲ့အခါ …

"မှန်လှပါ၊ ဟိုဘက်ကမ်းကို ခုန်တော့မလိုလိုပါ ဘုရား"

အဲ့ဒီလို ပြန်လျှောက်တယ်။

ဦးပေါ်ဦးရဲ့ စကားချိုပုံ၊ စပုံကိုကြည့်ပါ။ "ဟင်း .. ခြင်္သေ့ကြီးတွေကလည်း" လို့ စထားတယ် မဟုတ်လား။ ဒီလေသံ ဒီစကားလုံးအသုံးမျိုးဟာ ကဲ့ရဲ့ဖို့ ရှုတ်ချဖို့ အစပျိုးတယ် ဆိုတာ လူတိုင်းလောက်နီးပါး သိနိုင်ကောင်းပါရဲ့။

အဒီစကားကို ချက်ချင်းပြောင်းပြီး "မြစ်တစ်ဖက်ကမ်းကို ခုန်တော့မည့်ယောင်ပါဘုရား" မြွက်ပင့် စကားအဖြစ် ချက်ချင်း ပြောင်းပစ်လိုက်တယ်။ အဲဒီလို ပြောင်းတတ်တဲ့ အတွက်ဦးပေါ်ဦးကို စကားအရာမှာ စံထားသင့်သူ တစ်ဦးရယ် လို့ သဘောထားကြတယ်။

ပူပြော သူပြော ပညာရှိ စကားဝိုင်းများတွင်လည်း ဦးပေါ်ဦးတို့ကတော့ စကားအရာမှာ ရှားမှ ရှားပါပဲ၊ ဒီလိုပြောရာက ချက်ချင်း ပုံလိုလုပ်ပစ်နိုင်တဲ့ ပညာရှိကြီးပါပဲ" လို့ အံ့ဩ ချီးမွမ်းကြတယ်။



ဤလို စကားလိုးလွဲမှုအရာ၌ တဟားဟား ရယ်မောကာ ရင်သပ်ရှုမော ပြောဆိုမဆုံးကြသလို စကားသုံးနှုန်းပုံ တော် ကြောင်းကိုလည်း တစ်သောသော ပြောကြ ပြန်သေးတယ်။ အဲဒီ အချက်က ဒီလို။

ဘိုးတော်ဘုရား ထီးနန်းစိုးစံတဲ့ နေပြည်တော်က အမရပူရ၊ အဲဒီရွှေမြို့ကတော်ကို မိုးကာလရဲ့ ဝါဆို ဝါခေါင် တစ်ခုမှာ ဧရာဝတီမြစ်ရေက ခြိမ်းခြောက်လာတယ်။ အနိမ့်ပိုင်း ရေ ရေလွှမ်းတယ်။ ရေက တဆင့်ထက်တစ်ဆင့် မြင့်တက်လာတယ်။ ဆင်းရဲသားတွေနဲ့ မင်းမှုထမ်းတွေမှာ ရေလွတ်ရာအရပ်ကို ရှောင်ကြ တိမ်းကြ ပြေးလွှားကြပေါ့။

အဲဒါကြောင့် ဘိုးတော်မင်းတရားက ပညာရှိ အမတ်ကြီး ဦးပေါ်ဦးကို ရှေ့တော် ခေါ်လိုက်တယ်။

"ဟဲ့ … ပေါ်ဦး၊ ရှေးဘောလောင်းတော် ဘိုးလောင်း တော် များအနေနဲ့ ရေပြင်ကို ကြိမ်နဲ့ရိုက်တဲ့အခါ၊ ဘောဂဝတီ နဂါးပြည်က နဂါးမင်းတွေ လာရောက်ခစားရတယ်။ စီးနေတဲ့ ရေကို ရပ်တန့်သွားအောင် အမိန့်ပေးနိုင်တယ်လို့ ငါကြားဖူး တယ်၊ ဟုတ်လား မောင်မင်း"

"ကေန် အမှန် ဖြစ်ကြောင်းပါဘုရား"

"ငါကိုယ်တော် ရှင်မြတ်သည်လည်း သာသနာတော်ကြီး စည်ပင်ရာ စည်ပင်ကြောင်း ပြုစုရုံမက တိုင်းသူပြည်သား

ဆင်းရဲသား ကျွန်တော်မျိုးများကို ရင်ဝယ်သားကဲ့သို့ မခြား သောကရုဏာတရားနဲ့ အုပ်ချုပ်တယ်။ မင်းကျင့်တရား သင်္ဂဟတရားများနဲ့အညီလည်း အုပ်ချုပ်တယ်။ မောင်မင်း သိသည်မဟုတ်လော''

''အသိဖြစ်ကြောင်းပါဘုရား''

''ငါ၏ သီလ သမာဓိ ဘုန်းတန်ခိုး အာနုဘော်တော်ကြောင့် ဤမြစ်ရေကို ထပ်ပြီး မတိုးအောင် တားမြစ်ရမည် မောင်မင်း၊ ကိုယ်တော်ရှင်မြတ်ရဲ့ ကျေးတော်မျိုး ကျွန်တော်မျိုးတွေ၊ အတိဒုက္ခ ရောက်ရတဲ့အတွက် ဤမြစ်ရေကို ဤကြိမ်ဖြင့် ရိုက်၍ ရာဇဒဏ်ခတ်ချေ''

ဘိုးတော်မင်းတရားက ဦးပေါ်ဦးကို ''ယမထာကြိမ်'' တစ်ချောင်းပေးလိုက်တယ်။ ဦးပေါ်ဦးက အဲဒီကြိမ်ကို ယူသွားပြီး ရေစပ်မှာ ရပ်တယ်။ ဘိုးတော် မင်းတရားကြီး ရာဇဘိသေကခံယူစဉ်က သက်မှတ်ခဲ့တဲ့ ဘွဲ့တံဆိပ်တော်များနဲ့ ထုံးစံရှိတဲ့အတိုင်း ရွတ်ဆိုပြီး ဘုရင့်အမိန့်တော်မှာ အဆုံးသတ်လိုက်တယ်''

ဒ ကျွဲဝါများ ဆင်းရဲ ငြိုငြင်စေရန် ဖန်တီးသောကြောင့် ရာဇဒဏ် းတော်မူမည်၊ ရှေ့ဆက်၍ မတိုးရ၊ အမြန်ဆုံး လျော့နည်းကျဆင်းသွားရမည်''

အဲဒါလိုပြောပြီး ရေပြင်ကို ကြိမ်နဲ့ အချက်ပေါင်းများစွာ ရိုက်ပြီးတဲ့နောက်၊ ရွှေနန်းတော်ကို ပြန်လာခဲ့တယ်။ အမိန့်တော်



ကို ကျေပွန်စွာ ထမ်းဆောင်ပြီးကြောင်း သံတော်ဦး တင်တယ်။

နောက်တစ်နေ့ ညီလာခံ အခစားဝင်ချိန် ...

ဦးပေါ်ဦးဟာ ညီလာခံဝင်ဖို့ အိမ်က ထွက်လာတော့ မြစ်ရေတိုးသလား၊ လျော့သလား စုံစမ်းတယ်၊ မလျော့ဘူး၊ တိုးလာတယ်၊ ဟာ ...ဒုက္ခပဲ။ ဘုရင်မေးရင် ဘယ်လို တင်ရပါ့''

ဘုရင်မင်းမြတ်က ညီလာခံမှာ မေးမြန်း သင့်တာတွေ မေးမြန်း၊ အမိန့်ပေးသင့်တာတွေပေး၊ တင်လျှာတွေ နာခံတော်မူအပြီးမှာ ရုတ်တရက် ကောက်ကာငင်ကာ ...

''ဟဲ့ ... ပေါ်ဦး ဧရာဝတီမြစ်ရေသည်'' တိုင်းနေပြည်သူတို့အား အပူပင်ပန်းအောင် နှိပ်စက်သဖြင့် ရာဇဒဏ်ခတ်ကာ ကိုယ်တော်မြတ် အမိန့်တော်နှင့် တားမြစ်ခိုင်းခဲ့သည်မှာ မည်သို့ ရှိသနည်း မောင်မင်း''

ခက်ချေပြီ။

ဧရာဝတီမြစ်ရေသည် မယုံတိလျော့ဘဲ တိုးလာပါသည်။ အမှန်အတိုင်း လျှောက်တင်ချေက ''အရှင်မင်းကြီးမှာ ဘုန်းတန်ခိုးအာဏာ မရှိပါသောကြောင့် မြစ်ရေက မနာခံပါ။ တိုးလာပါသည်'' ဆိုတဲ့ အဓိပ္ပါယ်ကို သက်ရောက်တော့မည်။ ဒါဆိုလိုရင် ဘုရင်စိတ်ဆိုးမယ်။ သိတယ်မဟုတ်လား။ သက်ဦး ဆံပိုင် ဘုရင်ဆိုတာ စိတ်ဆိုးပြီဆိုရင် အလွန်ကြောက်စရာ ကောင်းတာ။

"ဒီတော့ ဦးပေါ်ဦးမှာ အမှန်ကိုလည်း သက်ရောက်စေ၊ ရာဇဒဏ်ကလည်း လွတ်စေဖို့ လှည့်ပတ် လျှောက်ထားလိုက်ပုံက ဟောဒီလို"

"မှန်လှပါဘုရား၊ ဧရာဝတီမြစ်ရေအား ဘုန်းတော်ကြီးသော အရှင့်အမိန့်တော်ဖြင့် ရာဇဒဏ်ချထားကာ ကြိမ်ဒဏ်ပေးခဲ့ရာတွင် ကြိမ်ဖြင့်ရိုက်သော ဒဏ်ချက်ကြောင့် အရှင့်ဘုန်းတော်ကို မခံနိုင်ဘဲ မြစ်ရေပြင်တစ်ခုလုံး ဖူးဖူးရောင် ထလာကြောင်းပါဘုရား"

လူ့အသားအရေ ဖူးဖူးရောင် မောက်မို့ ထကြွလာတယ်မဟုတ်လား၊ အဲဒီလိုပါပဲ၊ မြစ်ရေ ဖူးဖူးရောင်တယ် ဆိုတာဟာလည်း မောက်ကြွတိုးမြင့်လာတယ်ဆိုတဲ့ အဓိပ္ပါယ် သက်ရောက်တယ်။ ဘိုးတော်ကလည်း စာပေကျမ်းဂန် နှံ့စပ်တဲ့ အလျောက် မြစ်ရေတိုးလာတယ်လို့ နားလည်တယ်လေ။

အဲဒီအချက်ဟာလည်း ပါးစပ်ရာဇဝင်မကျ၊ ပုံပြင်မကတဲ့ စကားဝိုင်းတွေမှာ၊ အင်မတန်ကို ကိုးကားခံရတဲ့ စကားပဲ။

"ဦးပေါ်ဦးတို့များ မြစ်ရေတိုးတာကို တိုးတယ် မလျှောက်ပဲ ဘုန်းတော်ကြောင့် ရေရောင်တယ်တဲ့၊ ပြောမှ ပြောတတ်ပလေ"

ရှိပါသေးတယ်။

ရှေးရှေးမြန်မာဘုရင်များအနေနဲ့ ဆင်ဖြူတော် ပိုင်ဆိုင်ရတာကို ဂုဏ်ယူကြတယ်။ သူတို့ရဲ့ ဘုန်းတန်ခိုးအာဏာကြီးကျယ်တာကို သက်သေခံတယ်လို့ ယူဆကြဟန်တူပါရဲ့။

ဆင်ဖြူကို တန်ဖိုးထားတာဟာ မြန်မာတို့ နည်းတူ ထိုင်း၊ ကမ္ဘောဒီးယား နိုင်ငံသားများလည်း တူညီကြတယ်။ အဲဒါကြောင့် ရာဇဝင်မှာပါတဲ့ မြန်မာဘုရင်တစ်ပါးဟာ ဆင်ဖြူတစ်စီးမှမရဘူး။ အဲဒါအတွက် ဘုရင်မင်းမြတ် အနေနဲ့ ဆင်ဖြူတော်ကို အလွန်အကျူး စောင့်တတယ်။

(တစ်နေ့မှာတော့ ဆင်ဖြူတော် အသေ တစ်ကောင် မြစ်ထဲမှာ မျောပါလာတယ်။ ဆင်ဖြူတော် အသေကို မြစ်ထဲက ဆယ်၊ ညှပ်တွေနဲ့ညှပ်၊ တိုင်ထူပြီး ဆင်ဖြူတော် မတ်တတ်ရပ်နေအောင် သပ်တယ်။ ဘုရင်မင်းမြတ်ဟာ အဲဒီ ဆင်ပေါ်တက်မင်္ဂလာပြုပြီး၊ တစ်စီးရှင်ဘွဲ့ကို ခံယူတယ်လို့ ကြားဖူးတယ်)

ဒါပေမယ့် ဘိုးတော်ဦးဝိုင်းမှာ ဆင်ဖြူတော် မဆင်းရဲပါဘူး။ ဟသံာတဘက်က လာရောက်ဆက်သတဲ့ နိဗ္ဗာန ပစ္စယနာဂ ဆင်ဖြူတော်အပြင် နောက်ထပ်လည်း ဆင်ဖြူတော်များ ရှိပါသေးတယ်။ ရှိပေမယ့် ထူးကဲမြင့်မြတ်တဲ့ ဆင်ဖြူတော်ကိုတော့ နောက်ထပ် ဘယ်နှစ်ကောင်ပဲ ရရ၊ လိုချင်တာ ထုံးစံပါပဲ။

ဆင်ဖြူတော်ကို ဘိုးတော်ဘုရားက လက်ခံဖို့ စေလွှတ်ဆင်ဝန်ဆီကိုတောင် ဆင်မရောက်သေးဘူး။ ဆင်က မြို့ပြင်ဘက် သင့်လျော်ရာအရပ်မှာပဲ စောင့်ဆိုင်းနေရသေးတယ်။ ဘုရင်မင်း

မြတ်က ဦးပေါ်ဦးလို့ အမိန့်ပေးတယ်။

"ဟဲ့ … ပေါ်ဦး သိန္နီအရပ်က ဆက်သလာတဲ့ ဆင်ဖြူတော်ဟာ ဆင်ဖြူတော်ရဲ့ ကြွန်အင်လက္ခဏာနဲ့ ဘယ်လောက်ညီညွတ်သလဲ၊ သွားကြည့်ချေစမ်း မောင်မင်း"

အမှန်က ဘုရင်မင်းမြတ်ကသာ ဦးပေါ်ဦးကို တာဝန်ပေးပေမယ့် အဲဒီဆင်ကို ကြည့်ပြီး မြင်ပြီးတဲ့ အမတ်တွေ၊ ဝန်ကြီးတွေက "ခက်တာပဲ၊ ဆင်ဖြူမဟုတ်တာကို ဆင်ဖြူဆိုပြီး လာဆက်တာ၊ မင်းတရားကြီးသာ သိရင် ဒုက္ခတွေ့တော့မှာပဲ" လို့ တီးတိုးပြောနေကြပြီ။ တီးတိုးပြောရတာကတော့ ကျယ်ကျယ်မပြောဝံ့လို့ပါ။

ကျယ်ကျယ်မပြောဝံ့တာကတော့ "ဘုရင့်ဘဏ္ဍာတော်ကို အကျိုးပျက်စီးရာ ပျက်စီးကြောင်းပြောနေပါတယ်" တစ်ယောက်ယောက်က သွားတွန်းလိုက်ရင် အရာလည်း ကျနိုင်တယ်။ ငှက်တောခွေးတောလည်း အကျဉ်းနဲ့ အပို့ခံရနိုင်တယ်။ ရာဇဝတ်သားကောင် ဖြစ်သွားနိုင်သေးတာကလား။

တစ်ခါ ဆင်ဖြူတော်ဆိုရာမှာလည်း ငွေတောင်ကြီးလို ဆွတ်ဆွတ်ဖြူနေမှ ဆင်ဖြူတော်မဟုတ်ဘူး။ ဆင်ရဲ့ ကြွန့်အင်လက္ခဏာတတ်တဲ့ လူများရဲ့ သတ်မှတ်ချက်မှာ ဆင်ဟာ အရေညို မည်းနေပေမယ့် နှာမောင်းက ဘယ်လို၊ နားရွက်၊ မျက်လုံးက ဘယ့်နှယ်၊ ခံတွင်းနဲ့ အစွယ်က ဘယ်သို့ရှိနေရင် ဆင်ဖြူတော် အရာ ဝင်တယ်ဆိုတာ ရှိနေလေရဲ့။



ဦးပေါ်ဦး သွားကြည့်တဲ့ ဆင်ဖြူတော်ကြီးကတော့ ပကတိ အမည်းကြီးပဲ။ ဆင်ဖြူတော်ရဲ့ ကြွန်အင်လက္ခဏာနည်းနည်းမှ မပါဘူး။ ဦးပေါ်ဦးဟာ ခေါင်းတညိတ်ညိတ်နဲ့ လှည့်ပတ်ကြည့်ရှုပြီး ရွှေမြို့တော်ကို ပြန်လာခဲ့တယ်။

နောက်တစ်နေ့မှာ ဘိုးတော် ဘုရင်က မေးပြီလေ။ "ဟဲ့.. ပေါ်ဦး သိန္နီအရပ်မှ ဆက်သလာသော ဆင်ဖြူတော့ကို သွားရောက် ကြည့်ရှုပြီးပြီလော"

"ဘုရားကျွန် ဝန်ပေါ်ဦး သွားရောက် ကြည့်ရှုခဲ့ပြီး ကြောင်းပါဘုရား"

"သို့ဖြစ်က အကြောင်းစုံကို မချန်မခြွင်း ထင်လင်းစွာ တင်စေ မောင်မင်း"

"မှန်လှပါ၊ ဘုန်းတော်ကြောင့် သိန္နီအရပ်မှ ဆက်သသော ဆင်ဖြူတော်မှာ ဒီနေရာမှာ ဆင်အမျိုးအစားတွေ ဥပေါသထ မတင်္ဂ အစရှိသည်ဖြင့် ပေါ့လေ။ အဲဒါတွေ ထည့်သွင်း လျှောက်တင်တယ်) … အမျိုးအစား ဆင်ဖြစ်သည့်အတွက် လာမည့် အနှစ် ၆၀) တွင် ပကတိ ဆွတ်ဆွတ်ဖြူသည့် ဆင်ဖြူတော် ဖြစ်လာပါလိမ့်မယ်ဘုရား"

ဘိုးတော်မင်းတရား သဘောကျသွားတယ်၊ ဆင်ဝန်က အခမ်းအနားနဲ့ လက်ခံယူပြီးမင်္ဂလာ ဆင်တင်းကုပ်မှာ ထားဖို့၊ လာရောက်ဆက်သသူတွေကိုလည်း ဆုလာဘ်များ ပေးဖို့ အမိန့် ရှိတယ်။

အဲဒါနဲ့ ဘုရင့်ရှေ့တော်က ထွက်လာကြတဲ့အခါမှာ အဲဒီဆင်အကြောင်းကို ရေရေလည်လည် သိတဲ့ အမတ်တွေ ဒီလို ပြောကြတယ်။

"အမတ်ကြီး ဦးပေါ်ဦးရယ် ဆင်မည်းကြီးမှန်း သိသာထင်ရှားလျက်နဲ့ ဘောက်မဲ့ကြောင့် ဤသို့ သံတော်ဦးတင်ရသနည်း။ နှစ် (၆၀) အကြာတွင် မဖြူချေက မခက်လော"

"ဝန်မင်းတို့နှယ်၊ နောင်အနှစ် ၆၀ ကြာမှတော့ ဤဘုရင်ရော ကျွန်ုပ်ရော ရှိပါဦးမည်လော၊ လာရောက်ဆက်သသူများ ဆုလာဘ်ရစေရန် ရည်သန် တင်လျှောက်ရခြင်း၊ ဆင်မည်းကို လိမ်လည် ဆက်သရာသလော၊ အမျက်ထွက်ခြင်းမှ ချမ်းသာစေရန်တို့ကြောင့် ဖြစ်ပေသည်ဗျား"

ဒီအကြောင်းမှာလည်း ပါးစပ်ရာဇဝင် စကားဝိုင်းတွေမှာ ပြောလေ့ပြောထရှိကြတဲ့စကား၊ တဟားဟားနဲ့ ပြောစမှတ် ပြုကြတဲ့စကားပါပဲ။

ကျန်ပါသေးတယ်။

အဲဒါက သကြန်မြန်မြန်ကျပစ်ပြီး စောစောနှစ်ကူးတဲ့ ကိစ္စ။

ဘုရင်များအနေနဲ့ ဗေဒင်လက္ခဏာနဲ့ ယာယီယတြာကို လည်း အတော်ယုံကြည်ကြတယ်။ ဘိုးတော်မင်းတရား အသက် လေးဆယ်တွင် အရောက်မှာ ထုံးစံအတိုင်း ဇာတာစစ်ဆေးတယ်။ ဗေဒင်ပညာရှိတွေက "ရောက်ရှိဆဲ အသက်လေးဆယ် ကာလ အတွင်းတွင် အရှင်မင်းကြီး၌ ဥပဒ်အန္တရာယ်များ ကျရောက်နိုင်



ကြောင်း" ဆိုပြီး အဟောထွက်ကြပါလေရော။

ဘိုးတော်မင်းတရားက စဉ်းစားတယ်လေ။

အသက်ဆိုတာဘာလဲ၊ သက္ကရာဇ်ပဲ၊ သက္ကရာဇ် တစ်ခုတိုးရင် အသက်တစ်နှစ်ကြီးတယ်၊ အန္တရာယ်ရှိတဲ့ လေးဆယ်ထဲက မြန်မြန်လွတ်အောင် ဘာလုပ်မည်လဲ၊ သက္ကရာဇ် အရေအတွက်ကို တစ်ခုတိုးရုံပေါ့၊ အဲဒီလို စဉ်းစားမိတဲ့ ဘိုးတော် ဦးဝိုင်းက ဦးပေါ်ဦးကို တိုင်ပင်တယ်။

"ပေါ်ဦး ငါကိုယ်တော် အရှင်မြတ်အား အသက်လေးဆယ်အတွင်း၌ အန္တရာယ်ရှိသည်ဟု ပုဏ္ဏားတော်များ အဟောထွက်ချေသည်။ အသက် (၄၁) နှစ်အတွင်းသို့ လျင်မြန်စွာ ရောက်စေရန် သကြန်ကျရလျှင် မကောင်းပေဘူးလား"

(သက္ကရာဇ် ဖြိုတာနဲ့ သကြန်ကျတာ မတူပါ။ ဆိုပါတော့ ၁၃၄၈ ခုနှစ်၊ အဲဒီသက္ကရာဇ်ဟာ ရေတွက်ရတာ များနေတယ်။ မှတ်သားရတာ ခက်နေတယ်။ အဲဒီအတွက် အမှတ်ရလွယ်အောင် သက္ကရာဇ်ဖြိုတယ်။ ဖြိုတဲ့ သက္ကရာဇ် အသစ်ကို ၂ကစ ချင်လည်းစမယ်။ ၃က စချင်လည်းစမယ်။ သကြန်ကျတယ်ဆို တာက နှစ်ကူးတာပဲ၊ သက္ကရာဇ်ဖြိုတာနဲ့ သကြန်ကျတာ တူလည်း မတူ၊ ဆိုင်လည်းမဆိုင်ပါဘူး ဒါစကားချပ်ပါ)

ဘိုးတော်မင်းတရားက သကြန်ကျချိန် မရောက်သေးဘဲ သကြန်အတင်းကျ၊ နှစ်သစ်ကို အတင်းကူးရှင်ကြောင်းအမိန့်

ရှိတဲ့အတွက် …

"မှန်လှပါ သကြံန်ကျပြီး သင်္ကြန်အသစ် သုတ်မှတ်ခေါ်တွင်သည်ကို လူသားဖြစ်သော တိုင်းသူ ပြည်သားများက အရှင့်ဘုန်းတော်ကြောင့်၊ လိုက်နာ နာခံကြမည်မှာ ယုံမှားဖွယ် မရှိပါဘုရား၊ သို့ရာတွင် မလိုက်နာမည့်သူများ ရှိကြောင်းပါဘုရား" လို့ ဦးပေါ်ဦးက ပြန်လည်တင်လျှောက်တယ်။

"ဟဲ့ … ငါ့အမိန့်တော်ကို ဖီဆန်သွေလှန်သူများမှာ မည်သူတွေနည်း"

"မှန်လှပါ၊ ဘုန်းတော်ကြောင့် သစ်ပင်နှင့် ခွေးသတ္တဝါများပါဘုရား"

"မည်ကဲ့သို့နည်း ပေါ်ဦးရဲ့"

"မှန်လှပါ၊ ဘုန်းတော်ကြောင့် တန်ခူးလတွင် သီးရပွင့်ရမည့် သစ်ပင်များမှာ တန်ခူးလ ရောက်နေသည်။ နှစ်သစ်ကူးနေသည် ဆိုကာမျှနှင့် မသီးမပွင့်ပါဘုရား၊ အမှန်တန်ခူးလရာသီသို့ ရောက်မှသာ သီးပွင့်မည် ဖြစ်ပါသောကြောင့် သစ်ပင်များအနေနဲ့ နာခံဖွယ် မရှိကြောင်း သံတော်ဦးတင်ပါသည်ဘုရား"

ဒီစကားဟာလည်း ပါးစပ်ရာဇဝင် စကားဝိုင်းများမှာ ပြောစမှတ်ပြုရတဲ့ စကားတရပ်ပါပဲ၊ နောက်ဆုံးတစ်ခု တင်ပြချင်သေးတာကတော့ ခရမ်းသီးပြဿနာ။

တစ်နေ့သောအခါမှာ ဘိုးတော်ဘုရားက အမတ်ကြီး ဦးပေါ်ဦးရှေ့မှာ ညည်းညူတော်မူပါတယ်။



"ပေါ်ဦးရယ် … ငါကလည်း ခရမ်းသီးဟင်းကို အလွန်နှစ်သက်ခံတွင်းတွေ့တော်မူတယ်။ သမားတော်ကြီးများကလည်း ခရမ်းသီးဟင်းနှင့် မသင့်ဟု လျှောက်ထားကြမည်သို့လုပ်ရပ့်"

ဦးပေါ်ဦးက လက်နှစ်ဖက်ကို ထိပ်မှာမိုးပြီး ရှိခိုးသံတော်ဦးတင်တာပေါ့။

"မှန်လှပါဘုရား၊ ဘုန်းတော်ကြောင့် ခရမ်းသီးဟင်းသည် နှုတ်ကိုမြိန်စေပါသည်ဘုရား၊ အစာကို ကြေစေပါသည်ဘုရား၊ အရေအသား ကြည်လင်စေပါသည်ဘုရား။ လူနှင့် အလွန်သင့်သဖြင့် သုံးဆောင်တော်မူရန် သင့်ကြောင်းပါဘုရား"

"ဦးပေါ်ဦး လျှောက်တင်တဲ့အတွက် ဘိုးတော်ဘုရားအနေနဲ့ ခရမ်းသီးဟင်းနဲ့ ပွဲတော်တည်တယ်။ ညကျတော့ ချောင်းဆိုးပြီးကောင်းကောင်း စက်တော်မခေါ်ရဘူး၊ နံနက်မှာ ဦးပေါ်ဦးက အခစားဝင်လာတဲ့အခါ ဘိုးတော် ဦးဝိုင်းက အပြစ်တင်တော့တာပေါ့"

"ပေါ်ဦးရယ်၊ ခရမ်းသီးဟင်းနှင့် ပွဲတော်တည်မိသဖြင့် တစ်ညလုံးချောင်းချည်းဆိုးနေရချေသည်။ မကောင်းချေဘူး"

"မှန်လှပါဘုရား၊ ခရမ်းသီးဟင်းမှာ မကောင်းပါဘူးဘုရား၊ သူ့ကိုစားရင် ချောင်းဆိုးပါသည်။ လေပွ …"

"သယ် … နင်ပဲ ယမန်နေ့က ခရမ်းသီးသည် လူနှင့်တည့်၏။ စားသာစားပါတင်ပြီး၊ ယခုမူ တစ်မျိုး တင်ပြန်ချေပြီ"

"မှန်လှပါ၊ ဘုန်းတော်ကြောင့် အရှင်မင်းတရားကြီး ခရမ်းသီးဟင်းကို အလွန်တရာချဉ်ပြင်းတပ်နေကြောင်း သိရသဖြင့် အရှင့်အလိုကျ တင်ရခြင်းပါဘုရား၊ ဝန်ပေါ်ဦးသည် ခရမ်းသီးကျွန်မဟုတ်၊ အရှင့်ကျွန်ဖြစ်ပါသည်ဘုရား"

ဒီစကားဟာလည်း ပြောစမှတ်တွင်တဲ့ စကားပါပဲ၊ ပါးစပ်ရာဇဝင် ဆရာတို့ရဲ့ စကားတဟ်ပုံ စကားဝိုင်းများမှ ဦးပေါ်ဦးရဲ့ ခရမ်းသီးပုံပြင်ကြီးကို ကိုးကားပြီး ဘသောသော ရယ်ကြစမြဲပါ။

အဲဒါကြောင့် ဦးပေါ်ဦးဆိုရင် စကားကို ကွေ့ဝိုက်ပြောတတ်သူ၊ အဆင်ပြေအောင် ပြောတတ်သူ၊ စကားတဘက်သူ အဖြစ် သဘောထားကြပါတယ်။ သာမန်အားဖြင့်တော့ ဦးပေါ်ဦး အနေနဲ့ စကားအရာမှာ စနဲ့ချင်ရာကစမ်း၊ တစ်ဖက်ကမ်းခတ်ရုံသာ မဟုတ်၊ ပညာရှင်ကြီးလည်း ဖြစ်တယ် လို့ မှတ်ယူကြပါတယ်။

ဒီလို သတ်မှတ်ခံရတဲ့ ဦးပေါ်ဦးကို လှတောသားနဲ့ တွဲဖက်လိုက်တာဟာ အကြောင်းရှိပါတယ်။

လှတောသားရဲ့ "စကား" စာအုပ်တွေ ထွက်ခဲ့ပြီ.ပြီ မဟုတ်လား၊ ဒီစာအုပ်တွေကို တစ်အုပ်မဟုတ် တစ်အုပ် ဖတ်ဖူးကြမှာပါ။ ဖတ်ဖူးတဲ့ လူတိုင်းအနေနဲ့ လှတောသားကို သဘောကျကြမှာမုချ။

ဘာ့ကြောင့် လှတောသားကို သဘောကျရမှာလဲ။ လှတောသားဟာ စကားတတ်တဲ့ ဇီဖပါတဲ့အတွက်ဖြစ်တယ်။ ဒါတွင်လား မဟုတ်သေးပါဘူး၊ ဗဟုသုတလည်း စုံတယ်။ ကြည့်တတ်မြင်တတ်တဲ့ အမြင်ရှုးရှုလည်း ထက်သန်တယ်။ အဲဒါတွေ… အဲဒါတွေ စုပေါင်းထားတဲ့အတွက် လှတောသားစကားဟာ ပြောစမှတ်ပြုလောက်အောင် စံထားလောက်အောင် ကောင်းမွန်ရခြင်းပါပဲ။



အဲဒီလို စံထားရတဲ့ လှတောသားကို စကားသမားပဲ ဖြစ်တဲ့ ဦးပေါ်ဦးနဲ့ တွဲလိုက်တာ သဘာဝကျတယ် ထင်မိပါတယ်။

အဲဒီလှတောသားနည်းတူ လှပတဲ့ စကားတွေကိုလည်း လိုက်လံ ကောက်သင်းကောက်ထားပါတယ်။ လှတောသားလောက်တော့ အများကြီး မထွက်ဘူးပေါ့လေ။ နည်းနည်းပါးပါး မြည်းစမ်းကြည့်ဖို့ပါ။

ကောက်သင်းကောက်ပြီး အဲ့ဒီလို ပွဲထုတ်တဲ့ အရပ်တွေကိုလည်း ဦးပေါ်ဦးအမည်နဲ့ တွဲထားပြန်ပါတယ်။ ဦးပေါ်ဦးနဲ့ စကားပြိုင်ပြောရင် နိုင်ကောင်းနိုင်နိုင်မယ့် ရပ်တွေရွာတွေ ပါပါတယ်။ သို့သော်လည်း ယေဘုယျ လက္ခဏာ မှာတော့ ဦးပေါ်ဦး ကိုပဲ စကားတတ်အဖြစ် ပြောပြော နေကြတယ် မဟုတ်လား။

ယခုစကားတတ်စကားလှစကားကြွယ် စကားပြောင်ထွက်ရာ အရပ်များကို ဦးပေါ်ဦးနဲ့ တွဲပေးရာမှာ တတ်စွမ်း သလောက် စကားဒသစ် စကားဆန်းများ ရှာဖွေတင်ဆက်ထားပါတယ်။

စကားအရာအင်္ဂါအဖြာဖြာနဲ့ ပြည့်စုံကြပါစေ၊ ရွှင်မြူးချမ်းမြေ့ကြပါစေ။

ဦးလှအောင် (၁၆.၂.၉၁)

၂၈

# ကျီးသဲက ဦးပေါဦး



## ကျီးသဲကဦးပေါဦး

ကျီးသဲဆိုတာ ပြည်ရွှေတောင်ဘက်က ကျီးသဲမဟုတ်ပါဘူး။ ကျီးသဲလေးထပ် ဆရာတော်ရဲ့ ကျီးသဲ မဟုတ်ပါဘူး။ အများသိပြီးဖြစ်တဲ့ ဝက်လက်မြို့နယ် လှတောရွာ နားကကျီးသဲပါ။

လှတောရွာနဲ့ ကျီးသဲက ရေအိုးနဲ့ရေမှုတ်၊ ရေမှုတ်ရိုးနဲ့ ရေမှုတ်ခွဲမရသလို ဆက်စပ်နေတယ်၊ စရိုက်သဘာဝ ရေမြေနဲ့ ပတ်ဝန်းကျင်ကလည်း အတော်တူတယ်။ ဒါ့အပြင် လူတွေရော နေသေးတယ်။

ကျီးသဲကလူ လှတောရောက်၊ လှတောသားက ကျီးသဲရောက်နဲ့ ကူးလူးနေကြတဲ့ အတွက် ကျီးသဲသား တစ်ချို့တလေရဲ့ စကားဟာ လှတောသံထွက်နေတာ လေ့လာတွေ့ရှိရပါတယ်။ ရေမြေနီးစပ် ခင်မင်ရင်းနှီးမှု အားကြီးရာက ကူးစက်သွားတာလည်း ဖြစ်ကောင်း ဖြစ်ပါလိမ့်မယ်။

ဘယ်လိုပဲ ဖြစ်ဖြစ်ပေါ့လေ၊ ကျီးသဲသားစကားများကို မြူးရွှင်တဲ့စိတ်နဲ့ ရှုစားစမ်းပါဦး။

❊ ❊ ❊

## ကလေးများ တကယ်...တကယ်

ကလေးများက မူးတူးမြောင်းထဲ ဆင်းဆင်းပြီး ရေချိုးကြရင်း ရေငုတ်ပြိုင်လေ့ ရှိကြတယ်။ ရေထဲငုတ်လိုက် ပေါ်လိုက်နဲ့ ပျော်စရာကြီး၊ မေးစေ့မှာ နှံ့တွေ ပေနေတာကလေးတိုင်းပဲ၊ ဒါပေမယ့် ကိုယ့်မေးကို ကိုယ်မမြင်ဘဲ သူ့မေးက ရွံ့ကိုသာမြင်ပြီး၊ လက်ညှိုးတထိုးထိုးနဲ့ သရော်ကြလေရဲ့။

ယနေ့လည်း ကလေးတစ်စု ရေချိုးရင်း ရေငုတ်ပြိုင်ကြတယ်။ ဘယ်သူကကြာကြာငုပ်နိုင်သလဲ ဆိုတာကို တိုင်းတာကြတယ်၊ တိုင်းတာမှုပြုတဲ့ အရာက နာရီ မဟုတ်ပါဘူး။ ကကြီးခကွေးကို ပါးစပ်က မနားဘဲမဆိုင်းဘဲ ရွတ်တယ်လေ။ တစ်ခေါက်ဆုံးရင် နောက်တစ်ခေါက်။

ခေါက်ရေများများ တစ်ဆက်တည်း ငုပ်နိုင်သူဟာ အကြာဆုံးငုပ်နိုင်သူပေါ့၊ ဒါလိုရေငုပ်ပြိုင်လိုက်၊ စစ်တိုက်တမ်းကစားလိုက်၊ ရေကူးပြိုင်လိုက် လုပ်နေကြတုန်းမှာ ဦးကြီးတစ်ယောက် နွားတစ်ရှဉ်း ဆွဲလာပြီး မူးကိုဖြတ်တယ်လေ၊ နွားတစ်ကောင်ကို ရှေ့ကထား တစ်ကောင်ကို နောက်ကထားပြီး ဆွဲလို့။

ပထမနွားကို နောက်ကနေ မောင်းချတော့ ချောမောစွာပဲ ရေထဲဆင်းပါရဲ့၊ နောက်နွားကျတော့ ရေကြောက်တယ်ထင်ပါရဲ့၊ ကတ်တတ်တတ် လုပ်နေတဲ့အတွက် ဆဲဆိုပြီး အတင်းဆွဲချတယ်၊

ဆွဲဖန်များလို့ ရေထဲဆင်းရပေမယ့်၊ အေးအေးသက်သာ မဆင်းဘူး၊ ဝုန်းခနဲ ခုန်ချတဲ့အတွက် ရှေ့ကဆွဲတဲ့လူပေါ်ကို နွားကြီးကျသွားတယ်၊ နွားရောလူရောမြုပ်သွားတယ်၊ နွားကပေါ်လာတယ်၊လူကအတော်ကြီးကြာမှ ပေါ်လာပြီး ဆဲလိုက်ပုံကတော့

"အမဲသားဖြစ်မယ့်နွား၊ လူကိုလက်နဲ့နင်းထားလိုက်တာ ငါးခြောက်ပြားဖြစ်ကရော မှတ်တာ၊ နင်းထားလိုက်ပုံများ အနှိပ်သည်အပူထုတ်ပေးနေသလားမှတ်ရ"

ဒါလို ဆဲသံကြားရတဲ့ ကလေးတွေက အားရပါးရ ရယ်ကြတယ်၊ ရယ်နေရင်းက ကလေးတစ်ယောက်က ပြောလိုက်ပြန်တယ်၊

"ဦးကြီးက ရေငုပ်သိပ်တော်တာပဲ၊ နော်တို့ကကြီးခခွေး ရေတာ သုံးခေါက်တောင်ရတယ်ဗျာ"

၊ပြီး

ဦးကြီး နှာခေါင်းတိုသွားပြီး ဆဲလိုက်ပုံက…

"နင့် အမေလင် ကကြီးခခွေး သုံးခေါက်ရနေ၊ သောက်ကမြင်းထပြီး ရေငုပ်တာမဟုတ်ဘူး၊ နွားနှင်းလို့ ရေနှစ်နေတာ၊ ကံကောင်းလို့ အိမ်ကမိန်းမ မုဆိုးမ မဖြစ်တယ်၊ လူ့ကို နွားခြေခွက်ထဲက ဖားကို ဆင်နင်းသလား မှတ်ရ။

သူတို့ကို တည့်တည့်ဆဲလိုက်တဲ့ အခါမှာတော့ မူးရေမျော်လှူငယ်တစ်စုဟာ တဟားဟားနဲ့ ရယ်လိုက်တာ ကျွက်ကျွက်ညံပါလေရော။

❋ ❋ ❋

## ကျမရော လှသကွာ

ရွာလယ်ရှိ နတ်ဝင်သည်ယောင်ယောင်၊ မှော်ခိုသမားယောင်ယောင် လူ၏အိမ်ကို ဧည့်သည်ရောက်လာတယ်။ လူနေတဲ့ရပ်ရွာပဲ ဧည့်သည်လာတာဆန်းသလား၊ ဒါပေမယ့် ဆန်းနေပါတယ်။ ဘာကြောင့်လဲဆိုတော့ လူအခင်အတွက်များနေတာကလား။ အဲဒါနဲ့ ရွာသားကြီးတချို့က လက္ခဏာမေးသလိုလိုနဲ့ သွားရောက်လေ့လာကြတယ်။ အိမ်ရှင်ကဧည့်ဝတ်ပြုတယ်။

အိမ်ရှင်နဲ့စကားစမြည်ပြော၊ ရေနွေးကြမ်းသောက် ဆေးလိပ်သောက်ရင်းနဲ့ ကျကျနနလေ့လာပြီး ကျေနပ်မှုထပြန်လာကြတယ်။ သူတို့ပြန်အလာကို စောင့်နေသူများက သူတို့ကိုဆီးပြီး "ဘယ်လိုလဲ၊ ဘာငဲ" သတင်းမေးကြဟာယ်။

ပထမလူက…

"လက္ခဏာဆရာဆိုတာတော့ အမှန်ပဲဟော့၊ လက္ခဏာကြည့်နေပုံများ ပုဏ္ဏားကျောက်ကြည့်နေသလားမှတ်ရ"

ဒုတိယလူက…

"မှန်မမှန်တော့မသိဘူး၊ မိန်းမတွေအုံနေလိုက်ပုံများ ထန်းလျက်ကို ပုရွက်ဆိတ်တက်နေသလားမှတ်ရ"

အဲဒီအခါမှာ သတင်းမေးသူတစ်ယောက်က စိတ်မရှည်စွာနဲ့ "လူပုံပန်းကိုမေးတာကွ" လို့ ငေါက်တဲ့အတွက် တတိယလူက ပြည့်စုံအောင်ရှင်းပြတယ်။

"မိန်းမတွေ အုံတာလဲ မပြောနဲ့ကွ၊ (အပြောက ချွဲချွဲနွဲ့နွဲ့နဲ့ ရုပ်ရှင်မင်းသား ကျော်ဟိန်း ကျနေတာကလား) အပြောကျတော့မှ မြတ်လေး၊ ဟန်အမူအရာ နန်းဝင်း၊ အလိုလေး ကိုယ်မယား၊ ကိုယ့်သမီးတွေကို သေတ္တာထဲထည့် သော့ခတ်ထားကြမောင်တို့"

စုံစမ်းရာက ပြန်လာသူတွေရော၊ စောင့်ဆိုင်းနေသူတွေပါ တတိယလူရဲ့ စကားအဆုံးမှာ အုန်းခနဲ ရယ်မိကြလေရဲ့။

လယ်သမားတစ်စု မှူးထဲမှရေကို လယ်ထဲသွင်းယူနေကြတယ်။ အချိန်ကညဉ့်ဦး၊ ညီအစ်ကို မသိတသိ အချိန်ပေါ့။ မြင်မြင်ထင်ထင် မှာ ရေမသွင်းကြတာက ရေခိုးတာ လူမြင်မှာစိုးလို့။ ရေခိုးရတာကတော့ အလှည့်ကျအောင် မစောင့်နိုင်တဲ့အတွက်ပါပဲ။

ခိုးတယ်ဆိုမှတော့ တထိတ်ထိတ်၊ တလန့်လန့် ရှိရပြီ။ ကျီးလန့်စာစားနဲ့ ဟိုကြည့်ဒီကြည့် ကြည့်ရပြီလေ။

သူတို့ ထိတ်လန့်စိုးရွံ့တာနဲ့ လျှော်ညီစွာပါပဲ၊ လက်နှိပ်မီးရောင်တွေ လက်ခနဲ၊ လက်ခနဲ ပေါ်လာတယ်။ မှူးတူးမြောင်းကို စစ်ဆေးတဲ့ လူတွေများလားလို့ နားစွင့်ရပြီ။ ဟော အသံကြားပြီ။

ဒီလူတွေ ဒီလယ်သမားတွေဆိုတာ မျက်နှာကိုမြင်မှမဟုတ်ဘူး။ လူရိပ်မြင်ရုံနဲ့ ဘယ်သူဆိုတာ သိတဲ့အကွက် ကပျာကလျာရေတွေပိတ်တယ်။ ခုတ်ရုံနဲ့မပြီးသေးဘူး ပိတ်ပြီးစနေရာနားမှာ လူကိုတွေ့ရင် မသင်္ကာဖြစ်တော့မယ်။

မိရင်လည်း မသက်သာလှဘူး၊ အဲဒါကြောင့် ဖနောင့်နဲ့တင်ပါးတစ်သားတည်းကျအောင် ပြေးခဲ့ကြတယ်။ ပြေးတုန်းကတော့ ကြောက်လန့်တကြားပေမယ့် ရွာနားလည်းရောက်ရော သူကပြေးတယ်။ ငါကပြေးတယ်။ သူကကြောက်တယ်၊ ငါကကြောက်တယ်နဲ့ ဖြစ်ကုန်လေရဲ့။



"ထူးမောင်ပြေးလိုက်တာများ ခြေထောက်မှာ တောင်ပံပါသလားမှတ်ရ"

"အလိုလေး။ မင်းကများပြောရသေးလား၊ မင်းပြေးတာကမှ ပုဏ္ဏကရဲ့မြင်းကို တစ္ဆေခြောက်သလား အောက်မေ့ရတယ်"

တစ်ယောက်နဲ့တစ်ယောက် လက်ညှိုးထိုးပြီး ပြောလိုက်ရယ်မောလိုက်လုပ်ရာက ရှေ့ဆုံးမှာ ရောက်နေသူရဲ့ အတင်းကို ပြောပြန်တယ်။

"ဟိုကောင်များ ကြောက်လွန်းလို့ ဝဲနေလိုက်တဲ့ ကြက်သီးတွေကွာ၊ လက်ပံပင်ပျိုမှာ ထွက်နေတဲ့လက်ပံဆူးတွေနဲ့ နင်လား ငါလားပဲ"

အားရပါးရ ပြောပြီး အားရပါးရ ရယ်လိုက်ရာက မောပန်းစွာနဲ့ လမ်းဘေးမှာ ထိုင်ချလိုက်ကြပါတော့တယ်။

❋ ❋ ❋

### ကြက်သွန်ဖြူဗေဒင်

ဂျပန်ခေတ်က အဖြစ်အပျက်တစ်ခုကို ဦးအံမောင် ပြန်ပြောပြတာကဒီလိုပါ။ မြန်မာနိုင်ငံထဲကို ဂျပန်စစ်တပ်တွေကဝင်ရောက်လာတဲ့ ဒုတိယ ကမ္ဘာစစ် ကာလတုန်းက ဆေးဝါးကမရှိ၊ ရောဂါကအပြည့်ရှိရတဲ့အထဲ လူတွေမှာ ချွေးတပ်ဆွဲခံရတယ်။

ချွေးတပ်မှာလည်း သေမင်းတမန် သံဖြူဇရပ်လမ်းတို့၊

အမ်းလမ်းတို့က ငရဲစုံပဲ။ အများအားဖြင့် အိမ်ပြန်ရောက်သူ နည်းပါးတယ်။ အဲဒါအပြင် လေယာဉ်ပျံကွင်းဖောက်ဖို့ လေယာဉ်ပျံတို့ မီးရထားတို့ ပုန်းဖို့ ခံကတုတ်ဆောက်ပေးရတဲ့ လှျပ်တစ်ပြွတ် ချွေးတပ်ဆိုတာလည်း ရှိလေသေးရဲ့။

တစ်နေ့မှာကျီးသဲရွာထဲကို ဂျပန်စစ်သားတွေ ဝင်လာပြီး၊ တွေ့သမျှလူတွေကို ကားပေါ်မောင်းတင်တယ်။ အဲဒီမှာ ဦးအုံမောင်ရဲ့ သူငယ်ချင်းက ကားပေါ်တက်ရင်းရှုံ့မဲ့ပြီးအော်တယ်။

"အမယ်လေး မှန်လိုက်တဲ့ဗေဒင် ဆရာရေ။ **အမြင့်တက်ရကိန်း** မြင်တယ်ဆိုတာ လက်စသတ်တော့ ရှင်ဆို့**လောက်မြင့်တဲ့** ချွေးတပ်ကားပေါ် တက်ရတာပါလား"

စိတ်ညစ်တဲ့ကြားထဲက ရယ်မောလိုက်ကြတာ **တဟားဟား**ပါပဲ"

"အဲဒါနဲ့ အခကြေးငွေ တစ်ပြားမှမရဘဲ အလုပ်လုပ်ပေးရမယ့်နေရာကိုရောက်တော့ မြေဖို့ပေးကြရတယ်။ပိုက်ဆံမပေးရုံသာမက ဆက်ဆံရေးညင်သာတယ်လေ။ထစ်ကနဲရှိပါးရိုက်။ မပြီးမချင်း နားနေခွင့်လည်း မရကြဘူး။

ဒါပေမယ့် **ကားနဲ့ပြန်ပို့ပေးတဲ့အတွက်** တော်ပါသေးရဲ့။ ဒါပေမယ့် **ဦးအုံမောင်ရဲ့သူငယ်ချင်းကတော့** ဆဲမြဲပါပဲ။



"အေပေးဗေဒင်ဆရာရေ၊ အမြင့်တက်ရကိန်းမြင်တယ်ဆိုတဲ့ **နင့်ဟောကိန်း**မှန်လိုက်ပုံများ တာပေါ်ကိုတက်ပြီး မြေဖို့လိုက်ရတာ **ဒူးဆစ်က** ချောင်လာ။ ကြာတော့ ဒူးဆစ်အရိုးချင်းပွတ်ပြီး ကြက်သွန်ဖြူညှော်နံ့ ထွက်လာပါကလား ဗေဒင်ဆရာရဲ့"

လူတွေမှာ မောပန်းနွမ်းနယ် နေရာက အဲဒီလူကြီးရဲ့ ဆဲရေးသံကို ကြားရဟော့မှ ရယ်သံမောသံ တသောသောနဲ့ အမောပြေကြရလေတယ်။

❋ ❋ ❋

## ကွဲသည်ဟု မပြော

"မင်းတို့လယ်တွေ ဒီနှစ်ကော ဘယ်လိုနေလဲဟေ့"

ဒါက အနေလှမ်းတဲ့ လယ်သမား၊ ယာသမား အချင်းချင်းတွေ့ဆုံတဲ့အခါ မိတ်ဆက်စကားပါ။ အခုလည်းတောင်ပိုင်းက လယ်သမားကြီးနဲ့ မြောက်ပိုင်းကလယ်သမားလေး လမ်းမှာ ဆုံမိခိုက် နှုတ်ဆက်စကား။

"ကောင်းတော့ကောင်းပါရဲ့ဗျာ။ ဒါပေမယ့် ရေမမှန်တော့ **အတတ်မပြောနိုင်သေးဘူး**"

"ပပ်ကြားတွေလိုက်လာပြီလား"

"ပပ်ကြားတွေအက်အက်လာလိုက်တာများ အသျှရှိန်နတ်မင်းကြီး ခုန့်ရင်တောင် လိမ့်ကျမလားမှတ်ရတယ်။ ပပ်ကြားအက်တစ်ခုနဲ့တစ်ခုဟာ တောင်စကြာဝဠာနဲ့ မြောက်စကြာဝဠာ"

"ဟုတ်ရဲ့လား မောင်ကာဠုရဲ့"

"သည်ထက်တောင်ပိုသေး"

အမေးအဖြေ အဆုံးမှာတော့ နှစ်ယောက်တည်းနဲ့ပဲ ဟားတိုက်လို့ ရယ်မောနေမိပြန်ပါတယ်။

❊ ❊ ❊

## ခက်ခက်ခဲခဲပါနော်

ရန်ကုန်မြို့တွင် သုံးဘီးကားငယ်တွေ ပြေးဆွဲနေတုန်းကပေါ့။ အဲဒီအချိန်က တက္ကစီသမားတွေ အနေနဲ့ ဆီရှားတယ်ဆိုတာမျိုးလည်း မပြောကြသေးဘူး။ ၃၉ လမ်းနဲ့ လမ်း ၃၀ ကိုးဆယ်ကနေ နှစ်ဆယ်အထိ ပါးစပ်ထဲက ထွက်လာတဲ့စကားလုံးနဲ့ ဈေးနှုန်းသတ်မှတ်တာမျိုး မရှိသေးဘူး။

ရန်ကုန်ကို ဘုရားဖူးဆင်းလာတဲ့ ကျီးသဲသား မိသားစုငါးယောက်လေ။ ဘတ်စ်ကားတွေ တိုးအက်ရ ပြေးဆင်းရတဲ့ဒဏ်ကို မခံနိုင်တဲ့အဆုံး ရွှေတိဂုံဘုရားကနေပြီး ဗိုလ်တထောင်ဘုရားကို သုံးဘီးကား စီးလုံးငှားပြီး စီးလာကြတယ်။



ဘုရားရောက်တဲ့အခါမှာ သုံးဘီးမောင်းသူက ၂၅ ကျပ်တောင်းပါလေရော။

"ကားခ မေးနေတာပါ ငါ့ဆရာရဲ့၊ ကားတစ်စီးလုံးဝယ်နေတာမဟုတ်ပါဘူး။ နားကြားလွဲရော့လား"

ကျီးသဲသားက ကျီးသဲလေနဲ့ ပြောတယ်။

"ဟုတ်ပါတယ်၊ ကားခ အစိတ်ကျတယ် ပြောတာပါ"

"မီတာနဲ့သွားရင် နှစ်ကျပ်ခွဲလောက်ပဲ ကျမယ့် ခရီးပါ ငါ့လူရာ"

"လမ်းကလည်းကြမ်းတယ်၊ ခင်ဗျားတို့ အမြင်ပဲ။ တစ်ကွေ့ တစ်ပတ်ကြီး လာရတာ၊ ဘယ်လောက်ခက်ခဲလဲ၊ မရဘူး၊ အစိတ်ပဲ"

ချီးဘူး အမူအရာနဲ့ မဲ့ရွဲ့ ပြောတယ်။ ပန်းသည်တွေ ယောင်ခြောက်ဆယ်တွေရဲ့ လမ်းသွားလမ်းလာတွေကရပ်ပြီး ကြည့်နေကြပြီ။ ကြည့် ကြည့်လေ။ ကျီးသဲသားလည်း စိတ်ဆိုးလာတဲ့အတွက်…

"ငါ့လူရာ၊ မင်းကြမ်းတယ်ဆိုတဲ့လမ်းဟာ ဝက်လက်လမ်းပြင်ပြီးခါစထက် ကောင်းသေးတယ်။ ခက်ခဲတိုင်းသာ မင်းတောင်းသလောက် ပေးရရင် စားဘူးတောင်းရက်တဲ့စာကလေး

တွေကို ရွှေစင်တစ်ပိဿာနဲ့ကန်တော့ဖို့ပဲ ရှိတော့တယ်၊ ရှေ့ တစ်ဆယ်၊ လိုချင်ယူ မလိုချင်နေ"

တောသားဆိုပြီး အချဉ်ဖမ်းပေမယ့် တောသားလူရွတ်နဲ့ တွေ့တဲ့အတွက် သုံးဘီးသမားခမျာ ဝေါခနဲ ဝိုင်းဝန်းရယ်မောခံ ရတာပါ အဖတ်တင်တာပေါ့"

❋ ❋ ❋

## ငါးရိုးကလေးလှတာတာ

ရွာထဲရှိ ရပ်ကွန်းခံရှင်ပြု အလှူကိုသွားဖို့မိခင်တွေ၊ ကလေး တွေ ဆူညံဆူညံနဲ့ ပြင်ဆင်ကြတယ်။ ဦးစွာ ပထမကလေးများကို ရေမိုးချိုး အဝတ်အစား လဲလှယ်ပေးပြီးတော့မှ မိခင်တွေ ရေချိုး ကြပြင်ဆင်ကြရတာ ထုံးစံလိုပါပဲ။

ကလေးတွေအနေနဲ့လည်း မဝတ်စဖူး အဝတ်သစ်ကလေး တွေ ဝတ်ရတော့ အိမ်ရှေ့ထွက်ပြီး ကြွားကြတယ်။ ကိုယ့်ကိုယ် ကို ငုံ့ကြည့်လိုက်၊ ကိုယ့်ကိုဘယ်သူက ကြည့်နေသလဲ အကဲခတ် လိုက်နဲ့ ဟန်ရေးပြတယ်။

အဲဒီလိုနဲ့ ကလေးတွေ့ရဲ့ဘေးမှာ ကလေးလတ်တွေ ရောက် လာတယ်။ မကြာခင်မှာဘဲ ကလေးကြီးတွေ ရောက်လာတယ်။



ကလေးကြီးတစ်ယောက်က တစ်ဖက်အိမ်က ကလေးရဲ့ ကျစ်ဆံမြီးကိုချီးမွမ်းတယ်။

"ဟယ်…အလှရဲ့ ကျစ်ဆံမြီးကလေးက လှလိုက်တာ။ ဝက်မြီးကလေး အတိုင်းပဲ"

အလှက ၆ နှစ်အရွယ်ကလေးပဲ၊ သူဂုဏ်ယူနေတဲ့ ကျစ်ဆံမြီးကို ဝက်မြီးနဲ့နှိုင်းတော့ စိတ်ဆိုးတာပေါ့၊ အဲဒါကြောင့် အားကျမခံ လက်ညှိုးထိုးပြီး ပြန်ပြောလိုက်ပုံကတော့ ….

"ဟင်း … သူများတော့ ပြောလို့၊ မမရဲ့ မောင်လေး ဘိုကေခွဲထားပုံကတော့ ခေါင်းပေါ်မှာ ငါးရိုးကို ရွက်ထားတာကျ နေတာပဲ"

အလှက တစ်ဘက်လူနစ်နာအောင် ပြောလိုက်ကာ မှန်ပေမယ့်၊ ပြောပုံထိမိတဲ့အတွက် မြီးကောင်ပေါက် တွေမှာ လက်ခုပ်လက်ဝါးတီးပြီး ရယ်နေကြလေရဲ့၊ ငါးအသားတွေ ထွင်ပြီး ပစ်လိုက်တဲ့အခါမှာ ငါးရဲ့ ကျောရိုးကြီးနဲ့ အရိုးကလေး တွေ ကျန်ခဲ့တဲ့ ပုံပန်းက ကလေးဘိုကေ၊ ရှေးခေတ်ကာလသား ဘိုကေဆံတွ ခွဲထားတာနဲ့ တူနေတယ် မဟုတ်လား၊

❋ ❋

# ငြင်းပြိုဆိုမှုဖြင့်အပြတ်

လူငယ်တစ်စု ရွာလယ်မှာ ဆုံမိကြတယ်၊ ဆုံမိကြတဲ့အခါ တစ်စုံတစ်ရာ ဆွေးနွေးစရာ ရှိချင်လည်းရှိမယ်၊ မရှိဘဲလည်း ဟောရောက်တောင်ရောက် စကားဝိုင်းဖြစ်နေတတ်တယ်၊ ဘယ်လိုပဲ ဖြစ်ဖြစ် ရုတ်တရက် လူစုမကွဲတဲ့အပြင် တိုးတိုးပြီး လာပြန်သေးတယ်၊

ဒီလိုနဲ့ ကိုးယောက်လောက် ဖြစ်လာတဲ့အချိန်မှာ နာရီပတ်ထားတဲ့ လူငယ်ဟာ တစ်ယောက်တည်း ထိုးထွက်နေတော့တယ်၊ ကျန်လူတွေက နာရီမှ မပတ်ထားကြဘဲကလား၊

အဲဒါကြောင့် ဟိုစကား ဒီစကား ပြောအပြီးမှာ တစ်ယောက်က စတင်ပြီး သူ့ကို စ,လိုက်တယ်၊

"တိုက်နာရီကြီး၊ ဘယ်နှစ်နာရီ ထိုးပြီလဲကွ"

အချိန်မှန်လဲ အခြားနာရီနဲ့ တိုက်ဆိုင်ပြီး မကြာခဏ ရွေ့ရတဲ့ နာရီမျိုးကို "တိုက်" နာရီလို့ခေါ်တာ မဟုတ်လား၊ အမေးခံရသူ ဆွေ့ဆွေ့ခုန်သွားပြီး " ဘာတိုက်နာရီမှာလဲ၊ နယူးဘရင်းကွ သိလား" လို့ဖြေတယ်။

"ဒါဖြင့် အချိန်ပြောကွာ"

"၁၁နာရီနဲ့ မိနစ် ၂၀"

"မယုံနဲ့ဟ၊ နာရီက သီပေါမင်းပတ်တဲ့နာရီ၊ ဂေါဝိန်ဆိပ်က



သဘော်ပေါ် အတက်မှာ ကျကျန်ခဲ့တာ"

နောက်တစ်ယောက်က အပြုံးနဲ့ ဆိုပြန်တဲ့အတွက် ...

"နာရီသွားသံများ နားထောင်ကြည့်ပါဦး၊ ကြွက်ဥ အသက်ရှူသံလောက်တောင် မကျယ်ဘူး"

နောက်ထပ်နှစ်ယောက်က နားရွက်နဲ့ လာကပ်ပြီး နားထောင်ကြရာက ...

"အမယ်လေး စက်ခုတ်သံကြီးရယ်၊ နားပင်းရချေရဲ့၊ ဘုရားအိုကြီးရဲ့ လည်ပင်းက ခြေးခလောက်သံလားမှတ်ရ၊ ပြီးတော့ တကယ်ထိုးတာက ၁၂နာရီ၊ အခုပဲ ရေဒီယိုက ဒင်ဒေါင်သံ လာတာ မင်းမကြားဘူးလား"

"၁၁ နာရီ သတင်းလာတာပါကွာ"

"မဟုတ်ဘူး၊ ၁၂နာရီ"

"ဒါဖြင့် မင်းရေဒီယိုက နာရီမြန်နေတာဖြစ်ရမယ်"

"ရေဒီယိုက နာရီများမြန်သတဲ့ကွာ၊ မယုံရင် "နေ" လဲ မော့ကြည့်ပါဦး၊ မွန်းတည့်နေပါပြီကော"

"ဟေ ... နေကကော၊ ဘာအလျင်လိုလို့ ဒုန်းစိုင်းပြီး ပြေးနေမှန်းမှ မသိတာ၊ မင်းတို့နေကလဲ မြန်နေလို့နေမှာပေါ့"

စစဦးက စ,ကြပေမယ့် အစခံရသူက ကြဲဖန်ပြီး ငြင်းတဲ့ အခါမှာ သူငယ်ချင်းတွေ ရယ်မောပြီး လက်လျှော့လိုက်ကြ ရပြီ မဟုတ်လား။

❊ ❊ ❊

## ငွေမိုးတွေ ရွာချွေ

မိုးလေဝသကလည်း မှန်၏။ မူးရေကလည်း ပြည့်ပြည့်ဝဝ မှန်မှန်ကန်ကန်လာတဲ့အတွက် ယာသမားတွေ လယ်သမားတွေ ရွှင်မြူးပြုံးပျော်ကြတဲ့ နှစ်ပါပဲ၊ လုပ်အားရဲ့ အသီးအပွင့်၊ ချွေးသီးချွေးစက်တွေရဲ့ အကျိုးအမြတ်တွေက ယာထဲလယ်ထဲမှာ တစွင့်စွင့် တငွါးငွါး ရှိနေကြလေပြီ။

အဲဒါကြောင့် ဦးအုံမောင်၊ အငယ်ဆုံးညီရဲ့ အိမ်မှာ ဆုံမိကြတဲ့ နေ့တစ်နေ့မှာ အိမ်ရှင်ဂါ့စပြီး ဟောဒီလို ပြောတယ်၊

“ယာကွက်ကကောင်း၊ လယ်တွေကလဲကောင်းတော့ ဖော်ကွက်တွေ လယ်ကွက်တွေ ကြိုတင်ပြီး ဝမ်းနှုတ်ဆေး စားထားလောက်ပြီ ထင်သဗျ”

ဒီအခါမှာ ညှော်သည်တစ်ယောက်ကလည်း ခေါင်းတညိတ်ညိတ်နဲ့ ထောက်ခံပုံက …

“ကျုပ်အိမ်ရှေ့ကကောင်များ နှုတ်ခမ်းမွေးနဲ့လူနဲ့ မလိုက်လိုက်လေ၊ လယ်မကောင်းရင် နှုတ်ခမ်းမွေးကြီးနဲ့ ငိုသဗျ၊ ဒီနှစ်တော့ နှုတ်ခမ်းမွေးနဲ့ လယ်ကောင်းတာနဲ့ အံကျသွားပြီ။ စပါးကျီထဲက ကြွက်ကိုတုပြီး နှုတ်ခမ်းမွေး တသသ ဖြစ်နေပြီလေ”

မြူးစိတ်အခံမှာ အဲဒီသူပြောပုံကြောင့် ဝါးခနဲ ဝါးလုံးကွဲ ရယ်ကြပါတော့တယ်။



## ငှက်ကြီးတောင်ဆား အားဆေးကြီး

ရပ်အလိုက်၊ ရွာအလိုက် လယ်ယာအလုပ်ကို ကြိုးကြိုးကုပ်ကုပ်လုပ်ကိုင်တဲ့ လူငယ်တွေရှိသလို ဘာမှ လက်ကြောတင်းအောင် မလုပ်ချင်သူတွေလည်း ရွာမှာရှိကြတယ်၊ အလုပ်မလုပ်ချင်သူဟာ ဘယ်အရပ် သွားသွား ကြီးပွားစရာ အကြောင်းမရှိပါဘူး။

ဒါကြောင့် ရွာက ထွက်ထွက်သွားတဲ့ လူငယ်တွေကို ဘယ်သူကမှ အထင်မကြီးဘူး၊ ဘာကြောင့်လဲဆိုတော့ မကြာခင်မှာဘဲ စုတ်ပြတ်စွာနဲ့ ပြန်လာကြတာပဲ များတာကိုး၊ ဒါပေမယ့် လူငယ်တစ်ယောက်ကတော့ တစ်နှစ်ကျော် နှစ်နှစ် နီးပါး ကြာတော့မှ ရွာကိုပြန်လာတယ်။

ပြန်လာတာက ရိုးရိုးမဟုတ်၊ ဆေးရုံတွင် ဆရာဝန်လက်ထောက်လုပ်ခဲ့သလိုလို၊ ဆေးစပ်သမား လုပ်ခဲ့သယောင်ပြောပြီး၊ ဒီလူကို အပ်စမ်းနဲ့ ပျောက်သူလည်းရှိ၏။ ရောဂါမပျောက်သူလည်းရှိ၏။

ရွာထဲမှာ ဆေးထိုးခံရခြင်းကို ကြွားစရာ ဂုဏ်ယူစရာလို့ ထင်တဲ့လူတွေ များလာတယ်၊ ဆေးထိုးမှားလို့ သေတာကိုတောင် ရာဇဝတ်မှုလို့ မြင်ချင်စိတ် မရှိတော့ဘူး၊ ဆေးထိုးတဲ့နေရာမှာ အနာဖြစ်တာကို “ဆေးထိုးနာ” တဲ့၊ ကြွားစရာမရှိ ကြွားကြတယ်။

ဒါပေမယ့် ဒေါက်တာရမ်းကုကို ရာဇဝတ်ကောင်လို့ မြင်သူတချို့လည်း ရှိနေပါတယ်၊ မြင်ပေမယ့် တိုင်လား တောလား တော့ မလုပ်ကြဘူး၊ အဲဒီလူတွေထဲက လူကြီးတစ်ယောက် ဖျားနာတဲ့ အခါ အခန့်မသင့်လို့ဘဲလား မသိဘူး၊ နာတာရှည်ကြီး ဖြစ်နေပါလေရော။

ရောဂါခံနေတာ မကြည့်ရက်တဲ့ ဇနီးက တစ်နေ့မှာတော့ ဒေါက်တာရမ်းကုကိုခေါ်ပြီး အားဆေးလေး ဘာလေး ထိုးပါလား အကြံပေးတယ်၊ နာတာရှည်ကြီး ဝုန်းခနဲ ခုန်ထတယ်၊

"ဟေ့ ဟေ့၊ လူသတ်သမား ထိုးပေးတဲ့ အားဆေးနဲ့ အသက်ရှင်မဲ့အစား ငှက်ကြီးတောင်ဓားကို ရေနဲ့ဖျော်ပြီး လည်ချောင်းထဲကို ကန့်လန့်ဝင်အောင် သောက်မယ်ဟ"

သားသမီးတွေနဲ့ ဇနီးမှာ ရယ်လည်းရယ်ချင်၊ ရယ်လည်း မရယ်ရဲဘဲနဲ့ အတော်ခွကျသွားပါလေရဲ့။

❊ ❊ ❊

## ၄၇

## စောင်တဲ့အရပ်ကို့ရေ

ကျီးသဲသားတစ်ယောက် ပုဂံညောင်ဦးဘက်ကို ဘုရားဖူး ထွက်လာခဲ့တယ်၊ အပြန်ကျတော့ တန်းတန်းမတ်မတ် မန္တလေးဘက်ကို မပြန်ဘဲ၊ စဉ့်ကူးဘက်ကလှည့်ပြီး ချောက်မြို့ကို ရောက်လာတယ်၊ ကြုံတောင့်ကြုံခဲ ရေနံမြေကို မြင်ဖူးချင်လို့ ဖြစ်ပါတယ်၊ သူက ရေနံမြေ ရေနံချက်စက်ရုံ အစရှိတာတွေ ကြည့်ပြီးရင် ပုပ္ပားသွားညအိပ်၊ အဲဒီက တစ်ဆင့် မြင်းခြံ။

ဒါပေမယ့် ကျီးသဲသားခမျာ ပုပ္ပားကိုသွားချိန် မရလိုက်ဘူး၊ ချောက်မြို့ပေါ်က တည်းခိုခန်းတစ်ခုမှာ ညအိပ်ရတော့တယ်၊ တည်းခိုခန်းတို့ရဲ့ထုံးစံအတိုင်း တစ်ယောက်လာရင် စောင်နဲ့ခေါင်းအုံးအသစ်တစ်ခါ လဲမပေးဘူး။ ရှေ့ကတည်းခိုသွားသူရဲ့ ရောဂါ၊ နောက်လူကို ကူးပေရော့။

ပေကျံနံစော်နေတဲ့ ခေါင်းအုံးကို မျက်နှာသုတ်ပဝါဖုံးပြီး အုံးရင်ရတယ်၊ စောင်ကိုတော့ ဘယ်လိုမှ လုပ်လို့မရတဲ့အတွက် မခြုံဘူး၊ ဒါပေမယ့် ရေနံမြေရဲ့ အအေးက ဝက်လက်ထက် ပိုတာပေါ့၊ သန်းခေါင်လောက်ကျတော့ ကျီးသဲသား မနေနိုင်တော့ဘူး၊ ဆွဲခြုံပါတော့တယ်။

အဲဒါနဲ့ နံနက်လင်းလို့ အခန်းခ ရှင်းပေးတဲ့အခါ တည်းခိုခန်း ပိုင်ရှင်က အရက်ကင်းမဲ့စွာ မေးပါတယ်။

"ဆရာကြီး၊ ညတုန်းက ကောင်းကောင်း အိပ်ရပါတယ်နော်"

"ဘယ်က အိပ်လို့ပျော်ပါ့မလဲဗျာ၊ မချမ်းအောင်လို့ ခင်ဗျား စောင်ကို ဆွဲခြုံလိုက်တာ တစ်ညလုံး အိပ်မပျော်တော့ဘူး။ အလို လေးဗျာ၊ စောင်ထဲ၊ ယားလွန်းလို့ ကုပ်လို့ချည်း နေရတာ၊ ကြာတော့ ရိုးတွင်းချဥ်ဆီတွေတောင် ပေါ်လာပြီ ထင်ရတယ်"

အခန်းမှာ ထိုင်နေတဲ့ လူတွေ ဝါးခနဲ ဝိုင်းရယ်မောတဲ့ အတွက် တည်းခိုခန်းပိုင်ရှင်မှာ မဲ့မဲ့ကလေး ဖြစ်သွားရှာတော့ တယ်"

❊ ❊ ❊

## ဆိုးလိုက်သည့်ချောင်း

ကားပေါ်မှ ခရီးသည်တွေက ကျပ်နေတယ်၊ ယားလို့ ကုပ် ချင်ရင်တောင် လက်ကို မနည်းထုတ်ရမယ့် အနေ အထား။ အဲဒီလို နေရာမျိုးမှာ လှတောသားနဲ့ ကျီးသဲသားတို့ ဘေးချင်းယှဉ် ပြီး ထိုင်မိတယ်၊ ကျီးသဲသား ကလည်း လှတောသားရဲ့ ပါးစပ် သေနတ်ကို မကြောက်ရှာလား၊ မကြားဘူးလေရောလားမသိဘူး၊ ဆိုးလိုက်တဲ့ချောင်းက မရပ်မနားပါဘဲ။

"ခင်ဗျား ချောင်းဆိုးပုံကို ကြည့်ရတာ ခေါင်းတဆတ် ဆတ်၊ ခေါင်းတညိတ်ညိတ်နဲ့ဗျာ ချီးကျူးနေသလားမှတ်ရ"

လှတောသားက ပါးစပ်သေနတ်နဲ့ပစ်ပြီလေ။



"ကောင်းတယ်ဆိုတဲ့ ချောင်းဆိုးပျောက်ဆေးတွေလျှက် ရလွန်းလို့ ပျော်လဲ စက္ကူလောက်ပဲ ပါးပါတော့တယ်ဗျာ၊ သောက် လိုက်ရတဲ့ ချောင်းဆိုးပျောက်ဆေးတွေကလည်း တာဘိုးဆည်ထဲ က ရေထက်တောင် များမလားမသိဘူး"

"စိခနဲ၊ စိခနဲ ကြားရတာ မြွေတွန်သလားမှတ်ရ"

"မှတ်ရမှာပေါ့ဗျ၊ ရင်ကျပ်နေတာကလား၊ အလိုလေး ကျပ်လိုက်တဲ့ရင်၊ အလောင်းကောင်ကို ကျပ်စည်းထားသလား မှတ်ရ၊ ထွေးလိုက်ရတဲ့ သလိပ်တွေကလည်း ကုန်ပဲ မကုန်နိုင် ဘူး၊ ဆပ်ပြာရည်အိုးကို မှောက်ချလိုက်သလားမှတ်ရ"

တရပ်စပ်ပြောအပြီးမှာ မောနေလိုက်သေးတယ်၊ တစ်ခရီး တည်းသွားတဲ့ ခရီးဖော်တွေမှာ အစကတည်းက ပြုံးစိစိနဲ့ အားရပါးရ ရယ်မောကြတော့တာပေါ့။

❊ ❊ ❊

## တော်ပါပြီ မယ်ကို့ ... မယ်ကို့

သားယောကျ်ားကလေးတစ်ယောက်ကည်း မွေးထားပြီး မိဘက အလိုလိုက်၊ အစ်မတွေက ဖူးဖူးမှုတ်နဲ့ကလေးဟာဆိုး ကော့တာပေါ့၊ ချော့တခါ၊ ခြောက်တလှည့်နဲ့ကျောင်းထားလာ လိုက်တာငါးတန်းကို ရောက်လာပြီ။

ငါးတန်းကျောင်းသားကလေးအနေနဲ့ အစက ဆိုးဆိုးမှာ မကောင်းတဲ့ အပေါင်းအသင်း တွေ့တဲ့အခါ ကျောင်းစပြေးပြီလေ၊

ဒီအခါမှာ ဖအေကရော မအေကပါ "ထမင်းမစားနဲ့" ဆိုပြီး ဒဏ်ပေးတယ်။

ဒါပေမယ့် တစ်ယောက်တည်းသော မောင်ကလေးကို အစ်မတွေက ပစ်မထားရက်ကြဘူး၊ ခိုးကျွေးကြတယ်၊ မောင်လေးက ဆာဆာနဲ့ တအားအုပ်နေတုန်း အဖေ နောက်ဖေးဘက်ကို ဝင်လာတာ ရိပ်ခနဲ မြင်ကြတယ်။

"မောင်လေး ... လာ လာ၊ အဖေ မြင်သွားမယ်"

ဝိုပြီး နောက်ဖေးကျတဲ့ နေရာကို ခေါ်သွားတယ်၊ ဆက်စားတယ်။

"မောင်လေး၊ အမေ ဟိုဘက်က လာနေတယ်၊ လာ လာ ဒီဘက်ကို"

အဲဒီလိုနဲ့ ထမင်းသုံးလေးလုပ်လောက် သွတ်လိုက် ထပြေးလိုက်နဲ့ ငါးခါလောက်လည်း လုပ်ပြီးရော မောင်လေး စိတ်ကောက်သွားပြီး

"တော်ပါပြီ မမကြီးတို့ရာ နင်တို့ ထမင်းကို စားရတာ ဈေးတန်းထဲက ငှက်ပျောသီးကို ဆွဲပြေးရင်း စားထဲ နွားကျနေတာပဲ၊ ကြာရင် လည်ချောင်းထဲမှာ ကောက်ညှင်းကျည်ထောက် အတောင့်ကြီးဖြစ်တော့မယ်"

အစ်မတွေမှာ ရယ်လိုက်ကြတာ ခွက်ထိုးခွက်လန်ပါပဲ။

❊ ❊ ❊



# တစ်အားသာ စားလာ

လင်က ချွေတာရေးသမား၊ မယားက ထုပပေါ်လွင်ချင်သူ၊ ဒါပေမယ့် မယားက လင်ကို ကဏ္ဍကောစ သိပ်မလုပ်ပါဘူး။ မလုပ်သော်လည်း စားချင်စိတ်၊ ဝတ်ချင်စိတ်တွေ လျော့ပါးမသွားဘူး။ လူ့ပတ်ဝန်းကျင်အနေနဲ့ "တစ်ကျပ်ရလို့ တစ်ဆယ်သုံး" ဆိုတဲ့ အိမ်ရှင်မတွေက များနေကြတာ မဟုတ်လား။

အဝတ်ကို လူမြင်ပြီပဲ၊ တော်ပြီလေ၊ အခုတော့ မဟုတ်ပါဘူး။

"တူကလေးက သဘော်သားမဟုတ်လား၊ မြန်မာပြည်မှာ ဘယ်သူမှ မဝတ်ရသေးခင် အန်တီ ဝတ်ပါစေတော့ဆိုပြီး လူကြုံနဲ့ပေးလိုက်တာ"

သန်း ၃၀ ကျော် မြန်မာပြည်မှာ ဒါမျိုးဝတ်တဲ့ တခြားလူရှိ မရှိ၊ ဘယ်သူကလိုက်ပြီး စစ်ဆေးနေနိုင်မှာလဲ၊ အဲဒီလိုပါပဲ၊ ကြွားစရာမရှိ ကြွားသူတွေ၊ ဝါစရာမရှိ ဝါသူတွေကြားမှာ မယားခမျာ ငြိမ်နေရတယ်။

ဒါတွင်လား၊ မဟုတ်သေးပါ၊ အစားကိုကြွားတာ၊ အစားက လူမမြင်ဘဲကိုး၊ အိမ်ထဲလည်း လာကြည့်မယ့်လူက မရှိ။

"ငါးရံ့ကြီးတွေ ပေါလိုက်တာ အစ်မရေ၊ တစ်ပိဿာမှ

နှစ်ရှငါးဆယ်ရယ်၊ ဈေးထဲမှာ အော်နေတာပဲ"

ဒီလိုက တနည်း။

"မိန်နေဂျာက လက်ဆောင်ရတာတွေ များလွန်းလို့ ဆိုပြီး ဝက်အူတောင့်တွေ အတင်းပေးလိုက်တယ်၊ ကြည့်စမ်းပါဦး"

ဒီလိုက တစ်ဖုံ။

မယားခမျာ ဝက်အူတောင့်တော့ ကြိုက်တယ်၊ တစ်နှစ်မှာ တစ်ခါတောင် မစားရတော့ စားချင်တယ်၊ စားချင်လို့ လင်ကို ပူဆာတဲ့အခါ ...

"မင်းကလဲကွာ၊ မစားဘူးတာလဲ မဟုတ်ဘူး၊ အစားကို လူမြင်တာ မဟုတ်ဘဲနဲ့ ချွေတာစမ်းပါကွယ်၊ ကိုယ့်ခြံထဲမှာ ထွက်တဲ့ အသီးအရွက်နဲ့ စားချင်လဲ ဖြစ်နေပါရဲ့နဲ့"

"တစ်ခါလာ ဒီစကား၊ နှစ်ခါလာ ဒီစကား၊ ကြားရဖန် များတော့ မယားခမျာ ပေါက်ကွဲထွက်ပုံက ...

"တစ်ခါလာ အသီးအရွက်၊ တစ်ခါလာ အသီးအရွက်၊ စားရလွန်းလို့ ဗိုက်ထဲက ကလေးမွေးလာရင်တော့ ကန်စွန်းအိုင် ခါးစောင်းတင်၊ ကျီးအာချဲ့ ခေါင်းပေါင်းရွက်၊ ကင်မုံသီးတွေ လည်းပင်းဆွဲ ထွက်လာတော့မယ်ရှင့်"

❊ ❊ ❊

# တစ်ဖွေ့ဖွေ့ တစ်ပိုက်ပိုက်

ဘောလီဘော ကစားနည်းဟာ နည်းစနစ်နဲ့ စည်းကမ်း အနေနဲ့ သိပ်ပြီး မရှုပ်ထွေးတဲ့အတွက် ကျေးလက်မှာ အတော် ကလေး နေရာယူနေလေရဲ့။ ခက်တာက အလောင်းအစားပဲ၊ ဘယ်လို အားကစားနည်းပဲဖြစ်ဖြစ် လောင်းကစားမှုက ဖျက်ဆီး ဖို့ အရန်သင့်ဖြစ်နေတယ်။

အခုလည်း ဘော်လီဘော ပုတ်ကစားနေတဲ့ အားကစား သမားတွေက ဘာမှမဖြစ်ဘူး။ ယှဉ်ပြိုင်ခြင်းသာ အဓိကထား တယ်။ ကျွမ်းကျင်မှု ဖလှယ်တယ်။ လက်ရည်တက်အောင် လက်ရည်သွေးတယ်။ ဒါပါပဲ။

ဒါပေမယ့် ဘေးက လောင်းကစားတွေက ခုန်ပြီးအော် တယ်၊ ဆဲတယ်။ ကိုယ့်ဘာသာကိုယ် ကစားတာပဲ သူတို့မမြင် အောင် မီးခံသေတ္တာထဲ ဝင်ကစားရမလို ဖြစ်နေပြီလေ။

"ဟ ... မြတ်ကျော် ခုတ်ခုတ်၊ မောင်ပွရိုက်ပါဟ၊ ဟာ.... ပင့်မပေးဘဲကိုး"

ခက်လိုက်တာ၊ အခမဲ့ နည်းပြဆရာတွေ ရောက်နေပါပေါ့ လား။

အခုလည်း အနေအထားပျက်ထားတဲ့အတွက် ရိုက်အား ပျော့သွားပြီ။ ရင်ဘတ်နဲ့ ဘောလုံးနဲ့ ကပ်ညှပ်သွားဟဲ့ ဘော်လီဘော သမားကို

''အလိုလေးကွယ်၊ ဘော်လီဘောပုတ်ပါ ဆိုခါမှ မဟာဒုတ်မဲပေါက်လို့ ပွဲလာသလား မှတ်ရ''

ကစားသူတွေ စိတ်ညစ်ပေမယ့် သူတို့ကတော့ ရယ်ရယ် မောမော တသောသော။

❊ ❊ ❊

## တင်းတောင်းရယ် သေးလိုက်တာ

စားသုံးသူတွေ အနေနဲ့ အဓိကကျတဲ့ ဆန်ကို ကုန်ဝယ်စာအုပ်မလိုဘဲ ဝယ်ယူနိုင်ခွင့် ရသွားတာဟာ စပါးပွဲစားနဲ့ ဆန်ကုန်သည်တွေ အတော်ကြီး အထိနာတဲ့အချက်ပဲ။

အဲဒီလို မဖြစ်ခင်တုန်းက သူတို့စာတွေဟာ လက်ဝေခံ ပွဲစားတွေ ကတစ်ဆင့် မြှုတယ်၊ သူတို့ကိုယ်တိုင်ကလည်း ငွေထုတ်ပြပြီး မြှုတယ်။ ဈေးပိုပေးတာသာပြောပြီးအလေး လိမ်တာ တောင်းလိမ်တာကို သိပ်မသိကြဘူး။

ဒါပေမယ့် ကျီးသဲသား တချို့နဲ့ မဲတောသား တချို့က သိတယ်၊ အဲဒါကြောင့် မဲတောသားက ဟောဒီလို စကားစတယ်။

''မင်းတို့က ငွေပိုပြီးရတာပဲ သိတာကလား။ ငါ့စပါးကလေး နည်းနည်းပါးပါးပိုတာကို လာဝယ်တဲ့ ပွဲစားရဲ့ တင်းတောင်းကြီးကဖြင့် ၁၆-ပြည်တင်း မကပါကလား။



လူတစ်ယောက် ဝင်ထိုင်တာတောင် တောင်းနှုတ်ခမ်းမှာ ခေါင်းမပေါ်အောင် ကြီးလေရဲ့''

ဒါကို ကျီးသဲသားက ထောက်ခံလိုက်ပုံက ဒီလို။

''ဖြစ်နိုင်တယ်။ ငါ့ဆီလာဝယ်တဲ့ ပွဲစားရဲ့ တင်းတောင်း ထဲကို ထန်းသီးတစ်လုံး ကျသွားလို့ ကုန်းနှိုက်တာတောင် မမီဘူး မောင်ရေ့''

ထန်းသီးမှာ ပြည်တောင်းနီးပါးကြီးတယ်၊ အဲဒါကြီးကို နှိုက်ယူတာတောင် လက်နှိုက်လို့မမီဘူးဆိုတော့ ဘယ်လောက် ကြီးသလဲ တွေးသာကြည့်ပေရော့၊ တွေးမိတဲ့ လူတိုင်းက သဘော ကျလွန်းလို့ အရမ်းပဲ ရယ်လိုက်ကြတာ။

❊ ❊ ❊

## ထန်းလက်တစ်ရွက် အသုံးချနည်းကြီး

ညည်းတို့ သူ့ကို အထင်မသေးကြနဲ့၊ သူတို့က ကားနဲ့တိုက်နဲ့ ဖြစ်နေပြီ။

ကျီးသဲရွာသူ အမျိုးသမီးတစ်စု ဝက်လက်မှ ပြန်လာစဉ် တွင် ဝက်လက်ကို ရောက်ရှိနေထိုင်တဲ့ မိန်းမတစ်ယောက် အကြောင်း စကားစပ်မိတယ်။ လူ့ထုံးစံအရ အကောင်းပြောသူ ရှိသလို၊ မကောင်းပြောသူလည်းရှိတဲ့အတွက် အသားမည်းမည်း ဖင်ကောက်ကောက်နဲ့ မိန်းမက စကားဖောက်လိုက်တာလေ။

ဒီအခါ ခပ်ပိန်ပိန် အသားလတ်သတ် မိန်းမက -

"အမယ်လေး၊ ကားတဲ့တော်၊ အိုင်ထဲက တက်လာတဲ့ လိပ်လားမှတ်ရ၊ ပေကျံနေတာပဲ ရွှေ့ ရွှေ့ ရွှေ့ ရွှေ့နဲ့"

ဒီအတွက် ပုကွကွနဲ့ အသက်လေးဆယ်ကျော် မိန်းမကြီးကလည်း ဝင်ပြောပြန်တယ်။

"တိုက်ကဖြင့် နံပြားဖိုလောက်ပဲရှိတာ ၊ လူမနေဘဲ နံပြားဖုတ်ဖို့ပဲ ကောင်းပါတယ်ဟယ်"

"ဒါလောက်လည်း မဟုတ်ပါဘူးတော်၊ အထဲမှာ အကျယ်ကြီးပါ၊ ကျွန်မက သူတို့တိုက်မှာ တစ်ညအိပ်ဖူးလို့ ပြောတာ"

"အမလေး၊ ဒီတိုက်ထဲ ဝင်အိပ်မယ့် အစား ထန်းရွက်ခြောက်ကိုပဲ ခြုံအိပ်ပါရစေတော့"

စကားစတဲ့ မိန်းမလည်း မနေနိုင်၊ မိန်းမအားလုံး နိုးနိုးခွိခွိ ရယ်ရာက တစ်အား ရယ်ပစ်လိုက်တဲ့အတွက် လုံးချည်ကျွတ်သူတောင် ကျွတ်ကျသတဲ့။

❋ ❋ ❋

# ထပ်ထပ်သာ ကွမ်းတော့

အဲဒီအထက်က အမျိုးသမီး တစ်စုရဲ့ စကားဝိုင်းဟာ ရှာနား နီးကပ်လာတာတောင် စကားက မပြတ်သေးဘူး၊ ရေချမ်းစင်တစ်ခုကို တွေ့တဲ့အခါ ရေသောက်ပြီး နားစရာ ခိုစရာရပြန်တဲ့အတွက် စကားဝိုင်းကို ပိုလို့ စိုပြည်လာပြန်တယ်။

"သူတို့ တိုက်ရဲ့ ဟိုဘက်လေးငါးဆယ်တိုက်ကျော်က မဟိုဒင်းကတော့ တကယ်ပဲ စီးပွားတက်ကြတယ်မဟုတ်လား"

ဒီအခါမှာ အထက်က စကားစပ်မှာ စကားစခဲ့တဲ့ အမျိုးသမီးက -

"ဟုတ်တယ်၊ ဟုတ်တယ်၊ ရလိုက်တဲ့ ပိုက်ဆံတွေဟာ ငွေစက္ကူတွေကို ဂုံဒေါင်ထဲထည့်ပြီး သွပ်ဆူးကြိုးနဲ့ ပိတ်ထားရသတဲ့၊ မရေနိုင်ဘူးဆိုလားပဲ"

"ဒါပေမယ့် ဘာနဲ့ စီးပွားဖြစ်တာလဲ သိရဲ့လား၊ သစ်မွှေးမှောင်ခိုထုတ်၊ လေဘေးထည်တွေ မှောင်ခိုသွင်းတာ မဟုတ်လား"

"ဟုတ်တယ်" လို့ နောက်တစ်ယောက်က ထောက်ခံပြီး "ငါတောင် အိမ်ကလူဖို့ အင်္ကျီဝယ်ပေးဖူးသေးတယ်" လို့ ဖြည့်စွက်တဲ့အခါ လုံချည်အနီရဲကြီးကို ဒူးဆစ်ပေါ်အောင် ဝတ်ထားတဲ့ မိန်းမကြီးက ဟောဒီလို ပြောပြန်တယ်။

"အလိုလေးအေ၊ လုပ်သဖြ မလွတ်မကင်းတွေချည်းဆိုတော့ မကြာခဏ အဖမ်းခံရတာ ထည့်ပြောပါဦး၊ ပစ္စည်းချည်း အဖမ်းခံရတဲ့အခါ ရှိသလို၊ လူပါ အဖမ်းခံရတဲ့ အခါလဲ မနည်းဘူး"

"ဒါလဲ ဟုတ်တာပဲ၊ ဟိုမြို့တရုံး၊ ဒီမြို့ကရုံးတွေမှာ သူတို့ အမှုတွေ တသီကြီးပဲတဲ့၊ အမှုများများ ဖြစ်တဲ့လူကိုသာ အကယ်ဒမီပေးမယ်ဆိုရင် ဝါဝါဝင်းရွှေထက်အောင် အထပ်ထပ် တွေပိုပြီး "ကွမ်း" နေလိမ့်ဦးမယ်ဟေ့"

ဒီအခါမှာလဲ ရယ်လိုက်ကြတာ တုံးလုံးလဲ သူလဲ၊ ပက်လက်လန်သူလန် ဖြစ်ကုန်ကြပါတော့တယ်။

❊ ❊ ❊

## ဒဿရူပတုံး

ကျေးရွာရဲ့ အလှုတွေထဲမှာ လင့်တာဝန်ပဲ၊ မယားတာဝန်ပဲ မခွဲခြားဘဲ တတ်နိုင်သလောက် ကြံ့ရာလူက ဝင်လုပ်သွားတာ လည်းပါတယ်၊ ယောကျ်ားများမှသာ ဆောင်ရွက်ရတဲ့ အလုပ်ကို တော့ မိန်းမသား မလုပ်နိုင်ဘူးလေ။ ဒါပေမယ့် အခု မယားက ထင်းပေါက်နေတယ်။

ထင်းပေါက်တယ်ဆိုတာဟာ ပုဆိန်ကို အရိုးက ကိုင်ပြီး ပုဆိန်သွားကို ထင်းတုံးပေါ် ပစ်ချတာပါပဲ။ မယားက ထင်းခွဲတယ်၊ မခွဲနိုင်တဲ့အခါ အသင့်ရှိနေတဲ့ ထင်းတုံးတွေကို လင်က ပေါက်ပေးရတယ်။ မခိုင်းဘဲ ပေါက်ထားတဲ့အခါလည်း ရှိပါရဲ့။

အခုတော့ ခွဲပြီးသားရော ပေါက်ပြီးသားပါ မရှိတော့လို့ မယားကိုယ်တိုင်ဆင်းပြီး ထင်းပေါက်ရတာပါ။ လွယ်ကူတဲ့



အကာသားတွေ ပေါက်ခွာယူသွားတဲ့အတွက် အပေါက်ရခက် တယ်။ အဖြောင့်အစင်းမဟုတ်၊ အကွေးအကောက် အလိန်အတွန့် တွေပို့ ပိုပြီးခက်တယ်။

ထမင်းအိုးတစ်လုံးစာ မရခင်မှာဘဲ လင်ယောကျ်ား မြက်ထမ်းကြီးနဲ့ ပြန်လာတဲ့အတွက် "ရှင်မြက်ထမ်း ခဏချပြီး ထင်းပေါက်ပေးပါဦး" ပြောရင်းက ပုဆိန်ကို ပစ်ချလိုကတယ်။

လင်သားက ပုဆိန်ကို ကိုင်ပြီး ထင်းပေါက်လို့ လျှင်မြန် သက်သာမယ့် တုံးကို ရွေးချယ်ရာက ...

"အလိုလေး .. ထင်းတုံးတဲ့ကွာ၊ သမင်ချိုတွေလား၊ ခြူးခေါင်းတွေလား ...ာ်ရတယ်ဟေ့"

"အဲဒါကြောင့် ရှင့်ကို ခိုင်းတာပေါ့"

"အင်း ... မင့်ထင်းတုံးတွေကို ထင်းမပေါက်ဘဲ ဆိုင်းဝိုင်းက ပတ်မထမ်းရပ် ပဋ္ဌရူပနေရာမှာ သွားချိတ်ဖို့ပဲ ကောင်း ပါတော့တယ်ကွာ"

သူ့ဘာသူပြော၊ သူ့ဘာသူရယ်မောပြီး မရအရ တအားပေါက် နေလေရဲ့။

❊ ❊ ❊

## ဒါဘာလုပ်ကြတာလဲလို့

လာပြန်ပြီ ဘောလီဘောပွဲ။

ဒီပွဲကတော့ အပြိုင်အဆိုင် အနိုင်ကစားတဲ့ ပွဲမဟုတ်လေတော့။ လောင်းကစားသမား အန္တရာယ်က လွတ်တယ်။ လက်သင်ကလေးတွေနဲ့ အလေ့အကျင့်ရပြီးသူတွေ ယှဉ်ပြိုင်ကစားတာ။ တနည်းအားဖြင့် သင်တန်းပေးတဲ့ပွဲ။

ဒါပေမယ့် ကြည့်သူရှိတယ်။ အားပေးသူ ဝေဖန်သူရှိတယ်။

အလေ့အထများတဲ့ အသင်းဘက်မှာ အပေးအယူ အဆင်ချောပေမယ့် လက်သင်ကလေးတွေမှာ ပြဿနာတွေနဲ့။

ဒါတွေကတော့ ကိုယ့်ဘက်ရောက်လာတဲ့ ဘောလုံးကို ပြိုင်တူပုတ်မိတာ။ ခေါင်းချင်း ဆောင့်မိတာ၊ သူဆယ်နိုး ငါဆယ်နိုးနဲ့ လွတ်သွားတာတွေ။

တစ်ဖက်က ပို့ပေးတဲ့ ဘောလုံး ရောက်လာပြီ။ နောက်ဘက်က လူငယ်နှစ်ယောက် ပြိုင်တူပြေးကပ်လာကြတယ်။ အပြိုင်လူရှိမှန်း သိတဲ့အတွက် ကိုယ်ကို ရှိပေးတယ်။ ရှိပြန်တော့လည်း ပြိုင်တူ။

"မင်းတို့ဟာက ဘာဇာတ်ကြောတုန်းကွ"

လူကြီးထင်ရသူ တစ်ယောက်ဟာ မျက်နှာထားတင်းပြီး မေးတယ်။ အမေးခံရသူ နှစ်ယောက်က မျက်ငယ်လေးတွေနဲ့



ပြန်ကြည့်နေတဲ့အတွက် ဒိုင်လူကြီးက ရယ်မောပြီး ဖြေတယ်။

"ခေါင်းချင်းဆောင့်တမ်း ကစားနေကြတယ်လေ။ ခေါင်းမာပြိုင်ပွဲလား မှတ်ရဲ့ဗျာ"

"မသိပါဘူး၊ ဒုန်းယိမ်းများ ကနေကြသလားလို့"

လက်သင်ကလေးတွေ မဲ့နေကြပေမယ့် ပိုက်ရဲ့ ဟိုဘက်က အသင်းကတော့ အားရပါးရ ရယ်ကြတယ်။

## ဒါလောက်ကြီးဆိုတော့

လယ်သမားထဲမှာ ဆေးလိပ်မသောက်သူ နည်းပါးပါတယ်။ တချို့ဟာ ငယ်စဉ်ကပဲ ဆေးလိပ်စွဲလာသူတွေဖြစ်ပါတယ်။ ကြီးတော့မှ အတုမြင်အတတ်သင်သူများလည်း ရှိပါတယ်။ စွဲပြီးနောက်ဖြတ်ပစ်တဲ့ လူလည်းနည်းပါတယ်။ ဘာကြောင့်လဲဆိုတော့ ဆင်းရဲသူ ဆင်းရဲသားတို့ ဘဝမှာ စည်းစိမ်စားစရာရယ်လို့ ဒါပဲ ရှိတာကလား။

အဲဒီလူတွေထဲမှာ လယ်ယာ အလုပ်သမားမြတ်ကျော်နဲ့ မောင်ပွတို့လည်း ပါတယ်လေ။ ဆေးလိပ်စွဲသူချင်း တူသော်လည်း မြတ်ကျော်က ပိုဆိုးတယ်။ မြတ်ကျော်က ဆေးလိပ်ကို မီးညှိပြီးကတည်းက မလွတ်တော့ဘူး။

တစ်နေ့မှာတော့ သူတို့နှစ်ယောက် မူးဘေးမှာ

ဆုံမိကြတယ်။ နောက်ကျတဲ့ အဖော်တွေကို ထိုင်စောင့်နေကြတယ်။ စောင့်ရင်းနဲ့ ရောက်တတ်ရာရာတွေ ပြောကြရာက မြတ်ကျော်က မောင်ပွရဲ့ မီးခြစ်ကို တောင်းခြစ်ပြီး မီးညှိတယ်။

ဒါပေမယ့် မြတ်ကျော်ရဲ့ ဆေးလိပ်က တိုလာပြီးတိုလာတဲ့အတွက် ဖင်စီခံက တစ်ဆင့်ဝင်လာတဲ့ တံတွေးတွေ အနေနှင့် ဆေးသားထဲကိုရောက်လာပြီး စိုရွှဲနေလေပြီလေ။ အဲဒါကြောင့် မီးခဏခဏငြိမ်း၊ မီးခြစ်မကြာခဏတောင်းပြီးခြစ်၊ ပြန်ပေး၊ ထပ်တောင်း။

"တို့မူးတွေလည်း ကောလာလိုက်တာ ဒန့်သလွန်သီးထက်ခြမ်းခွဲထားတာလောက်တောင် မနက်တော့ပါကလား။ ဟာ ... မီးခြစ်ပေးပါဦးကွာ"

မြတ်ကျော် မီးခြစ်တောင်းတဲ့ အကြိမ်ဟာ ၁၅ကြိမ်မြောက်ဖြစ်တဲ့အတွက် မောင်ပွက ....

"မင်းဟာက လွန်ပြီကွာ၊ ဒီလိုသာ ခြစ်နေရင်တော့ အင်ကြင်းပင် ပင်လုံးလောက်ရှိတဲ့ မီးခြစ်ကျောက်ကြီးထည့်ထားရကိန်း ဆိုက်နေပြီကော"

မောင်ပွက မကြည်မသာ ပြောတယ်၊ မြတ်ကျော်မှာ မောင်ပွမျက်နှာကို ကြည့်ပြီး တအား ရယ်နေတယ်။



# ဒိုဘီ၏အလှ

ဆန်စားနေတဲ့ လူမျိုးဖြစ်ပေမယ့် ဘယ်လို ဆန်မျိုးသာ စားသင့်တယ်ဆိုတာ မသိကြရာမှာတော့ တောရောမြို့ပါ အတူတူပါပဲ။ စကားပုံတောင် တယ်မဟုတ်လား "ဆန်ဖြူဆန်ကောင်း ထောင်းမှသိ" ဆိုတာလေ။ အဓိပ္ပါယ်ကတော့ ဆန်ဟာ ဖြူမှပဲ ကောင်းသလိုလို။

ဆန်လုံးညိုစားရမှန်း မသိကြဘူး၊ ဘယ်အစိတ်အပိုင်းက အာဟာရဓာတ်ပါတယ်ဆိုတာလည်း မသိကြဘူး။ ဗဟုသုတ ပိုပြီးရှိရမယ့် မြို့နေလူတွေတောင် မသိမှတော့ ကျေးလက် က မဆန်းပါဘူး။

အခုလည်း တိတ်တိတ်ထောင်ထားတဲ့ ဟာလာစက်လေးက ဆန်ကိုကြည့်ပြီး စက်ကောင်းမကောင်း အကဲခတ်နေကြလေရဲ့။

"ဘယ်နှယ့်လဲဟေ့၊ဆန်ဖြူရဲ့လား"

မေးလည်းမေး၊ အလုအယက်လည်း ကြည့်တဲ့အတွက် ဆန်ကြိတ်ပြီး ပြန်လာတဲ့ အမျိုးသမီးက ....

"ကြည့်ကြ၊ ကြည့်ကြ၊ ငါ့ဆန်ဖြူပုံကတော့ ဘာဘူကြီးခင်းထားတဲ့ ဒိုဘီပေါ်ကို တရုတ်မလေး တက်ထိုင်နေသလားမှတ်ရ"

ပြောဟန်ကလည်းကောင်း၊ အချက်အလက်ကလည်းကျတဲ့အတွက် မရိုသက်က ရယ်လိုက်တာ တအားပါပဲ။

## နန်းမဆန်ဇော်ဇကောင်း

လယ်ကွင်းပြင်ကြီးမှာ မြသားရောင်နဲ့ စိမ်းလွင်နေတယ်။ မြက်ရိတ်သူတွေရဲ့ တေးသံကြောင့် သာယာနေတယ်။ ကန်သင်းတစ်ခုဘက် တစ်ခုဆင်း သွားလာနေကြတဲ့ လယ်သမားတွေ အသက်ဝင်နေကြတယ်။

စပါးပင်တွေက ဖရုံလုံးမက အနံ့တွေတောင် ငိုက်နေကြပြီလေ။ တစ်နှစ်လုပ်စာရဲ့ အသီးအပွင့်တွေကို ကြည့်ပြီး ဝမ်းသာနေကြတယ်။ မျှော်လင့်နေကြတယ်။ သားရှင်ပြုမယ်၊ အိမ်ပြင်မယ်၊ နွားဝယ်မယ်၊ ကြွေးဆပ်မယ်၊ အကျႌဝယ်မယ် စသည်ဖြင့်ပေါ့လေ။

ဒါပေမယ့် ဒီအထဲမှာ ကိုမိုးမပါဘူး၊ သူ့လယ်ကို အရိပ်တကြည့်ကြည့်နဲ့ စောင့်ရှောက်နေတဲ့ကြားက ဥင်းကျသွားတယ်၊ ကျောက်တိုင်ရွာဘက်က အလှူဟာစ်ခုကို သုံးညအိပ်သွားမိတာ စပါးအထွက် ကောင်းနေကျ အစိတ်စိုက်လယ်ကွက်ကြီးမှ ကျတာ၊ စပါးပင်တွေ မီးလောင်သလို ဖြစ်ပြီး တိုပြီးကျန်ခဲ့တာ၊ ငါးယောက်စိုက်လောက်။

အဲဒါကြီးကို မချင့်မရဲကြည့်ပြီး၊ တောက်တစ်ခေါက်ခေါက်နဲ့ ကိုမိုးလျှောက်အလာမှာ မူးလက်တံ တစ်ဘက်က လူက လှမ်းမေးတယ်။

"အစ်ကိုမိုးရေ၊ ဒီနှစ်ကောစံကွက်ပြိုင်ပွဲ ဝင်ဦးမလား"



သတ်မှတ်ထားတဲ့ အကျယ်အဝန်းထဲက မောင်းညှိစပါးတွေရိတ်ပြီးစပါးအထွက် ပြိုင်ကြတာပဲ။

အဲဒီအခါမှာ ကိုမိုးက အတော်ကိုစိတ်ဆိုးသွားပြီး…

"ဆီမလိမ်းနိုင်လို့ ခေါင်းတုံးတုံးထားကာမှ၊ ပန်းပန်ဦးမလား မေးနေရသေးလားဟ ငနာရ" လို့ ငေါက်လိုက်တဲ့အတွက် မေးမိသူမှာ ကျိတ်ပြီး ရယ်မောနေရရှာလေရဲ့။

❊ ❊ ❊

## နတ်သူဌေးနှင့်ချူ

မြို့နယ် ဘောလုံးဗိုလ်လုပွဲမှာ ကျီးသဲအသင်းနိုင်လာတဲ့အတွက် တစ်ရွာလုံး ပျော်မဆုံးကြ။ ဘောသမားများကို ချီးကျူးသလို အုပ်ချုပ်သူများကိုလည်း ရပ်ရွာက ချီးမွမ်းကြတယ်။

ဒီအကြောင်းက အိမ်သစ်တက်တရားနာမှာလည်း လွှမ်းမိုးနေတာပဲ။ တိုက်ဆိုင်ချင်တော့ အုပ်ချုပ်သူတွေကို ချီးကျူးတဲ့လူတွေနဲ့ ကျောချင်းကပ်ဝိုင်းမှာက ဘောသမားတွေ ဖြစ်နေတယ်။

"ဦးကြီးတို့ကသာ… ကို တော်တယ်ပြောနေ၊ ကျွန်တော်တို့မှာ အီးတောင် ကျယ်ကျယ်မပေါက်ရဲဘူး၊ တင်းကျပ်လိုက်ပုံများ ဝက်ကို ကပ်နဲ့ဖိထားသလား မှတ်ရ။ ဂစ်ဂစ်ဂစ်တောင် မအော်သာဘူး"

ဒီအခါ စကားစတဲ့ဝိုင်းက တုံ့ပြန်တယ်။

"ဟဲ့… အဲဒါကြောင့် မင်းတို့နိုင်လာတာပေါ့။ ကောင်းစေချင်လို့လုပ်တာ အထင်မမှားကြနဲ့ဟဲ့"

"အလိုလေးဗျာ။ ကောင်းစေချင်လို့ဆိုပြီး၊ ကြောင်ရဲ့လည်ပင်းမှာ မင်းကွန်းခေါင်းလောင်းကြီး ဆွဲပေးလို့ ဖြစ်မလား"

"ခက်လိုက်လေကွယ်။ နတ်သုဒ္ဓါပေးတာတောင် မစင်ခြောက်တွေလို့ ထင်နေကြတာပါတလား"

ကရုဏာသက်သံနဲ့ ညည်းညူလိုက်တဲ့အတွက် အိမ်သစ်တက် တရားနာ ပရိသတ်ကြီးရဲ့ ရယ်မောသံဟာ ရွာရဲ့ပြင်ဘက်ကိုတောင် လျှံထွက်သွားပါတော့တယ်။

❊ ❊ ❊

## နှိုင်းမှနှိုင်းပဒေလ

"အစ်ကိုကြီး ထမင်းစားသွားဦးလေ"

ဖနီးသည် ပြောလိုက်တာကို တစ်ချက် လှည့်ကြည့်ပြီး မုဆိုးဖိုကြီးက ပြန်ပြောတယ်။

"သမီးတွေက ကနေ့ည သူတို့အိမ်မှာ ထမင်းစားဖို့ မှာထားလို့ပါကွာ"

ပြောအပြီးမှ အိမ်ပေါ်က ဆင်းလာတယ်။ သူ့ဇနီးကနောက်အိမ်ထောင်လေ။ ဒါပေမယ့် သားကြီး သမီးကြီးအိမ်ထောင်



မခွဲသေးသူတွေ ရှိတဲ့အတွက် အိမ်နှစ်အိမ်ထားပြီးနေတယ်။ ဇနီးနဲ့တစ်အိမ်။ သားသမီးတွေနဲ့တစ်အိမ်။

လမ်းပေါ်လည်း ရောက်ရော၊ ထမင်းနဲ့နှုတ်ဆက်ခံရတယ်။

"စားခဲ့ပြီးပြီလား"

"မစားရသေးပါဘူးဗျာ"

"အဆာလွန်နေမယ်နော်။ ထမင်းစားချိန် ဘယ်သွားမလို့လဲ"

"သမီးများဆီ ရောက်တော့မှစားမယ်"

စကားစသူ မိတ်ဆွေမှာ အတော်အံ့အားသင့်သွားတယ်။

"ကိုယ့်မိန်းမချက်တာ မစားဘဲ၊ သမီးချက်တာ အပင်ပန်းခံပြီး သွားစားရတယ်လို့"

"မတူဘူးလေ"

"ဘယ်လိုမတူတာလဲ"

"၅၂၈ က ချက်တဲ့ ထမင်းဟင်းနဲ့ ၁၅၀၀ ကချက်တဲ့ ထမင်းဟင်း ကွာပုံကတော့ စတုမရှုနဲ့ ကျွဲချေးပုံလား မှတ်ရဗျာ"

နားထောင်သူပါးစပ်ဟနေဆဲမှာပဲ မုဆိုးဖိုကြီးကတော့ တဟားဟားရယ်မောပြီး လျှောက်သွားပါပြီကော။

❊ ❊ ❊

## ပေါက်ပြားဓါးအစွမ်း

စကားဝိုင်းက ပိုပြီးစိုပြည်လာတယ်။ အိမ်ရှင်မမှာ ရေနွေးကြမ်းတစ်အိုးပြီး တစ်အိုးထည့်ပေးနေရတယ်။ လယ်အကြောင်းယာအကြောင်းကတစ်မျိုး၊ မှောင်ခိုအကြောင်း ဓာတ်ခဲအကြောင်း၊ ဆေးဝါးအကြောင်း အရောက်မှာ…

"မေးရဦးမယ်၊ တစ်လောက မန္တလေးက ခင်ဗျာ့ညီ ဆေးရုံတက်ပြီး မျက်စိခွဲတာ ဘယ်နှယ့်နေလဲ"

တစ်ယောက်ကစကားဖြတ်မေးတယ်။ အမေးခံရသူက…

"တစ်လောကမဟုတ်ပါဘူးဗျာ၊ တစ်မြန်နှစ်ကပါ"

"ဘယ့်နှယ်နေလဲ၊ အခု"

"အရာရာ ကိုယ့်ဘာသာ ဝယ်ရမယ်ဆိုတော့ မတတ်နိုင်ဘူးလေ၊ အဲဒါကြောင့် တိုင်းရင်းဆရာနဲ့ပဲ ကုဖို့ခွေမျိုးတွေ သဘောတူကြတယ်"

"တိုင်းရင်းဆေးနဲ့ ကုတော့ကော"

"သက်သာရုံပဲရှိတယ်၊ လုံးဝပျောက်ကင်းဖို့ကတော့ နောက်ဘဝမှပဲ ပျောက်မှာပါလေ"

ဘေးလူတွေက ဝိုင်းရယ်ကြပေမယ့် မေးသူကတော့ မေးတုန်းပဲ။

"ကောင်းကောင်း ပြောစမ်းပါဗျာ"



"ကောင်းကောင်း ပြောတာပါ၊ တိမ်ကထန်သီးလုံးထက် ကောင်ကြီးနေမှတော့၊ မြန်မြန်ပေါက်ချင်ရင် ပေါက်ပြားနဲ့ခုတ်ထုတ်မှပဲ ပျောက်မှာမဟုတ်လား"

ရယ်မောသံကြီးကဖြင့် အိမ်ပြိုကျမတတ်ပါပဲ။

❊ ❊ ❊

## ပြန်းပြီး၊ ပြီးတော့ကုန်ပြီ

စားနိုင်သောက်နိုင်သူရဲ့ သမီးကို လယ်ယာအလုပ်သမားလေးက ခိုးပြေးတယ်။ အဲဒါဘာဆန်းလဲ။ မိန်းကလေးနဲ့ယောကျ်ားလေး ချစ်ကြိုက်တယ်။ မိန်းကလေး ဘက်ကသဘောမတူလို့ ခိုးပြေးတယ်။

ဒါပေမယ့် ကျီးသဲရွာထဲမှာတော့ အဆန်းလုပ်ပြီးပြောနေကြပါကလား။

"လေယာဉ်ပျံဖြစ်ပြီး အတောင်ပေါက်ပြီးပျံမှ လွတ်မှာပဲ"

"ကောင်လေးသနားပါတယ်၊ တီကောင်လို မြေကြီးထဲဝင်ပုန်းနေနိုင်ရင်လဲ ကောင်းမှာပဲနော်"

"ဒါလို ယောကျ်ားလေးအတွက် ပူပန်စိုးရိမ်ကြတဲ့အခါ··

"ဟုတ်တယ်၊ အဲဒါမှလွတ်မှာ၊ ကောင်လေးက ခွေအားအားနည်းလိုက်ပုံများ နေပူထဲ သွားတာတောင် အရိပ်မထွက်

ဘူး"

"ဒါပေါ့၊ ကောင်မလေးဘက်က လူတွေက ဂျီးကန်းအာသလိုအာပြီး ကျီးကန်းဆိတ်သလို ဝိုင်းဆိတ်မှာ"

အမျိုးသမီးတစ်ယောက်ကလည်း ထောက်ခံတယ်။

"ပြီးတော့ သူတို့က ကောင်လေးနဲ့စာရင် မျက်နှာကြီးတယ်"

မျက်နှာကြီးတယ် ဆိုတာကတော့ ပြောနိုင်ဆိုနိုင်တယ် ပေါက်ရောက်တယ် ဆိုတဲ့သဘောနဲ့ အလေးဂရုပြုခံရသူတွေလို အဓိပ္ပာယ် သက်ရောက်ပါတယ်။ ဒါပေမယ့် ငေါ့ချင်တဲ့လူက ဝင်ပြီး…

"အလိုလေး မျက်နှာကြီးပုံတော့ မပြောနဲ့၊ ရွှေဘိုသနပ်ခါးတုံးသွားတာ သူတို့အမျိုးတွေ ခုတ်ခုတ်ပြီးလိမ်းကြလို့ပေါ့"

လို့ ငေါ့တာ။ ငေါ့မှန်းမသိစွာနဲ့ ရယ်မောလိုက်ကြတာ တမင်လုပ်ပြီး ရယ်မောတဲ့အသံရော၊ ရှီးရှီးရယ်တဲ့ အသံပါရော ဗုံးညံသွားပုံက နားကွဲမတတ်ပါပဲ။

❋ ❋ ❋



# ဖဝါးခွဲ ဆားကြဲ

ယာဘေးတစ်ကျောက်အချွန်သုံးခုပါတဲ့ ဆူးတွေကတစ်စုံတစ်ဦးက တမင်လာပြီး ကြဲချထားသလားထင်ရအောင် များပြားတယ်။ ဒီအထဲမှာ ဟိုနားဒီနားကြက်လျှာဆူးတွေ ရှိတယ်။ ကျောက်ခဲသေးသေးလေးတွေကလည်း အနှံ့အပြား။

ယာသမားတွေအဖို့တော့ ခြေဖဝါးတွေက ဖုန်ပူထဲမှာ ဖုတ်ထားတဲ့အတွက် ကျက်နေတာကလား။ ဒီဆူးနဲ့ကျောက်ခဲကို ရှိတယ်တောင်မထင်ဘူး။ ဒါပေမယ့် မြို့က လေ့လာရေးသမားတွေ ရောက်လာတဲ့အခါ ထိပြီလေ။

ရေထဲဆင်းလိုက်၊ ကုန်းပေါ်တက်လိုက်နဲ့ ခြေဖဝါးကို ရေနဲ့နူးဖေးသလို ဖြစ်နေတယ်။ ရေနူးနေတဲ့ ခြေဖဝါးကို သုံးဘက်ချွန် ဆူးတွေကစူးတယ်။ ကျောက်ခဲလေးတွေက ထိုးတယ်။ မစူးအောင်၊ မထိုးမိအောင် ဖိနပ်စီးပါလား။ မစီးနိုင်သေးဘူး။ ခြေထောက်မှာ ရေစိုနေတယ်လေ။

အဲဒီလိုနဲ့ရေကို သုံးခါဖြတ်အပြီးမှာ လိုက်ပြတဲ့ ယာသမားကြီးက အားနာလာဟန်နဲ့…

"ရွှေလျှောက်ကြည့်လဲ သိပ်မထူးပါဘူး ဆရာတို့ရယ်။ ဒီကပဲ လှည့်ပြီးပြန်ကြပါစို့၊ ဆက်သွားရင်ပိုဆိုးလာပြီ၊ ဆရာတို့ခြေဖဝါးတွေ ဗိမ္ဗိသာရမင်းကြီးရဲ့ ခြေဖဝါးမှာ ခွဲပြီး ဆားပက်ခံရသလို ဖြစ်ကုန်လိမ့်မယ်ဗျာ"

ညည့်သည်တွေရယ်ကြတယ်။ ရှက်ရှက်နဲ့ ဟန်လုပ်ပြီး ရယ်ပေမဲ့ မောတာဖြစ်တဲ့အတွက် အသက်မပါဘူး။

❋ ❋ ❋

## ဖားပြုတ်တစ်ပွဲ

ကျေးသဲသားတစ်စု ဘုရားဖူးဖို့ လည်ဖို့ပတ်ဖို့ ဈေးဖို့မောဖို့အတွက် မန္တလေးကိုရောက်လာကြတယ်။ ဒါလောက်အများကြီး တည်းခိုခန်းမှာတည်းရင် အကွဲပဲ။ အဲဒါကြောင့် ရွာခံဦးပဥ္စင်းတစ်ပါးရှိတဲ့ကျောင်းတိုက်မှာ တည်းကြတယ်။

ကျောင်းတိုက်မှာရှိတဲ့ တိုက်အုပ်တိုက်ကြပ် ကိုယ်တော်တွေနဲ့ ကပ္ပိယတွေကပါ ဂရုစိုက်တဲ့အတွက် ခင်မင်နေကြတယ်။ မန္တလေးဝန်းကျင်က ဘုရားစုံသာမက စစ်ကိုင်းတောင်ရိုးပါ မွှေတော့ အတော်ကလေး ကြာသွားတယ်။

ကြာသွားပေမယ့် စစ်ကိုင်းတောင်ရိုးကို မနှံ့ဘူး။ မနှံ့ပေမယ့်လည်း ရွာကိုအိမ်ကို နောက်ဆံတင်းတဲ့အတွက် ပြန်ကြရတယ်။ ရွာခံ ဦးပဥ္စင်းလေးက ကားဂိတ်ကို လိုက်ပို့တယ်။ သူ့မျက်နှာက ညှိုးနေတယ်။

ဒီအခါမှာ ဦးပဥ္စင်းရဲ့ ဆွေမျိုးတွေက ငိုတယ်။ သူတို့ငိုတာမြင်တဲ့အတွက် ဆွေမျိုးမတော် လူတွေကပါ ဝိုင်းငိုပြီလေ။ ငိုနေတဲ့ လူတွေကြားထဲမှာ လူငယ်တစ်ယောက်က မငိုနိုင်တဲ့အပြင် သူ့ဦးလေး ငိုပုံကို ကြည့်ပြီး စိတ်ညစ် နေတယ်။

ဟုတ်တယ်လေ၊ သူ့ဦးလေးက ဗိုက်ပူကြီးပေပဲ၊ ငိုလိုက်တဲ့အခါ ဗိုက်ကြီးက ဖောင်းလာလိုက် ပြားသွားလိုက် ဖြစ်နေတယ်။ အဲဒါကြောင့် လူငယ်လေးက မနေနိုင်တော့ဘဲ။

"လေးလေးရယ်၊ ငိုရင် ရှိုးရှိုးလေးငိုဗျာ၊ အခုတော့ ပြားသွားလိုက် ဖောင်းလာလိုက်နဲ့ ဖားပြုတ်ကြီး မာန်ဖီနေသလားမှတ်ရ" လို့ ပြောလိုက်တဲ့အတွက် ငိုရာက ရယ်ရပြန်တယ်။

❋ ❋ ❋

## ဖား ရေပြန်ကို ဆန်ခါချ

ကျေးသဲသားတစ်စု ရန်ကုန်မြို့ကို လာကြတယ်။ မြန်မာနိုင်ငံမှာ အကြီးဆုံးနဲ့ တန်ဖိုးအကြီးဆုံး ရွှေတိဂုံစေတီတော်မြတ်ကြီးကို ဖူးဖို့အဓိက။ ကုန်တိုက် (၂) က ရွေ့နေတဲ့ လှေကားကို စီးပြီး အပေါ်ထပ်ကို တက်ဖို့က ဒုတိယ၊ ဟိုဈေး၊ ဒီဈေးသွားဖို့နဲ့ လည်ပတ်ဖို့က တတိယ။

ဒါပေမယ့် ကျေးသဲသားတွေ ကျေးသဲသူတွေ စိတ်ညစ်တယ်။ မိုးနည်းတဲ့ အရပ်ခြောက်ခြောက် သွေ့သွေ့နဲ့ ခြောင်းလက်ခင်းသာတဲ့ ဒေသကလာတာမဟုတ်လား။ သူတို့လာတဲ့ရက်မှာ မိုးကလည်း ရွာနေတယ်။ သိကြတဲ့အတိုင်းပဲ ရန်ကုန်မိုးက ဘာပဲ

ပြောပြော အညာမိုးထက်ပြင်းတယ်။

စိုတိစိုစွတ်ထဲမှာ သွားရလို့ စိတ်ညစ်တာ တစ်မျိုး၊ လူတွေတိုးရတာတစ်ဖုံ၊ ကားပေါ် သေပြေးရှင်ပြေး တက်ရဆင်းရ တစ်စမို့ ပိုပြီး စိတ်ညစ်ကြတယ်။ တိရိစ္ဆာန်ဥယျာဉ်ဝင်လာစာန်းက ကြည်လင်နေရဲ့သားနဲ့ ကျီးသဲသားတွေ ဆင်ရုံနားလည်း ရောက်ရောဝါးခနဲ ရွာချလိုက်ပါလေရော။

ကျီးသဲသူ အဒေါ်ကြီးစိတ်ဆိုးတယ်။ မော့ကြည့်လိုက်ရာက …

"အကျိုးနည်းတော် ရွာပဲရွာနိုင်လွန်း၊ ကလေးပေါက်စကလေး ပုခက်ထဲက သေးပေါက်ချသလားမှတ်ရ"

အဲဒါကြောင့် ဘေးနားမှာ ကပ်ပြီး ရပ်နေတဲ့ သမီးကလည်း …

"ကျွန်တို့ဆီမျှားတော့ ခေါင်လိုက်တဲ့ မိုးနှယ်၊ ဖားသေးကို ဆန်မှုန့်ချ ဆန်ခါနဲ့ ချသလောက်တောင် မရွာဘူး၊ ခေါင်လိုက်လေ"

လို့ ဝင်ပြောလိုက်တဲ့အတွက် ဆင်ရုံမှာ မိုးခိုနေတဲ့ လူတွေ ဝါးခနဲ ရယ်လိုက်ကြတာ၊ ဆင်မကြီးတောင် ကျီခနဲ အသံပြုပြီး ဘာဖြစ်တာလဲ မေးယူရတယ်။

❊ ❊ ❊



## ဖွာလွန်းသောဂါက်

သူတို့ပြန်မယ့် ရက်မှာ ရန်ကုန်မိုးက တိတ်နေပြီ။ ကောင်းကင်က ကြည်ကြည်လင်လင်နဲ့၊ မကြည်လင်တာက ကားသမားလေ၊ ရန်ကင်းနဲ့ ရန်ကုန်ဘူတာကြီးကို သုံးဆယ်တောင်း လိုတောင်း၊ အစိတ်တောင်းလိုဟောင်း၊ ၁၅ ကျပ်ပေးပြီး စီးနေကျဖြစ်တဲ့ ရန်ကင်းသားက မငှားဘူး။

ကားတွေ သောင်းချီပြီး ရှိနေပါလျက် တက္ကစီရှားတယ်။ ပေါ်လာတဲ့ တက္ကစီက အနိုင်ကျင့်တယ်၊ ခရီးသွားသူ ရှိပါလျက်နဲ့ သယ်ယူပို့ဆောင်ပေးသူ မရှိသလို ဖြစ်နေတယ်။

ဘူတာ အထိ လိုက်ပို့ပြီး ရထားထွက်မှ ပြန်လာရမယ့် အိမ်ရှင်က တက္ကစီသမားကို စိတ်ဆိုးနေတုန်းမှာ ပြန်မယ့် ဧည့်သည်တွေက အစီအရီ ဆွဲတက်လာကြပြီ။ ထွက်လာသူတွေထဲမှာ ဖောင်းနေတဲ့ အိတ်ကြီးအပြင် တိုးလိုတွဲလောင်းတွေ ပဒေသာသီးထားတဲ့လူတစ်ယောက်။

အိမ်ရှင်က လှည့်ကြည့်ပြီး …

"များလိုက်တဲ့ ပစ္စည်းတွေ ဦးလေးရယ်၊ ကားကကျပ်၊ ရထားက မချောင်နဲ့ "

"လုပ်ရတာယ်ကွာ၊ ခရီးဂရိတ်လေး ကျေကျေပေါ့"

"သားသမီးတွေလဲ လက်လွတ်ပြီး၊ လယ်လဲ လုပ်သေးတယ်၊ ဦးလေးတို့လင်ကိုယ်မယား မဟုတ်လား၊

ချောင်လည် လောက်ပါပြီ”

အဲဒီအခါမှာ ဦးလေးဖြစ်သူ ကျီးသဲသားကြီးက “မင်း မသိပါဘူး ငါ့တူရာ” အစချီလိုက်ပြီး …

“အလိုလေးလေး၊ ချောင်လည်ဖို့ ဝေးလို့၊ မင့်အဒေါ် အကြောင်းမင်းမေ့သွားပြီလား၊ လက်ဖွာလိုက်ပုံများ ထရံတစ်ချပ် ကာမထားတဲ့ အိမ်လားမှတ်ရပေ့”

အတွင်းသိ အစဉ်းသိဖြစ်ငေ ကျီးသဲသူ ကျီးသဲသားတွေ မှာ ရယ်မိကြသည်။

❊ ❊ ❊

## မပူပေါင် ဘေးဆီက ဓန္ဒး

နွားဝယ်ဖို့ လိုက်လံ စုံစမ်းတဲ့ စိုင်နိုင်ကြီး ရွာသားနှစ် ယောက် ကျီးသဲရွာကို ရောက်လာတယ်။ ဘယ်သူ့နွားတော့ ရောင်းမယ်ထင်တယ်၊ ကြည့်ခဲ့ပြီးပြီ။ ဘယ်သူ့နွားကော ကြည့် ခဲ့သေးလား၊ ဈေးမတည့်ခဲ့ဘူး။

အဲဒီလို မေးမြန်းရင်းက လုပ်ငန်းကိုင်ငန်း အကြောင်းဘက် ကိုရောက်သွားတယ်၊ စိုင်နိုင်သားက …

“ကောင်းတိုင်းသာရရင် ကြက်စလုတ် မခံနိုင်သလို ခပ့်ဗျား။ လုပ်တိုင်းသာ ရရင် ကမ္ဘာပေါ်မှာ လူမွဲရှိမှာ မဟုတ်ဘူး”

“စိုင်နိုင်သားရယ်၊ တည့်တည့်ပြောပါဟ”



“**အွေမျိုးသား**ချင်းလို ရင်းနှီးတဲ့ ရွာသားကြီးက ဝေါက်လိုက် တဲ့**အတွက်** …

“လေးလေးကလည်းဗျာ၊ လုပ်သလောက် မကောင်းဘူး၊ မျှော်လင့်သလို ဖြစ်မလာဘူး ပြောပါဗျာ”

“မူးကလဲ မှန်သားပဲကွ”

“ရေတစ်အိုး မိုးတစ်ပေါက်တဲ့ လေးလေးလဲ ကြားဖူးသား ပဲဗျာ၊ မှုမှန်ပေမယ့် မိုးဘယ်မှာ ရွာလို့လဲ၊ မိုးမရွာတော့ **အပင်**မပွားဘူး၊ အားမဖြစ်ဘူး”

ဒီအခါမှာ စကားဝိုင်းထဲက တစ်ယောက်က **ဝင်**ပြောတယ်။

“မိုးများကွာ တောင့်တောင့်တတ၊ မင်းတို့ စိုက်နိုင်ကွင်း လောက်များတော့ မင်းတို့ရွာက ထွက်တဲ့ အရက်နဲ့ပဲ ဖျန်းဦး၊ လောက်ပါတယ်ကွာ”

“ဘာမှမဆိုင်ဘူး၊ ဖောင်းဗျာ … ဖောင်း”

စိုင်နိုင်သားက ရယ်ကာ မောကာ ချေပတော့မှ ရယ်မော **သံကြီး** ဆူညံကြွက်လျှံ သွားလေတော့တယ်။

❊ ❊ ❊

## မာတလီ မောင်းသည်

ရွာထဲမှာရှိတဲ့ လယ်သမားတွေထဲမှာ ဒီ ဦးကြီးက အလွန်စေ့စပ်တယ်။ ခေတ်မီ စိုက်ပျိုးရေးကို တိတိကျကျ လိုက်နာတယ်။ ပြီးရင် ပြီးတာပဲ ဆိုတဲ့ စိတ်မျိုး မထားဘူး၊ ကြိုးကြိုးကုတ်ကုတ် တကယ်လုပ်တဲ့ ဦးကြီး။

အဲဒါကြောင့်လည်း ဦးကြီးရဲ့ လယ်ဟာ ပြောပလောက်အောင် တိမ်းတိမ်းပါးပါးမဖြစ်ဘူး။ မိုးမမှန် မူးမမှန်တဲ့ နှစ်တွေမှာတောင် မျိုးနဲ့ ဝမ်းစာရအောင် လုပ်နိုင်တဲ့အတွက် ရွာတိုင်းက ချီးကျူးရတယ်။

အခုလည်း နှမ်းအတန်းလိုက် စိုက်မို့အတွက် ထယ်နဲ့တွဲတဲ့ မျိုးစေ့ချ ကိရိယာကို ပြင်ဆင်နေတယ်။ နွားနဲ့ဆွဲကြည့်လိုက်။ အိမ်ကို သယ်လာပြီး ပြုပြင်လိုက်နဲ့ ရက်ပေါင်းအတော်ကြာသွားတယ်။

ခုနှစ်ရက်မြောက်နေ့မှာ ဦးကြီးအနေနဲ့ မျိုးချဖို့ လယ်တောကို ထွက်လာတဲ့အတွက် အိမ်နီးချင်းတွေက လှမ်းမေးတယ်။

"ဟန်ကျသွားပြီလားဗျို့"

"အိုကေမှာ စိုပြေသွားပြီဟေ့"

သူက ခပ်ရွှင်ရွှင် ပြန်ဖြေတဲ့အတွက် အိမ်ထဲက အိမ်ရှင်မ လှမ်းပြီး အော်ပြောလိုက်ပုံကတော့ ...



"မျိုးစေ့ ချခွက်တဲ့တော်၊ ပြင်လိုက်ဆင်လိုက် မွမ်းမံလိုက်၊ စမ်းသပ်လိုက် လုပ်နေပုံနှယ်၊ သိကြားမင်းရဲ့ ဝေဇယန္တာ ရထားကို ဆေးသုတ်နေသလား မှတ်ရတယ်ဟေ့"

အိမ်နီးချင်းများသာမက ကာယကံရှင် ဦးကြီးပါ ဟက်ဟက် ပက်ပက် ရယ်မောကြရတဲ့ အပြောပါလား။

❊ ❊ ❊

## မြော်ပုံ မြင်ပုံမှာ

ဟမ်းဘာဂါ၊ ဟမ်းဘာဂါနဲ့ ဘယ်သူတွေ ဘယ်လောက်ပဲ ရောဂါ ထနေနေ၊ လယ်သမားကတော့ ဟမ်းဘာဂါကို ကြွက်သား လောက် မကြိုက်ပေ။ လယ်တွေ ရေသွင်းချိန်မှာ ကြွက်တွေ ဆူဖြိုးချိန် မဟုတ်လား။

ယခုလည်း လယ်သမား လူငယ်တစ်ယောက်က ကြွက်လေးကောင်ကို နွယ်ကြိုးနဲ့ ဖောက်သီပြီး ခပ်သုတ်သုတ် လျှောက်လာတယ်။ ရွာနားနီးလာချိန်မှာ သူငယ်ချင်း တစ်စုနဲ့ တွေ့တယ်။

"ဟာ ... မင့်မှာ လေးကောင်တောင်ကွာ၊ ငါ့ကို နှစ်ကောင်ပေးခဲ့ပါ"

တစ်ယောက်က ဆီးတောင်းတဲ့အတွက် ...

"မလုပ်ပါနဲ့ကွာ ကျိုးကန်သားတစ်ယောက်က သူ့လယ်တစ်ကွက်နဲ့ ကြွက်နဲ့လဲပါ ပြောပြီး လိုက်လာလို့ မနည်းပြောခဲ့ရတယ်"

နောက်ကို လှည့်ကြည့် လှည့်ကြည့် လုပ်ပြီး ပြောတယ်။ တမင် ရယ်စရာ မောစရာ သောစရာ ရွှင်စရာ လုပ်ပြနေမှန်း သိတဲ့အတွက် ပြုံးနေကြတယ်။ ဒါပေမယ့် ခပ်ကြီးကြီးလူက…

"ဒါနဲ့များကွာ၊ လဲခဲ့ရောပေါ့၊ လယ်တစ်ကွက်နဲ့ မလဲနိုင်ရအောင် မင့်ကြွက်က ဘယ်လောက်များ အဖိုးတန်လို့လဲ"

"အလိုလေး၊ ခင်ဗျား ဘာသိလဲ၊ လက်ထဲမှာ ရောက်နေတဲ့ ကြွက်လေးကောင်က ကင်စားမလား၊ ကြော်စားမလား သေချာပေါက် ရထားတာဗျ၊ သူ့လယ်က ရေမှ ရရဲ့လား၊ သစ်သီးဝလံ စိုက်လို့ရရဲ့လား၊ သေချာတာ မဟုတ်ဘူး လယ်မြေဆိုတာ လွဲပြောင်းပေးကမ်း မလုပ်ရတဲ့ စည်းကမ်းကလည်း ရှိတော့"

"အမယ်လေးဟဲ့ တွေက်ကြီး။ ငါးခူသေပြီး ဝင်စားသို့ ဒါလောက် တွက်နေရတာလားဟဲ့ယ်"

ခပ်ကြီးကြီး လူက ရှုံ့မဲ့ပြီး သရော်တဲ့အတွက် ကျန်လူတွေပါ ရောနှောပြီး ရယ်မောမိကြတော့တယ်။

❊ ❊ ❊



## မှို့ရှားမည် ရှေ့ရှားမည်

အဲဒီလူကြီးက လယ်ယာလုပ်ငန်းမှာသာ ဇွဲစပ်သေချာတာ။ အနေအထိုင်ကျတော့ "ပေ" ချင်တယ်။ နေထိုင်မကောင်းတာကို "ပေ"ပြီးခံနေတယ်။ ရောဂါဝေဒနာဆိုတာလည်း ဆဲဆိုငေါက်ငန်းနေလို့ပျောက်တာ မဟုတ်ဘူး။ ကျွမ်းကျင်တဲ့ဆေးဆရာ ရဲ့ ကုသမှုပျောက်တာ။

အိမ်သူဇနီးက တတွက်တွက်ပြောတော့မှ နားညည်းမခံနိုင်တာနဲ့ ဆေးဆရာဆီသွားတယ်။ ဆေးဆရာက စေတနာဆရာဖြစ်တဲ့အတွက် ဆေးပေးရာမှာ ရက်ရောတယ်။ ဒါကိုလည်း ဒီလူကြီး မကျေနပ်ဘူး။ ခတ်တာက ရောဂါသက်သာတယ်။ ဒီတော့ ဇနီးသည်ကို အပြစ်မပြောသာဘူး။

ဒါပေမယ့် တစ်နေ့မှာတော့ မိတ်ဆွေ သူငယ်ချင်းတွေ လူမမာမေးဖို့အတွက် ရောက်လာကြတယ်။

"ဘယ့်နှယ်နေသေးလဲ"

"သက်သာပါပြီ"

"ဖြေပုံကစိတ်မပါတပါ။

"သက်သာရုံမဟုတ်ဘူး၊ ဒီဆရာက အလွန်စေတနာကောင်းတာ။ တော်ရုံတန်ရုံ ရောဂါဟာ သူ့စေတနာကို အားနာ

တာနဲ့ ပျောက်ရော''

''ဒီအခါလူမမာကြီးရဲ့မကျေနပ်စိတ်က ထောင်ထလာပြီး…

''ကောင်းပါ့ဗျား၊ စေတနာကောင်းပါ့။ ပေးလိုက်တဲ့ဆေးတွေကိုက ခေါင်းအုံးထဲကို မှို့တွေထိုးသိပ်သလား မှတ်ရအောင် သောက်လိုက်ရတာ။ ဆေးလိမ်းလိုက်ပုံများတော့ ကျောက်ကြမ်းရုပ်ကို အင်္ဂတေကိုင်ထားသလား မှတ်ရ''

''ကောင်းတာပေါ့ဗျာ။ ဖွဲ့နေတာတွေပွင့်သွားတာပေါ့''

''ပူလိုက်ပုံများကတော့ တုံးပုံးထဲ ဝင်ထိုင်နေရတဲ့ အတိုင်းပါကလား။ အလိုလေး၊ ပွင့်လိုက်ပုံနှယ်၊ ရေစည်လှည်းအသို့ ပွင့်ကျသလားမှတ်ရ။ တရဟောကို စိုင်းနေပါရောလား''

သူ၏ မကျေနပ်သံမှာ လူနာမေးသူများအတွက် ဟာသဖြစ်သွားရတယ်၊ ရယ်မောသံကြီးဟာ အုန်းခနဲထွက်လာလို့ မပြီးသေးဘူး၊ တခစ်ခစ်တဟီးဟီးနဲ့ ဆက်ရယ်နေသေးတာက သံသေးသံကြောင်တွေ။

❊ ❊ ❊

## ယခင်နှင့်ယခု

ကမ္ဘာကြီးဟာ အလွန်လျှင်လျှင်မြန်မြန် ပြောင်းလဲနေသလို မြန်မာနိုင်ငံကြီးကလည်း ရှေ့ကို အလျှင်အမြန်ချီတက်နေတယ်။ ပြောင်းလွဲနေတာ အံ့မခန်းပဲ။ တိုးတက်နေတာတွေ တရကြမ်းပဲ။



အဲဒါကို ကျီးသဲသားပါးစပ်က ရင့်ကျူးဖို့အတွက် ကိစ္စတစ်ရပ်ဖြစ်ပွားလာတယ်။ ကိစ္စက ရွာသားတစ်ယောက် ပိုးထိလာတယ်လေ။ ပိုးထိတယ်ဆိုတာ မြွေကိုက်ခံရတာကို ခေါ်တာပါ။

ပိုးထိထိချင်း လူနာကိုရွာသားကြီးဆေးခန်းကို ပို့ကြတယ်။ နီးလှတဲ့ ခရီးမဟုတ်ပေမယ့် အဝေးကြီးတော့လည်း မဟုတ်ဘူး။ အဓိကကတော့ သတိဝီရိယရှိတာ ညီညွတ်တာ အဓိကပါပဲ။

ဆေးဝါးကဦးတော့ လူနာအသက်ချမ်းသာရာရတယ်။ ရက်ပိုင်းအတွင်းမှာပဲ လူကောင်းပကတိ ဖြစ်သွားတာကို ကြည့်ပြီး ကျီးသဲသား တစ်ယောက်က ဟောဒီလိုရေရွတ်တယ်။

လူနာလာမေးတဲ့ လူတွေမှာ ဝေါခနဲရယ်မိကြတယ်။ ရယ်သံစဲစမှာ နောက်တစ်ယောက်က…

''တွင်ခုပ်ရ စုပ်ရတာလည်းပြောပါဦး''

''ခုပ်လိုက်ရည့်တွင်၊ စုပ်လိုက်ရတဲ့တွင်၊ အကိုက်ခံရတဲ့ နေရာပတ်ပတ်လည်မှာ ပျားသလက် အုံ့က အပေါက်တွေလား မှတ်ရ''

တွင်ခုပ်တာ တွင်ခုပ်တာဟာ လေလုံတဲ့ဖြန့်ရှည် မကျဉ်း မကျတဲ့နဲ့ မြေဆိပ်ကို စုပ်ထုတ်တာပါပဲ။ ပျားသလက်ဆိုတာကတော့ ပျားအုံလေ။

"အုန်းရှည် သောက်ရပုံကတော့"

"ဘာပြောကောင်းမလဲကွာ။ ဆန်ဆေးရည် အပုပ်ကို ဝါးကျည်တောက်ထဲထည့်ပြီး နွားတိုက်နေသလား ထင်ရတယ်ဟေ့"

ရှယ်သံကြီးက ဝေါခနဲလိမ့်ထွက်လာတယ်နော်။

"ဒါလောက် လုပ်တာတောင် ဖိတ်တာစင်တာကများသေးတယ်။

"အေးကွ။ အခုများတော့ ဘီပီအိုင်က ဆေးတန်ခိုးကြောင့် မြွေကိုက်တာမပြောနဲ့၊ နဒ္ဒောပနန္ဒနဂါးမင်းက ဦးနှောက်ကိုလာပြီး ဖောက်စားဦး။ အရေးမလုပ်တော့ဘူးဟေ့"

"အေးဗျာ၊ ဘီပီအိုင်ဆေး ဒွမ်းလို့လား၊ မသိဘူး၊ ဘရစ်ပယ်ဆာလဖာ တစ်ပြားကို တစ်ကျပ်၊ အလိုလေး"

အတောမသတ် ရယ်မောသံကြီးဟာ ပေါက်ပေါက်ဖောက်သလို ညံသွားပါတော့တယ်။

❊ ❊ ❊



## ရှားပုံကိုဖွဲ့

လက်ပံပင်များအနေနဲ့ ပြာသိုတပို့တွဲမှာ အပွင့်ရဲရဲ၊ သက်ရက်သံ တညံ့ညံ့နဲ့ စည်ကားစမြဲပါ။ ဘယ်သူမှ လက်ပံပွင့် တွေကောင်းလိုက်တာလို့ မချီးမွမ်းပါဘူး၊ တစ်ခုသော နှစ်မှာတော့ လက်ပံပွင့်တွေဟာ လူတွေဂရုစိုက်အောင် လုပ်ကြရော့ထင်ရဲ့၊ မဖူးမပွင့်ဘူး။

အဲဒါကို ဦးဆုံးသတိပြုမိသူက ဦးအေးလေ။

"ဟဲ့ လက်ပံပင်တွေ ဘာဖြစ်ကြတာလဲဟင်၊ ငြိမ်သက်တိတ်ဆိတ်နေလိုက်တာ တစ္ဆေခြောက်မတတ်ပါကလား"

ဒီအခါမှာ အခြားတစ်ယောက်က မော့ကြည့်ပြီး····

အဲဒါကြောင့် နောက်တစ်ယောက်က ···

"ပူစရာမရှိ မပူစမ်းပါနဲ့ကွယ်၊ တို့ဆီမှာ မပွင့်ပေမယ့် မြင်းမူမုံရွာ ဆလင်းကြီးဘက်မှာ ပေါလွန်းလို့၊ ကောက်မယ့်လူ တောင်မရှိဘူး"

"ခင်ဗျားကသာ ကောက်မယ့်သူ မရှိဘူး ပြောနေ။ ဟိုဘက်တွေမှာ မိုးခေါင်လို့ လဲမှို့ မပြောနဲ့၊ လူမမာ့ပါးစပ်ထဲ ရေစက်ကလေးချပေးဖို့ ဝွမ်းတောင်ရှားလွန်းလို့၊ ပွဲစားတွေ ဂုတော ဘက်မှာ ခြေချင်းလိမ်နေပါကယား"

ဒါလောက်အထိ မဖြစ်မှန်းသိပေမယ့်၊ ပြောကဲ့လူ အကြောင်းပါတဲ့အတွက် တစ်ညီတည်း ရယ်မောမိကြတယ်။

❊ ❊ ❊

## ရွှေငုံးမင်းအမြီးတိုသည်

ယောက္ခမအမျိုးမျိုးရှိသည်။ ငေါက်ငမ်းဆူပူကြိမ်းမောင်းတဲ့ ယောက္ခမ၊ စောင်းမြောင်းညှူစူတဲ့ ယောက္ခမ၊ အဲဒါတွေက ယောက္ခမမိုက်တွေ။ ဒီသူငယ်ရဲ့ ယောက္ခမက၊ လိမ်မာတယ်၊ သား,သား နဲ့ အပျော့ဆွဲ။

ဒါကိုဆွေမျိုးတွေက သိတယ်။ သာတိထားတဲ့သူတွေက မြင်တယ်။ အဲဒါကြောင့် ပြောခွင့်သာမယ့်အချိန်ကို မောင့်မျှော် နေဆဲတစ်နေ့မှာတော့ စကားလက်ဆုံ ဝိုင်းဘေးကိုရောက် လာတယ်။

"လာပါပြီရှင်၊ ရွှေငုံးမင်းအမြီးတိုသည်၊ ခရီးအိုမဲလိုက် ပါလေးဆိုတာလို လူရုပ်မပေါ်တော့ပါလား"

"အစ်မကလည်းဗျာ"

"ဘာ အစ်မကလဲ၊ သား သားနဲ့ ချော့ခိုင်းတာ အကောင်းမှတ်လို့၊ နွားပြာကြီး အောက်သွားမရှိ"



"နင့်ကိုယ်နင် ငုံ့ကြည့်စမ်း၊ အရင်တုန်းက ရေစည်ပိပါ လောက်တုတ်တဲ့ပေါင်လုံးဟာ အခုချည်ငင်တဲ့ ဝင်ရိုးလောက်ပဲ ရှိပါတော့လား"

စကားဝိုင်းထဲကလူတွေ အုန်းခနဲ ရယ်တဲ့အတွက် သူငယ်ခမျာ ရှက်ကိုးရှက်ကန်း နဲ့ ထွက်ပြေးတော့တယ်၊ ဒါပေမယ့် ဝိုင်းဆွဲထားကြပြီး ....

"အစကတည်းက စဉ်းစားနော်၊ အတန်တန်ပြောတယ် မဟုတ်လား"

"မွန်နေတာကိုးဟဲ့"

"ငရုတ်သီးညှော် ကြက်သွန်ဖြူညှော်ထက် မွန်တယ် တော့"

သူငယ်မခံနိုင်တော့ပါ၊ အတင်းရုန်းပြီး ထွက်ပြေးလိုက်တဲ့ အတွက် ....

"ရပါတယ်၊ ရပါတယ်၊ အခုတော့ ရေငုံးကြီးအမြီးလို ယမ်းတန်း ယမ်းတန်းနဲ့ ဖြစ်နေပါပေါ့လား"

"ဝါး .... ဟား ....ဟား"

မချိတင်ကဲ ပြောသံနဲ့ ရယ်မောသံတွေက သူငယ်လေးရဲ့ နောက်ကို အတင်းပြေးလိုက်သွားကြပါပြီကော။

❊ ❊ ❊

## ရွှေမိုးကိုမျှော်

မိုးနည်းတာဟာ ဒီအရပ်ရဲ့ သဘာဝပဲ၊ မိုးခေါင်တာလည်း ဒီအရပ်မှာ မဆန်းလှပေ။ ယာသမားတွေ ညည်းတယ်၊ မူးရေသာ အားထားစရာရှိတဲ့ လယ်သမားတွေလည်း ညည်းတွားကြပါတယ်။ မူးရေက အပင်မသေအောင် ထိန်းထားရုံပဲ တတ်စွမ်းတာ မဟုတ်လား။

အဲဒီ အနိမ့်ဆုံး အားထားစရာဖြစ်တဲ့ မူးရေတောင် ပြတ်သွားနေတဲ့အတွက် လယ်သမားတွေ ခေါင်းချင်းရိုက်ကုန်ပြီ။ ရိုက်ပေမယ့်လည်း မူးရေဆိုတာကလည်း ဆည်ထဲမှာ ရေရှိမှလာနိုင်တာပါ။

"နောက်ခုနှစ်ရက်နဲ့ ရေမလာရင်တော့ စပါးပင်တွေဟာ တောနက်ကြီးထဲမှာ မအေပစ်ပြေးတဲ့ ရက်သားကလေးဖြစ်တော့မယ်"

"အလိုလေး .... နောက်ခုနှစ်ရက်ဆိုရင်တော့ ကွဲလိုက်မယ့်ပတ်ကြားတွေဟာ အဂ္ဂိလိမာလမှ ခုနိုင်မယ်"

အဲဒီလိုတစ်ယောက်တစ်ပေါက် မြည်တန်းနေကြတုန်းမှာ စကားဝိုင်းထဲကို လူတစ်ယောက် ရောက်လာပြီး ....

"ဘာမှ ညည်းမနေကြနဲ့၊ ကွင်းတိုင်း၊ လယ်တိုင်း၊ မြောင်းတိုင်း ရေဝေပေးမယ်တဲ့၊ စေ့ငှရမယ်တဲ့၊ အခုပဲပြောလိုက်တယ်" လို့ ဝမ်းသာအားရသတင်းပေးမယ့် ဆည်ထဲမှာ ရေနည်းနေတာ သိတဲ့လူတစ်ယောက်က .....

"ဟလူရာ.... ဒီမိုးအခြေ၊ ဒီဆည်ရေအနေနဲ့ စေ့ငှအောင်ဝေချင်ရင်တော့ ပင်နီစလင်ပုလင်းနဲ့ ထည့်ပေးမှန့်မှာပဲ"

"ဒါပေါ့ဗျာ၊ အဲဒီရေကို ဆေးထိုးအပ်နဲ့ စုပ်ယူပြီး ဖျန်းထားတာပေါ့"

ရေအတွက် ရတက်များနေသော်လည်း ရယ်စရာကြုံလာပြန်တော့ မရယ်မောဘဲ မနေနိုင်ကြပြန်ဘူး။

❊ ❊ ❊



## ဧလာတံခွန်တာလွှင့်လွှင့်

သားသမီးကို မခိုင်းစေချင်သော်လည်း မိဘများ အနေနဲ့ ကလေးတွေကို ခိုင်းကြတယ်။ ရေမခပ်နိုင်ဘူးလား၊ ထင်းမခွေနိုင်ဘူးဘဲ ထားပါဦး၊ ကစားနေတဲ့ကလေးကို ဒီနားမသွားစေနဲ့။ ဒါကို မကိုင်စေနဲ့ ဆိုတာလောက် မှာထားပြီး ကလေးကို ကလေးချင်း အထိန်းခိုင်းရတယ်။

သိကြတဲ့အတိုင်းပဲ၊ ဆင်းရဲပြီဆိုရင် ကလေးကို ကလေးချင်း ထိန်းရတာများတာပဲ၊ အခုလည်း မိခင်ဖြစ်သူက နို့စို့ကလေး ပုခက်ထဲအိပ်နေခိုက်မှာ နို့ညှာကလေးကို ခါးထစ်

ခွင်ပြီး သားဦးကို ဆိုက်ရှာနေလေရဲ့။

ဒီကလေးကလည်း ချလို့မရနဲ့ စိတ်ညစ်လိုက်တာ၊ တင်မောင်ဦးကိုတွေ့ရင် နင့်အမေခေါ်နေတယ် ပြောလိုက်စမ်းပါ''

ကိုယ်တိုင်ရှာလို့ မတွေ့တဲ့အခါမှာ ကြံသမျှလူတိုင်းလို မှာရတော့တယ်။

''အစ်မ …တင်မောင်ဦး ချား မတွေ့ခဲ့ဘူးလား။

''ညည်းသားများ မေးမှပေါ့တတ်ပလေအေ၊ ခုတောင်မှုား တွေ့လိုက်ပေမယ့် မြောက်ဖျား ရောက်ချင်ရောက်သွားတာ၊ ခြေထောက်က ခြေသောက်မှ မဟုတ်တာ၊ ရွှေဘော်ကို စီးနေသလားမှ မသိကာ''

ဒီတစ်ခါ တစ်ယောက်က သှမ်းပြောသေးတယ်။'

''နင့်သားရှာမယ့်အစား ကြိုးပြတ်သွားတဲ့ လေတံခွန် လိုက်ပြီးဖမ်းတဲ့၊ အလိုလေး …တစ်ပြေးတည်းပြေးနေလိုက်ပုံ များ ပျားတုတ်ခံရတဲ့ ခွေးပေါက်စလေးများ မှတ်ရဟေ့''

ပြောသူက ဣန္ဒြေကြီးနဲ့၊ အပြောခံရသူမှာ မျက်နှာသေ ကလေးနဲ့၊ ကြားရသူတွေမှာတော့ တပြုံးပြုံး၊ တအုန်းအုန်း။

❊ ❊ ❊



# လက်ကငါးပြား ခြေကငါးကျပ်ဖိုး

အသံချဲ့စက်သံဟာ နေရာတိုင်းမှာ လူတွေကို နှောင့်ယှက် နေတယ်၊ လူ နားခံသာတဲ့ အသံနှုန်းနဲ့ လိုအပ်လို့ သုံးတဲ့အခါမှာ သုံးရပါတယ်၊ အကျိုးလည်း ရှိမှာပါပဲ။

အခု တောင်ပိုင်းသားတွေ လမ်းပြင်လို့ သုံးတဲ့ အသံချဲ့စက် သံက နားပွင့်ထွက်တော့မလောက် ကျယ်လောင်ပြင်းထန်တာပဲ။ မြောက်ပိုင်းကြီးက ရွာလမ်းကြီးကို ပြင်တယ်၊ တာကိုဖို့တယ်။ အဲဒီတုန်းက တောင်ပိုင်းသားတွေက ခပ်ဖယ်ဖယ်ပဲ၊ သူငါ့နဲ့ မဆိုင်သလိုလို။

အဲဒီကလည်း မကျေနပ်တဲ့ မြောက်ပိုင်းသူတွေက အခုတော့ ခါးထောက်ပြီး ပြောပြီလေ။

''အမယ်လေးဟဲ့၊ အခါလည်သားကလေး ခြေတစ်လှမ်း စာရှိတဲ့ လမ်းကလေးကို ပြင်တာများ အသံချဲ့စက်ကြီးနဲ့ အော် နေလိုက်လေ။ မြို့ထဲကဆင်းလာတဲ့ ကြက်မ ကတော်နေသလား မှတ်ရ''

အားရပါးရ ငိုင်းပြီး ရယ်ကြတယ်။

''ဟုတ်ပ့ါ၊ တို့လိုဘ လမ်းအရှည်ကြီးကို ပြင်ရရင်တော့ လောကပါလနတ်တွေ ကြွေးကြော်သလို အဝီစိကိုများ အရောက် သွားပြီးအော်မလားမသိဘူး''

"ပြောမနေပါနဲ့ဟယ်၊ ငါးပြားဖိုး လုပ်တာကို ငါးဆယ်ဖိုး ထင်ေ ,င် ငါးရာဖိုး အော်နေတာပါ"

ဘိတ်ဲမိဟဲ့စကားမို့ အားရပါးရ ရယ်လိုက်ကြ၍ အသံဟာ အသံချဲ့စက်သံ ဖုံးလွှမ်းသွားမတတ်ပါပဲ။

❊ ❊ ❊

## လွှန်းကဖေလးသို့နှယ်

တင်မောင်ဦး ပျောက်ပြန်ပြီ။ သူ့အမေရှာပြန်ပြီး ကလေးတွဲလောင်း အင်္ကျီလုံချည် ဖရိုဖရဲနဲ့ ရှာရိုးလျှောက်ပြီး တင်မောင်ဦးရေ တကြော်ကြော်ေ ါလိုက်တာ လည်ပင်ကြောကြီး တွေထောင်လို့။

ဒီပုံဒီဟန်ကို ခြံစည်းရိုးပြင်နေတဲ့ လူကြီးတစ်ယောက်က သတိထားလိုက်မိတဲ့အတွက် ....

"ခေါ်လိုက်ရတဲ့ တင်မောင်ဦး။ သူ့အမေ လည်ပင်း ကြောကြီး ထောင်နေပုံကတော့ ဈေးထဲက ငါးမောင်ရိုး ခြောက် အစည်းကြီးကို ထောင်ထားသလား မှတ်ရဟေ့"

ထိုအခါ တစ်ဘက်အိမ်က အဒေါ်ကြီးကလည်း ....

"သကြိန်တွင်းကျရင် ဘာတာစားမလဲ မမေးနဲ့၊ ဝါးရွက် လဲမဟုတ်ဘူး၊ ငှက်အုန်းရွက်ထဲ ‌ ဘူး၊ တင်မောင်ဦး သာဖမ်းပြီး တာအိုးထဲမှာ ထည့်ထားကြပေတော့"



အဲဒါကြောင့် တစ်ဘက်အိမ် မီးဖိုထဲမှာ ထမင်းချက်နေတဲ့ မိန်းမကလဲ...

"ဟုတ်ပါ့တော်၊ တင်မောင်ဦးကို ခြေထောက်မှာ ဖွေပါချက်ကတော့ ဖယ်ခုံပေါ်ကဒိုး၊ ဟိုဘက်ဘောင် ဒီဘက်ဘောင် ပြေးနေတာကမှ နွေးလိမ့်ဦးမယ်၊ တကဲတည်း ရက်ကန်းစင်ထဲက လွန်းလားမေးယူရတယ်"

လူသုံးယောက်တို့ရဲ့ ရယ်မောသံကလေးက ရယ်အုပ်အုပ် ကလေး ထွက်လာတယ်။

❊ ❊ ❊

## လှုပါရဲ့လားဗျာ

လယ်သမား ယာသမားရဲ့ လက်ရုံးဟာနွားပါပဲ။ သိတယ် မဟုတ်လား။ နွားသမားတွေ နွားအရောင်းအဝယ်လုပ်ကြ တာလေ။ တချို့က အလိုက်ငွေကို မျှော်ကိုးပြီး လဲကြတယ်။ တချို့က ဈေးချိုတဲ့ နွားကောင်းကို မြင်ထားလို့ ရောင်းတယ်။

ဒ ၊ သားဖြစ်သူကတော့ သုံးစရာငွေကြေးလည်း ရစေ၊ နွားလည် ကောင်လုံးမပျက်အောင် အလိုက်ယူပြီး လဲလာတာ။ အဲဒီနွားကို ဖအေနဲ့ မအေသာမဟုတ်ဘူး၊ ညီကပါ အထင်သေး တယ်။

သိကြတဲ့အတိုင်းပါပဲ၊ အလဲအလှယ်လုပ်ဝါဘ သူတစ်ယောက်တည်းမဟုတ်တော့ တစ်နေ့မှာ အိမ်ရှေ့က ဖြတ်ပြီး နွားတစ်ရှဉ်းမောင်းသွားတာ မြင်ရတယ်။ သားက ဖအေကို အော်ခေါ်ပြီး .....

"တွေ့လား အဖေ။ အတိုင်းနွားဟာ ယူလာစတုန်းက လေလာရင် လဲမတတ်ပိန်ပိန်ကလေးရယ်"

သား ဘာပြောချင်သလဲ အဖေက သိတယ်။

သူလဲလှယ်ခဲ့တဲ့ နွားပိန်ဟာလည်း မကြာခင်မှာ ဒီအတိုင်းနွားလိုပဲ ဝလာလှလာမှာပါလို့ သွယ်ဝိုက်ပြီး မျက်ဖြေစကားပြောတာ။

"ဟေ့ကောင်၊ ငါးဟန်းငါးခါကျနဲ့ ကျောင်းထွက်လာတဲ့ မင်းသာပညာရေးမှူး ဖြစ်ကောင်းဖြစ်မယ်။ မင်းနွားကတော့ ဒီတစ်သက်မဝ၊ နောက်ဘဝအထိကွာ"

အဖေ့ စကားက သူ့နွားကို မျှော်လင့်ချက် ဝေးအောင် သရုပ်ဖော်လိုက်တာ ဖြစ်ပေမယ့် သားကတော့ ရယ်လိုက်တာ ပက်လက်ကြီးကို လန်လို့။

❊ ❊ ❊



# ဝါးဖြစ်သောကြောင့်ဝက်

ကျီးသဲသားတစ်စု ဝါးဝယ်ပြီး ပြန်လာကြတယ်။ ရွာအဝင်ရောက်တဲ့အခါ ကောင်းလှချည်လား၊ ဘယ်ဈေးလဲ ဘာလဲ မေးတဲ့ လူတစ်ယောက်ကို တွေ့ရတယ်။

ခပ်ပျော်ပျော်နေတတ်တဲ့ လူတစ်ယောက်က ဝါးဝယ်ပြီး ပြန်လာသူတွေထဲမှာ ပါလာတယ်။ မေးတဲ့လူက ဝလိုက်တာ။ မေးစေ့က နှစ်လုံးဖြစ်နေတယ်၊ ဝမ်းဗိုက်ကြီးပူနေပုံက သုံးတင်းဝင်ဆန့်အိတ်ကြီး ပွေ့ထားသလား မှတ်ရတယ်၊

အဲဒါကြောင့် စကားစပုံက ....

"ဝါးတွေဈေးတက်တယ်တဲ့ဗျာ၊ တောမှာ ဝါးတွေ သီးလိုက်တာ တစ်တောလုံးပဲတဲ့"

"ဘာဆိုင်လဲကွ"

"ဝါးသီးတော့ ဝါးပင်တွေသေမယ်၊ ဗုဒ္ဓဟူးနံ ဝါးတွေ ပျက်စီးနေတဲ့အတွက် ဗုဒ္ဓဟူးနေ့ ဝက်တွေလည်း စိုးရိမ်ရတယ်"

"ငါ့ကို မပြောနဲ့၊ မင်းသာဗုဒ္ဓဟူးနံ ဝမ်းလျှောပြီးသေမှာ"

း:သာ လက်ကောက်ဝတ်ရမှာ၊ ရွှေလက်ကောက် မဟုတ်ဘူး. သံလက်ကောက်"

ဝါးလှည့်တွေရယ်မောသံ စီညံပြီး ရွာထဲဝင်သွားကြပြီ။

❊ ❊ ❊

## ဝိပရိနာမ

စင်းလုံးငှား ဘုရားဖူး အဖွဲ့တစ်ဖွဲ့ဟာ ရွှေစက်တော်ဘုရား၊ ကျောင်းတော်ဘုရားနဲ့ မြသလွန်စတဲ့ အဲဒီအနီးအနားက ဘုရားတွေလည်ဖူးဖို့ ကားတစ်စီးကို ငှားလာခဲ့တယ်။ ကားပိုင်ရှင်နဲ့ အကျေအလည် ဆွေးနွေးပြီး တန်ရာတန်ဖိုးပေးပြီး ငှားလာပေမယ့် ယာဉ်မောင်းက ဂျစ်တစ်တစ်ပဲ။

ဘုရားဖူးအဖွဲ့က ယာဉ်မောင်းကို ရိုက်ပစ်မယ် တကဲကဲ ဖြစ်လာပြီ။ လူကြီးတွေကတော့ တော်ရုံလည်း သည်းခံတတ်တယ်၊ ခွင့်လွှတ်တတ်တယ်၊ ရှေ့နောက်လည်း ဆင်ခြင်တိုင်းထွာတယ်၊ ဒါကြောင့် ဖျောင်းဖျတားဆီးထားရတယ်။

ယာဉ်မောင်းဟာ ဒီဘက်ကို မောင်းပါလို့ ဘုရားဖူးအဖွဲ့ကပြောပေမယ့် ဟိုဘက်မောင်းချင် မောင်းသွားတယ်။ ရပ်ပါပြောသော်လည်း မကြားသလို လုပ်ချင်လုပ်တယ်၊ ရိုက်ချင်တဲ့ လူမဆိုးပါဘူး။

အဲဒါပဲဖြစ်ဖြစ်လေ၊ သူ့ဘေးမှာ ဘယ်သူမှမထိုင်တော့ဘူး၊ သူ့မျက်နှာကို မကြည့်ချင်တဲ့အတွက်။

အဲဒါနဲ့ ဘုရားတစ်ဆူဖူးပြီး ပြန်အလာမှာ မိန်းကလေးသုံးယောက်က ဆီးပြီးတားတယ်၊ ဘုရားဖူးအဖွဲ့ ခေါင်းဆောင်က ပါးစပ်ဟရုံရှိသေး၊ ကားကရပ်သွားပြီ။



"နောက်မှာတော့ နေရာမရှိတော့ဘူးကွယ်၊ ရှေ့ပိုင်းမှာပဲ တိုးတိုးဝေ့ဝေ့ ထိုင်ကြပေတော့" လို့ လှမ်းပြောရတယ်။ မကြာခင်မှာဘဲ ယာဉ်မောင်းရဲ့ ပါးစပ်ဟာ ပြုံးလာတယ်။ ရယ်သံတွေထွက်လာတယ်။ ချိုင့်တွေ့ရင် ဖြည်းဖြည်းမောင်းပြီး အသာကလေး ဂျိမ့်တက်တယ်။

ဒါကို ရည်ရွယ်ပြီး ဘုရားဖူးအဖွဲ့ဝင် မိန်းမကြီးတစ်ယောက် အသံစာစာ –စာစာနဲ့ သရော်လိုက်ကာကတော့....

"ဟဲ့ ဟဲ့ .... အရင်ရက်တွေတုန်းက ကြွပ်ဆတ်နေတဲ့ ပေါင်မုန့်အဟောင်းလို ကောင့်က အခုများတော့ ပျော့ပျောင်းနေလိုက်ပုံနယ် ပေါင်မုန့်လတ်လတ်ဆတ်ဆတ် နွားနို့ပြန်းကန်ထဲ လိမ့်ကျသလား မှတ်ရ"

ဖျစ်ညှစ်ရယ်တဲ့ အသံတွေ၊ ရယ်ချင်လို့ရယ်တဲ့ အသံတွေ၊ မရယ်ချင်ဘဲ အမြင်ကပ်လို့ ရယ်တဲ့အသံတွေဟာ လုံးလိပ်ပြီး ပေါ်လာလိုက်တာ ကားအမိုးကြီး ပွင့်ထွက်မခန်း။

❊ ❊ ❊

## ဝဲလည်ဝဲလည်

လကလေးသာနေတဲ့ အချိန်ဖြစ်တယ်၊ ရာသီအခါသမယကလည်း အလုပ်ပါးတဲ့အချိန်ဖြစ်၊ အဲဒါကြောင့် ကာလသားတို့ရဲ့ ကူရိယာ အဖွဲ့တစ်ဖွဲ့ဟာ ရွာထဲမှာ လျှောက်သွားနေလေရဲ့။

ရွာထဲမှာ ကွမ်းတောင်ကိုင်လို့ ခေါ်ရမယ့် အပျိုချောကလေးကတော့ ရွာရဲ့အရှေ့ပိုင်းမှာနေတယ်။ ကာလသားအဖွဲ့ဟာ ရွာရိုးလျှောက်တယ် ဆိုပေမယ့် အပျိုချောအိမ်ရှေ့ကို မကြာခဏ ရောက်ရောက်လာတယ်။

ပထမ နှစ်ခါမှာတော့ ကွမ်းတောင်ကိုင်ရဲ့ အိမ်နီးချင်း ဦးကြီးက ချောင်းဟန့်ရုံဟန့်ပြပြီး သတိပေးတယ်။ အရိပ်အကဲ နားမလည်တဲ့ ကာသလားတွေက တတိယအကြိမ် ရောက်လာပြန်တဲ့အခါမှာ …

“ဟေ့ကောင်တွေ ဟေ့ကောင်တွေ မင်းတို့မှာ လျှောက်စရာနေရာ ဒါလောက်ရှားသလား။ ဒီနားမှာချည်း တဝဲလည်လည်နဲ့ ဆီဆုံထဲကနွားကျနေပါကလားကွယ့်”

သိကြတဲ့အတိုင်းပဲ၊ ကာလသားဆိုတာ မျက်နှာပြောင်လူစားတွေဆိုတော့ သူတို့ကိုပြောတဲ့ စကားကိုပဲ ဟားတိုက်ပြီး ရယ်နေကြပါကလား။

❊ ❊ ❊



## ဝက်မြီးသီးအပင်

ဒီနေ့က ညီအစ်မတစ်တွေ ခေါင်းလျှော်ကြတဲ့နေ့၊ ခေါင်းလျှော်တယ် ဆိုရာမှာလည်း တောခလေ့ တောမူအကျင့်အတိုင်း အိုကြီးအင်ကြီးနဲ့ ထည့်ပြီး တအုန်းအုန်းခေါင်းလျှော်ကြတာ ပျော်စရာကြီးပါ။

ပိုပြီးပျော်စရာကောင်းတာက ခေါင်းကို အခြောက်ခံထားအပြီးမှာ ဖြီးတာဟာ အရမ်းပျော်စရာကောင်းတယ်။

ဆံပင်ကောင်းတဲ့လူဆိုရင် တစ်ယောက်တည်း မနိုင်လို့ အများဝိုင်းဖြီးပေးရတာ။

အဲဒါနဲ့ အငယ်ဆုံးကစပြီး ဆီထည့်တယ်၊ ဖြီးတယ်၊ ထုံးတယ်၊ ပတ်တယ်၊ တစ်ယောက်ကို ဆောင်ရွက်ပေးနေတုန်း၊ ကျန်ညီမတွေက သူတို့အလှည့်ကို စောင့်နေတယ်၊ အစ်မကြီးက ဘယ်လိုက ဘယ်လို အမြင်ရှုသွားတယ်မသိပါဘူး။

“ဖြေစမ်း …. ဖြေစမ်း နင်တို့ဆံပင်တွေ ဖြေပစ်စမ်း”

သိတယ်မဟုတ်လား၊ ခေါင်းလျှော်အပြီးမှာ အကြာကြီး ဆံပင်ကို ဖြန့်ထားရင် နိမိတ်မကောင်းဘူး ဆိုတာလေ။ အဲဒါကြောင့် နည်းနည်းခြောက်ချိန်မှာ ကျစ်ဆံမြီးကျစ်ပြီး တွဲလွဲချထားကြတယ်။

"ဘာဖြစ်လို့လဲ အစ်မကြီးရဲ့"

ငါ့မျက်စိထဲကြည့်ရတာ ဝက်ရဲ့အမြီးမှာ ရွှံ့လုံးကလေးေ
ကပ်နေတာ သီးနေတာနဲ့ တူလွန်းလို့ပါတယ်"

ကတ်သီးကတ်သတ် အတွေးခေါင်လိုက်ပါတဲ့ မမရ
ဆိုပြီး တသောသော ရယ်မောကြလေရဲ့။

❊ ❊ ❊

## သဗ္ဗာဂုဏ်ဆန်းစစ်ရာ

အပျော်တမ်း ဘော်လီဘောကစားဖို့အတွက် လူငယ်ေ
လူစုကြတယ်၊ လူစုံသလောက် ရှိပြန်တော့ မကစားနိုင်သေးဘူ
လူခွဲရသေးတယ်၊ လူခွဲပြီးတဲ့ အခါမှာလည်း ဘယ်သူမ
ကိုယ့်ဘက်ကသာချင်တဲ့စိတ်၊ နိုင်ချင်တဲ့ ညာဉ်အရ လက်ရ
ရှိတဲ့ လူကောင်းလိုချင်စမြဲကလား။

အဲဒါကြောင့် သူ့ဖက်ကသာတယ်၊ ငါ့ဖက်က ညံ့တ
ဖြစ်နေကြပြန်ရော၊ ဆွဲတုန်းက စိတ်ကြိုက်ဆွဲပေမယ့်၊ ငြင်း
အခါကျတော့ ကိုယ့်လူဟာ အလွန်အညံ့ လေဟ
ပြောပါလေရော။

"ဖိုးထော်ကဖြင့်ကွာ၊ ဘော်လီဘောပုတ်ပါဆို၊ နတ်ပင့်
သလားမေးရတဲ့ကောင်ပါကွာ"



ဒါလိုပြောပေမယ့် တစ်ဖက်က လက်မခံဘူး၊ လက်မခံပုံ
ကို ဟောဒီလို တင်စားတယ်။

"ဖိုးထော်လား မကစားတတ်တာ၊ အလိုလေးလေး
ိုးတော်အဋ္ဌနု သတ္တရာဇ် မဖြိုခင်ကတည်းက ဘော်လီဘော
ပုတ်လာတာ"

တစ်ဖက်ကလည်း မခံပါဘူး။

"ဒီလိုသာ ပြောကြစတမ်းဆိုရင်တော့ မင်းတို့ဘက်က
ားမောင်ကကော ဗြဟ္မာကြီးလေးယောက် တစ်ဖက်နှစ်ယောက်
ခွဲပြီး ဘော်လီဘော ကစားတုန်းက ဒိုင်လူကြီး လုပ်လာတယ်
မဟုတ်လား"

ကမ္ဘာတည်တာဟာ ဗြဟ္မာကြီး လေးယောက်က အစပြု
တယ်လို့ တချို့က ယုံကြည်တယ် မဟုတ်လား။ အဲဒါကို အစွဲ
ပြုပြီး တစ်ဖက်က ပြန်ပြီး ချေပလိုက်တဲ့အတွက် နှစ်ဖက်လူများ
ားတိုက်ပြီး ရယ်မောနေရပါတော့တယ်။

❊ ❊ ❊

## ဟဲ့ ဟဲ့ လူလား ဝက်လားဟဲ့

ကံစိတ်ဥတု အာဟာရကြောင့် ဖြစ်တည်နေတဲ့ လူသတ္တဝါ
အနေနဲ့ ရှော့တဲ့လူရှိသလို ပိန်တဲ့လူလည်း ရှိတယ်။ မပိန်မဝ အနေ
တော်လူလည်း ရှိတယ်။ ဒါဘာဆန်းသလဲ။ မဆန်းပါဘူး။

ဒါပေမယ့် လူတွေက အအန်းလုပ်ကြတယ်။ မပိန်မဝလူကို သိပ်ပြီးမပြောကြပေမယ့် ပိန်တဲ့လူကို ပြောကြပြီ။ ဝါးခြမ်းကို ထောင်ထားသလိုပဲ၊ သူ့အို သူ့နာရုပ်ကို အဝတ် ဝတ်ထား သလိုပဲ စသည်ဖြင့်ပေါ့လေ။

ဝပြန်တော့လည်း အပြောက မလွတ်ဘူး။ ဆင် တစ်ကောင် လုံး မြိုထားတဲ့ စပါးကြီးမြွေလို့ ပြောလိုပြော။ ပြွတ်အိုးလို့ ဆိုလိုဆို။ ကောသမင်းဗိုက်လို့ ခေါ်လိုခေါ်။ အပြစ်တင်မလွတ်ဘူး။

အခု ဝက်လက်ဈေးထဲကို ဝင်လာတဲ့ ကျီးသဲသူ လေးငါး ယောက်ဟာ လူဝကလေးတစ်ယောက်နဲ့ ကြုံကြပြီ။ ဒါပေမယ့် မမြင်ကြသေးဘူး။ ဟိုဟာကိုင်ကြည့်၊ ပြန်ချ၊ ဒီဟာကိုင်ကြည့် ဈေးနှုန်းမေး။ နမ်းပြီးပြန်ချ။ ပေဟာ လိုချင်တာတွေ စုံလို့ စိတ်လက် ပေါ့ပါးလည်းသွားရော ကိုလူဝ အခန့်သား ထိုင်နေတာ မြင်ပါလေ ရော။

"အမလေး ဝလိုက်တာ၊ ခြေဖမိုးတွေက အဖောသမားရဲ့ ခြေထောက်ကျနေတာပဲ"

"အေးဟဲ့ ... သူတို့များတော့ အသားပေါလိုက်တာ၊ လေကို ရှူတာတောင် ဝသလားမသိဘူး"

တတိယအမျိုးသမီးကတော့ ...

"အလိုလေး ... ဝလိုက်တာလူရယ်၊ ဝါးယောင်းမှိုကို သုံးခွက် တစ်ခွက်တင် ကျိုတိုက်ထားတဲ့ ဝက်သား မှတ်ရဟဲ့"



သူ့ကို ဝက်နဲ့နှိုင်းပေမယ့် ကိုလူဝသလေး ရယ်မောနေ ဟယ်၊ ကြားသမျှ ဆိုင်ပေါ်က ဈေးသည်တွေက ရယ်လိုက်ကြ တာကတော့ ဈေးရုံကြီး ပြုတ်ကျမတတ်။

❊ ❊ ❊

## ဟယ် သနားစရာပါလား

နှင်းတဖြောက်ဖြောက်နဲ့ ကောက်ရိတ်ချိန်။ ပြာရီမှောင်တဲ့ နှင်းထဲမှာပဲ ကျီးသဲသူ ကျီးသဲသားတွေ လယ်ထဲရောက်နေကြပြီ။ နှင်းမှုန်တွေကို ဖောက်သွင်းပြီး တေးသီချင်းသံတွေ တလွင့်လွင့် ပေါ့။

အဲဒီကောက်ရိပ်သူတွေကို အဝအလင် မဟုတ်ပေမယ့် သရေစာတော့ ကျွေးရတယ်။ အဲဒါကြောင့် မိန်းမနှစ်ယောက်ဟာ ကောက်ညှင်းပေါင်းတွေ ရွက်ပြီး လယ်တောဘက် ထွက်လာ ကြတယ်။ သက်ဆိုင်ရာ လယ်ကို သွားဖို့ပေါ့လေ။

တစ်ယောက်က ကောက်ညှင်းပေါင်း တောင်းကိုရွက်ထား ပြီး ကျန်တစ်ယောက်ကတော့ ရေနွေးကြမ်းအိုး တစ်ဖက်ဆွဲပြီး ရေအိုးကို ခေါင်းပေါ်မှာ ရွက်ထားလေရဲ့။

သူတို့ရှေ့က လှည်းသံကအီအီကြားနေရဘယ်။ မကြာခင် မှာဘဲ ဝေမှိုင်းနေဟဲ့ နှင်းတွေကြားထဲက ထင်းလည်းတစ်စီး

ပေါ်လာတယ်။ ရေအိုးရွက်တဲ့ မိန်းမဟာ ရှေ့ဆုံးလှည်းက နွားတစ်ရှဉ်းကို သတိထားမိတဲ့အတွက် ရှေ့ကသွားနေတဲ့ မိန်းမကို လှမ်းပြီး …

"အမေရာ၊ ရှေ့ကနွားတွေက ပိန်လိုက်တာ လဲကျမတတ် ပါ့ကလား"

"အလိုလေး သမီးရေ၊ ပိန်လိုက်ပုံများတော့ **နှင်းမှုန်ထဲက** တရွေ့ရွေ့နဲ့ ကမ္ဘာ့ဗွာန်းကောင်တွေ ထွက်လာသလား မှတ်ရတဲ့"

ပြောလည်း ပြောလောက်ပါပေမယ်။ နွားနှစ်ကောင်မှာ **အရိုးပေါ်** ရေတင်မို့ တလှုပ်လှုပ်ပဲ ရွေ့နိုင်ပါတယ်။

ဒါပေမယ့် အိပ်ငိုက်နေတဲ့ ထင်းလှည်း**သမား**တွေ အဖို့ရာ တော့ ဟာဒယရွှင်ဆေး တစ်ခွက်ပါပဲ။ ရယ်လိုက်ကြတာ အူလန်သည်းလန်။

❊ ❊ ❊





ယောကျ်ားပျိုကလေးတွေက မိန်းမပျိုကလေးတွေကို နောက်ပြောင်တာဟာ သဘာဝလို့ဆိုပြီး တချို့က ခွင့်လွှတ် ချင်ကြတယ်။ ဒါပေမယ့် စည်းနဲ့ ကမ်းနဲ့နေထိုင်တဲ့ မိသားစုကတော့ ခွင့်မလွှတ်ချင်ဘူး။

ဣန္ဒြေမရှိတဲ့ မိန်းကလေးကို နောက်ပြောင်လို့ ရတာနဲ့ ဣန္ဒြေရှင်မိန်းကလေးကို နောက်ပြောင်ရမလား။ သိက္ခာရှိသူနဲ့ သိက္ခာမဲ့သူကို တစ်တန်း ဘစ်စားတည်း မထားသင့်ဘူးလို့လဲ တချို့ စောဒကတက်ကြတယ်။

အခုကြည့်ပါ၊ လှလည်းလှ၊ ဣန္ဒြေလည်းရှိတဲ့အပြင် စာသင်ချိန်မှာ စာကိုပဲ စိတ်ဝင်စားတဲ့ မိန်းကလေး။

"တယ်လှပါကလားဟေ့၊ မျက်လုံးကလင်ကွင်းတစ်ဖက် သံလွင်တစ်ဖက်"

သံလွင်ဆိုတာဆိုင်းထဲမှာစည်းလိုက်ရာမှာအသုံးပြုတာ လေ။

သစ်တုံးပေါ်မှာ ထိုင်နေသူတွေ ဝေါခနဲ ရယ်ကြတယ်။ အဲဒီတော့ နောက်တစ်ယောက်က …

"အလိုလေး မျက်ခုံးမွေးက အပြားလိုက်ကြီးပါကလား၊ အထက်ဆင်ကို နဖူးပေါ်တင်ပြီး ပစ်ထားသလားမှတ်ရ"

"အေးကွ ဆံထုံးကလည်း ကောက်ရိုးတုံး ရွက်လာ သလား မှတ်ရဗျာ"

မိန်းကလေးအနေနဲ့ အတော် စိတ်ဆိုးသွားဟန် တူပါရဲ့၊ တုံ့ခနဲ ရပ်အသွားမှာ

"အဲ အဲ အခုလို ရပ်လိုက်ပြန်တော့ ယောက်မကို ထောင်ထားတဲ့အတိုင်းပဲ"

မိန်းကလေးခမျာ ဆက်မလျှောက်နိုင်တော့ဘဲ အိမ်ပြန်သွားတော့ ဟားတိုက်ကျန်ခဲ့တယ်။ ဒါပေမယ့် ကြာကြာ မရယ်လိုက်ရပါဘူး။ မိန်းမပျိုရဲ့ အဖေ ဦးဒိုးတဲ့ အစ်ကိုကြီး ဦးလေးတွေ ရောက်လာပြီး ရိုက်လိုက်ကြတာ၊ ဘာနဲ့ပြောကောင်းမလဲ၊ ငိုင်းတော် တီးဆိုင်းဝိုင်းထဲဝင်ပြီး ပတ်သံစမ်းသလားထင်ရတယ်။

❋ ❋ ❋

## အရှိုးကျုံ့ ရောဂါ

"ဟဲ့ ဟိုမိန်းကလေး ပိန်လှချည်လား"

အမျိုးသားကြီးက ကရုဏာသက်သံနဲ့ ပြောပေမယ့် သူ့ဘေးက လူကတော့ အမျိုးသမီးနဲ့ ရင်းနှီးလေတော့ အော်ပြီး ပြောတယ်။

"ဖြေးဖြေးလှမ်းလေ၊ ပေါင်တွေ ပွန်းကုန်မယ်"

အမျိုးသမီးက ပြုံးတယ်လေ၊ လမ်းလျှောက်တဲ့အခါမှာ ပေါင်ပွန်းတာဟာ ဝဖြိုးသူတွေမှ ဖြစ်တာ မဟုတ်လား။ ဒီအခါမှာ နောက်တစ်ယောက်က အချင်းချင်းလှည့်ပြော တယ်။



"နွားနို့ကလေး ဘာကလေးသောက်ဖို့ ကောင်းတယ်"

"အလိုလေး နွားနို့သောက်လိုက်သမှ၊ နွားမရဲ့ နို့နဲ့ ပါးစပ်ကို သလောက် (ရေတံလျှောက်) သွယ်ထားတာ မဝပါဘူး"

"နွားနို့သောက်လို့မဝရင် ဘားပလက် မစားဘူးလား"

"ဘားပလက်ပဲစားစား၊ ဘားမှောက်လျက်ပဲ စားစား၊ သူတို့ အမျိုးက ဘယ်တော့မှ မဝဘူး။ မကျေနပ်ရင် ဗိုက်ခွဲပြီး ဘီပီအိုင် စက်ရုံကြီး တစ်ခုလုံး ထည့်ချုပ်ထား၊ ဝမှာ မဟုတ်ဘူး"

"အင်း … သနားစရာ၊ ဘာရောဂါပါလိမ့်"

"အရှိုးကျုံ့ရောဂါ၊ ဒါပေမယ့် ကမ္ဘာမှာတော့ မရှိသေးဘူး"

ကမ္ဘာမှာမရှိသေးဘူးလို့ ပြောတော့မှာပဲ သဘောပေါက်ပြီး ရယ်နိုင်ကြတယ်။

❋ ❋ ❋

## အိမ်ငတ်နေသော အိမ်နီးချင်း

ကျေးသဲသား တစ်သိုက် ရန်ကုန်ကို ဘုရားဖူးလာကြတုန်းကပါ။ သူတို့အသိက ရန်ကုန်မြို့စွန် မြောက်ဥက္ကလာမှာ နေတယ်။ သူတို့လည်း တစ်နေ့လုံးလျှောက်လည်၊ ဘုရားဖူး ရုံးဆင်းချိန်မထိုင်မီ သေပြေးရှင်ပြေးပြန်ကြတယ်။

သူတို့တည်းတဲ့အိမ်နဲ့ ဘားလွှယ်ခုတ် အနေအထားသုံးအိမ်ကျော်လောက်မှာ အိမ်ခေတ်တစ်လုံး ဆောက်နေလေရဲ့ ပျဉ်ခင်း ဝါးထရံကာ ဓနိမိုးအိမ်ပါ။

အိမ်ဟာ မကြီးလှပေမယ့် ထုသံရိုက်သံက စဲတယ်မရှိဘူး။ တစ်ညမှာတော့ ကျေးသဲသားကြီး တစ်ယောက် အိမ်ရာက တစ်ရေးနိုးလာတယ်။ တဒုန်းဒုန်းအသံတွေ ကြားလို့ ပြတင်းပေါက်ဖွင့်ပြီး အပြင်ထွက်ကြည့်တယ်။

အိမ်ရှင်ကလည်း နိုးလာတဲ့အတွက် …

"ဘာကြည့်တာလဲ"

"အသံတွေကြားလို့"

"အဲဒါလား ဟိုအိမ်ကပါ"

ဒီအခါ ကျေးသဲသားကြီးက …

"အလိုလေးလူရယ် ့ုသူလေးပါး အိပ်နေတဲ့ အချိန်တောင် အောင့်အည်း စောင့်စည်း မနေနိုင်ဘူး။ အိမ်နဲ့ သိပ်နေ



ချင်လှပြီနဲ့ တူရဲ့။ အင်း … ထူပါရိုက်ပါ။ နောက်ဘဝတုန်းက ယိမ်နဲ့ မနေခဲ့ဘူးတော့ မသေခင်လေး အိမ်နဲ့ နေသွားရမှာ၊ အလိုလေး အိမ်ငတ်နေတဲ့ မသိသား ဆိုးဝါးကောင်းရယ်"

တစ်ရပ်ကွက်လုံး အိပ်ပျော်နေချိန်မှာတောင် လူယဉ်ကျေးမှုသိ၊ လူ့စည်းကမ်းမသိတဲ့ အိမ်နီးချင်း၊ အခုလို အပြောခံရတာနည်းတောင်နည်းသေးတယ်လို့ တွေးပြီး ကျိတ်ပြုံးနေသူကတော့ အိမ်ရှင်ရယ်ပါ။

❊ ❊ ❊



## ညောင်နီချောင်းက ဦးပေါ်ဦး

မြောက်ဥက္ကလာပမှာ ညောင်နီချောင်းသား သုံးယောက်တို့နဲ့ မိတ်ဆွေဖြစ်ဖူးတယ်၊ တစ်ယောက်က ဦးပေါ်လာ၊ နောက်တစ်ယောက်က ကိုမန်းကျော်နဲ့ နောက်တစ်ယောက်က ကိုသာဦးတို့ ဖြစ်ကြတယ်။

သူတို့ပြောတဲ့စကားတွေက ရယ်လည်းရယ်ရ၊ နာသာခံခက်နဲ့ စိတ်ဆိုးရအခက်၊ စိတ်မဆိုးရအခက်။ ဒါပေမယ့် ထိမိတာတော့အမှန်ဘဲ။ ဒါနဲ့ သူတို့ဇာတိကို စုံစမ်းတော့ ညောင်နီချောင်းကဆိုတာ သိရတာပါဘဲ။

ညောင်နီချောင်းရွာအမည်နဲ့ ရွာတွေအများကြီးရှိမှာပါ။ ဒါကြောင့် မြို့နယ်ကိုမေးတော့ မကွေးတိုင်း၊ ဆိပ်ဖြူမြို့နယ်ကတဲ့။ ဆိပ်ဖြူကနေပြီး ဆိပ်ဖြူ-ဆော သစ်ထုတ်လုပ်ရေးသမ်းမကြီးအတိုင်း လိုက်သွားရင်ရောက်ပါသတဲ့။ ဆိပ်ဖြူနဲ့ နိုင်သုံးဆယ်အကွာ ကားလမ်းဘေးက ရွာကြီးတစ်ရွာရယ်လို့ သိရပါတယ်။



ကိုသားဦး၊ကိုမန်းကျော်နဲ့ ဦးပေါ်လာတို့ မြောက်ဥက္ကလာကို ရောက်နေကြတာ နှစ်ပေါင်းနှစ်ဆယ်ကျော်ပြီဆိုပေမယ့် သူတို့ရဲ့ အညာဟန်နဲ့အညာသံကတော့ မပျောက်သေးပါဘူး။ သူတို့ ပြောတာကလေးတွေ သူတို့ကြားဖူးတာကလေးတွေကို တိတ်တိတ်ကလေးမှတ်သားခဲ့ ᐟᐟယ်။ အခုမှတ်မိသမျှ တင်ဆက်လိုက်ပါတယ် ရှုစားကြည့်ပါဦး။

❊ ❊ ❊

### ကီနွရာက ကလေးယာဉ်ယာဉ်

ဦးပေါ်လာက လူအေးကြီးပါ လူအေးပေမယ့် မကောင်းဘူး။ ဘာ့ကြောင့်လဲဆိုတော့ ရယ်စရာကို မရယ်မပြုံးဘဲ ပြောတယ်။ တော်တော်အခံရခက်တာ။

သူနဲ့မှ ဆန်ချတဲ့ကားက သွားတွေ့တယ်လေ။ သူကလည်း မိန်းမနေမကောင်းလို့ ဆန်သွားထုတ်တာ။ သူတို့အတွက် မရှိမဖြစ် အရေးကြီးတဲ့ဆန်ကို သယ်ပို့ပြီး ချနေတဲ့လူတွေကို အားလုံးဝိုင်းကြည့်နေကြတယ်။

၂၄ပြည်ပါတဲ့ ဆန်အိတ်ဟာ သုံးတင်းဝင်ရဲ့ တစ်ဝက်ပဲ ရှိတာ။ ဦးပေါ်လာရဲ့ အမြင်မှာ ပေါ့ပေါ့ကလေး။ အဲဒါကို ကောင်းကောင်းမထမ်းဘူး၊ လွှတ်ချတယ်။ စီရထပ်ရမယ့်နေရာမှာလည်း မညှာတာဘူး။ ဒီတော့ အိတ်တွေ မကွဲသင့်ဘဲကွဲ၊ ဆန်တွေ မလေလွင့်သင့်ဘဲ လေလွင့်- ရတယ်။

ကြည့်ရင်းကြည့်ရင်းနဲ့ ဦးပေါ်လာ မနေနိုင်တော့ဘူး။

"ကွယ်လေးတဲ့သူရယ်၊ ကလေးခေါင်းအုံးလောက်ရှိတဲ့ ဆန်အိတ်ကို ထမ်းတာများ လက်တစ်ဖက်နဲ့ ခါးထောက်ထားရသေးသလား"

ပြောတာက တိုးတိုးမဟုတ်တော့ ဆန်စောင့်နေသူတွေက ပြုံးကြတယ်။ သူကဆက်ပြီးတော့ …

"ဆန်အိတ်ထမ်းပါတယ်။ ဓာတ်စင်ပေါ်တက်ပြီး ရွှေမန်းတင်မောင် ကိန္နရာက ကနေသလားကွယ်၊ မျက်စိ စိတ်ဆင်းရဲလိုက်လေ"

လို့ ညည်းလိုက်တဲ့ စကားအဆုံးမှာတော့ **စောစောက** ပြုံးနေသူတွေ အနေနဲ့ အုန်းခနဲ ရယ်ပစ်ကြပြီ။

❊ ❊ ❊

## ကျည်ဆန်ထိပ်ဖူးပေါ်ဝယ်

မြောက်ဥက္ကလာပနဲ့ ရန်ကုန်အကြား ပြေးဆွဲနေတဲ့ သင်္ဘောသားကား **အမြန်ယာဉ်**ကလေးတွေဟာ **နာမည်ကြီး**ပဲ။ အမောင်းကြမ်း**တယ်**။ အရှောင်အတိမ်း **အကျော်အမော်** ရက်ရောတယ်။ **ခြေချော်လက်ချော်** ဖြစ်ပြီဆိုရင် **ပက်လက်**ပဲ။

အဲဒါကြောင့် ဒီကားတွေကို **ဦးပေါ်ဦးလာ မစီးဘူး**။ ကားကြီးတွေကို အချိန်ကုန်ခံပြီး စောင့်စီး**တယ်**။

"ခင်ဗျားဗျာ ကားကြီးတွေက တစ်နှစ်လောက် နေမှ တစ်စင်းပဲလာတာဗျ။ အချိန်ကုန်လှတယ်"

"တစ်သက်လုံးနေမှ တစ်စင်းပဲ လာလာဟေ့၊ စောင့်မှာပဲ"

"ကျပ်ကကျပ် မွန်းကမွန်းနဲ့။ ပြီးတော့ ခါးပိုက်နှိုက်"

"ငါတို့လည်း ခါးပိုက်နှိုက်ပါပဲကွာ၊ တစ်ဆယ်နဲ့ နေ့ -င်းချင်တဲ့ပစ္စည်း တစ်ဆယ်နဲ့ ငါးမူးရလဲ ယူလိုက်တာပဲ၊ ၁၁ - ကျပ်ဆိုပြုံးပြုံးကလေး"

"လာပါဗျာ၊ အမြန်ကားကလေးတွေမှာ ဒီပြင်လူတွေလဲ စီးနေကြတာပဲ၊ ဒါလောက်လဲ အမောင်းမကြမ်းပါဘူး၊ သတ္တိနည်းလိုက်တာ"

ဤသို့ ဆွပေးလိုက်မှ ဦးပေါ်လာ စိတ်ဆိုးလာတယ်။

"သတ္တိနည်းတာ မဟုတ်ဘူးဟေ့၊ စည်းကမ်းမဲ့တာကို အားမပေးတာ၊ တို့တောမှာ အခုထက်မြန်တာကို တောင်စီးလာတာ"

"တောကလှည်းများ ဘယ်လောက်မြန်လို့လဲဗျာ၊ ကတ်သီးကတ်သတ်"

"တို့အဘ လှည်းယာဉ်ကို စီးရတာ၊ ကျည်ဆန်ထိပ်ဖူးပေါ် စီးရသလားထင်ရတယ် ဆရာရေ သိပြီလား"

စကားပြိုင်ပြောသူ စိတ်ညစ်သွားတယ်။ ကားစောင့်နေသူတွေ ရယ်ကြတယ်။

ညောင်နီချောင်းရွာနှင့် အခြားရွာသားများ ဘောလုံးယှဉ်ပြိုင် ကစားတိုင်း ညောင်နီချောင်းက နိုင်တာများတယ်။ အဲဒီလို နိုင်တာဟာ ညောင်နီချောင်း ဘောလုံးအသင်းရဲ့ ဘောလုံးပညာ ကောင်းလို့ပဲပေါ့။

ဒါပေမယ့်၊ လွယ်တာကို လွယ်အောင် မကြည့်ဘဲ ခက်အောင် လုပ်ကြတယ်။ ရှုပ်အောင်လုပ်ပြီး ကြည့်ကြတယ်။ အဲဒါကြောင့် ညောင်နီချောင်းနိုင်တာဟာ အင်းမြုပ်လို့ ညစ်လို့ အစိမ်းတိုက်လို့ဆိုပြီး မဟုတ်သတင်းတွေ လွင့်ပျံ့လာခဲ့တယ်။

အဲဒါနဲ့ ညောင်နီချောင်းကို မနာလိုတဲ့ ရွာတစ်ရွာက ညောင်နီချောင်းဘောလုံးအသင်းနဲ့ ကစားဖို့ရက် သတ်မှတ်တယ်။ အင်းအိုင် ခါးလှည့် လက်ဖွဲ့တွေ လုပ်တယ်။ အဲဒါ အားကိုးနဲ့ ကစားလိုက်တာ ပထမပိုင်းမှာပဲ ၉-ဂိုးတိတိ ရှုံးတယ်။ ဒုတိယပိုင်း လည်းရောက်ရောလူချတော့တာပဲ၊ လက်သီးနဲ့ထိုးတော့တာပဲ၊ အဲဒါကြောင့် ညောင်နီချေ-င်းက ဆက်လက်မကစားဘဲ ကွင်းထဲက ထွက်အလာမှာ လမ်းက အသင့်စောင်နေသူတွေက ချောင်းရိုက်တယ်။

ညောင်နီချောင်းသားတွေမှာ ဘာမှကြိုတင်ပြင်ဆင်မလာတဲ့အတွက် နည်းနည်းပါးပါး ပြန်လည်ခုခံပြီး ပြေးကြရတော့တာပေါ့။ အဲဒါကို အကြောင်းပြုပြီး ညောင်နီချောင်းသား ဘောလုံး သမားတွေကို တစ်ရွာတည်းနေများက ကျီစယ်နောက်ပြောင်ကြတယ်။



"ဘောလုံးကန်ချေပါဆိုပြီး လွှတ်လိုက်ပါ၊ ခရမ်းသီးတောင်းကို ခေါင်းပေါ်ရွက်ပြီး ပြန်လာတဲ့ အကောင်တွေ"

သိကြတဲ့အတိုင်းပဲ၊ ခရမ်းရှည် အညိုသီးတွေကို တောင်းထဲမှာ ထည့်တဲ့အခါ အဖျားပိုင်းကို အပေါ်ထောင်ပြီး စိစ်ရိရိ ထည့်တဲ့အတွက် ညိုညိုနီနီ ဖုဖုချွန်ချွန်ကြီးတွေ ပေါ်နေတယ် မဟုတ်လား။ ဘောလုံးသမားတွေရဲ့ နဖူးနဲ့ ခေါင်းမှာ **ခရမ်းညိုသီးနဲ့တူတဲ့** အဖုတွေ စီရိပြီး ပါလာတာကို ရည်ရွယ်ပြီး **ခရမ်းသီးတောင်းခေါင်းပေါ်ရွက်တယ်လို့** ပြောကြတာ။

**ဒီအဓိပ္ပါယ်ကို သိတဲ့လူတိုင်းက အဲဒီလို ပြောသံကြားတိုင်း** မရယ်ဘဲ မနေနိုင်ဘူး။

❊ ❊ ❊

## ဂိုးခနဲ ဂိုးခနဲ

လာပြန်ပြီ၊ ဘောလုံးပွဲပါပဲ။

ညောင်နီချောင်းနဲ့ ကျောင်းရွာတို့ရဲ့ ဘောလုံး အကြိုဗိုလ်လုပွဲပါ။ လာလိုက်ကြတဲ့ ရွှေပွဲလာ ပရိသတ်။ ဓားကြီးထမ်းလို့တစ်မျိုး၊ ယာထဲသွားရင်းနဲ့ ဝင်ကြည့်တာလေး ထင်းစည်းထမ်းလို့တစ်ဖုံ၊ ထင်းခွေရင်းနဲ့ ရောက်လာကြတာလေ။

သူ့ဘက်ကိုယ့်ဘက် ပရိသတ်ကြားလူအပြင် ရွာပေါင်းစုံက ကလေးပရိသတ်ကတော့ ထောင်ချီပြီး ရှိတဲ့အတွက် စည်ကားတဲ့ ဘောလုံးပွဲပါပဲ၊ နှစ်သင်းစလုံးအနေနဲ့ သန့်သန့်ရှင်းရှင်း ကစားကြတယ်။ အားကြိုးမာန်တက်လည်း ရှိကြတယ်။

ပရိသတ်ထဲမှာ ညောင်နီချောင်းသားတွေလည်းပါတယ်။ လိုရမည်ရ သဘောနဲ့ လူအင်အားစုပြီး တမင်လာတာ။ဒါပေမယ့် သိကြတဲ့အတိုင်းပဲ ညောင်နီချောင်းက ဘောလုံးမှာတော်သလို ပါးစပ်ကလည်း တော်တယ်။

ပွဲစကသည်းက ညောင်နီချောင်းက ဖိထားတယ်၊ ဂိုးသွင်းတဲ့ဘောလုံးတွေက တစ်လုံးပြီးတစ်လုံး၊ဒါပေမယ့်သွင်းတိုင်းဝင်တာ မဟုတ်ပါဘူး။ အဲဒီမှာ ညောင်နီချောင်းသားဂိုးဝင်တာ မဝင်တာကို မပြောဘူး။

"ညောင်နီချောင်းကတော့ ဂိုးတွေ သွင်းပါတော့မယ်ဗျာ၊ ကွယ်လေးရဲ့ သွင်းလိုက်မယ့် ဂိုးတွေကတော့ မိန်းမတွေစုပြီး ပဲကြီးရေစိမ် ညှစ်နေတဲ့အတိုင်း နေတော့မှာပဲ ဟေ့"

ကျောင်းရွာသားတွေက မကျေနပ်ဘူး၊ ဒါပေမယ့် ပရိသတ်နဲ့ညောင်နီချောင်းသားကတော့ ဟားတိုက်ရယ်တာပေါ့။

❀❀❀



# ဃဥ္စီကာရဓေဏ်

ကျေးလက်တောရွာမှာ ရွာလှည့် ဈေးသည်ဆို ဈေးသည်တစ်မျိုးရှိလေရဲ့။ သူက ရွာစုတစ်စုကို ရက်ခြားလာတယ်။ မလာတဲ့ရက်က တခြားအစုကို သွားပြီး ရောင်းနေလို့။

သူ့အနေနဲ့ ဝေးလံတဲ့ မြို့ဈေးကို မသွားနိုင်တဲ့သူတွေအတွက် အတော်ကြီး အားထားရတဲ့ ဈေးသည်ပါ။ သူ့ဈေးတောင်းထဲမှာ ကျေးလက်သူ ကျေးလက်သားများ အမှန်လိုမယ့် ပစ္စည်း၊ နှစ်သက်မယ့်ပစ္စည်း၊ သရေစာအစ၊ မီးဖိုချောင်ပစ္စည်းအဆုံးပါတယ်။ ဈေးလည်းသိပ်မများရဘူး။

နောက်တစ်ချက်ရှိသေးတယ်။ အဲဒီဈေးသည်အနေနဲ့ သူ့မှာပါတဲ့ ကုန်ပစ္စည်းကို ဆန်နဲ့ရောင်းတယ်။ စပါး၊ ပဲ၊ ပြောင်းနဲ့ ရောင်းတယ်။ အဲဒါအပြင် အကြွေလည်း ပေးသေးတယ်။

အဲဒါနဲ့ တစ်နေ့မှာတော့ ရွာလှည့်ဈေးသည်ဟာ ရောင်းချစရာ ပစ္စည်းမပါဘဲ ညောင်နီချောင်းရွာကို ရောက်လာတယ်။ လာရမယ့်ရက်မဟုတ်ဘဲနဲ့ ဘာပြုလို့လာတာလဲ။ ဈေးတောင်းကော။

"ဈေးမထွက်နိုင်တာသုံးရက်ရှိပြီ၊ အရင်းပြုတ်တော့ မလို့ ဖြစ်နေလို့ ကြွေးတွေ လိုက်တောင်းနေတာ"

လို့ပြောပြီး စာရင်းစာအုပ်ကိုဖွင့်တယ်။ ပေးသူရှိတဲ့အခါ ယူပြီး ရက်ရွှေ့တဲ့တွေ့ရင် သနားအောင် တောင်းပန်တယ်။ ဒီလိုနဲ့ အိမ်အတော်များများက ကြွေးတွေရခဲ့ပြီးတဲ့နောက် …

"ရှင်လှမေရေ၊ အုန်းဆီငါးမူးသားနဲ့ လက်ဖက်ခြောက် ငါးကျပ်သားဖိုးကလေး ပေးကြပါဦးအေ၊ ငါ့မှာ အရင်းပြုတ် နေပြီဟဲ့"

ပြောပြောဆိုဆို အိမ်ရှေ့သွားအရပ်မှာ ဝါဖတ်နေတဲ့ အမျိုးသမီးက လှည့်ကြည့်ပြီး …

"တော့် စာအုပ်ကို သေသေချာချာ ပြန်ကြည့်ဦး၊ ကျုပ်ဆပ် ပြီးပြီ"

"ဘယ်တုန်းက ဆပ်တာလဲအေ"

"ကြာပါပြီကောတော်၊ ဃဠီကာရဒြပ်ဟ္မာကြီး ကြာပွင့်ထဲက သက်န်းတွေ ယူသွားပြီး မြဲပဟ္မာပြည် ပြန်သွားတဲ့ နေ့ကတည်းက တော့်ကြွေးတွေကို ဆပ်လိုက်တာကော"

ရွာလှည့်ဈေးသည်မှာ ရှက်ပြုံးကလေးနဲ့ သူ့ဗသာ စာအုပ်ကို ပြန်ကြည့်နေရလို့ မရယ်အားပေမယ့် ချည်ဆွဲနေတဲ့ မိန်းမတွေ၊ ချည်ချနေတဲ့ မိန်းကလေးတွေကတော့ အားရှိပါးရှိ ရယ်ကြလေရဲ့။

❊ ❊ ❊



ဦးဒေါ်လာတို့ ကိုမန်းကျော်တို့ သူတို့အရပ်မှာ ရှိစဉ် တုန်းက ညောင်နီချောင်းဒေသ ဝန်းကျင်ဟာ တောရိပ်၊ တောင်ရိပ် ကောင်းတယ်၊ မိုးလည်းမနည်းလှဘူး။ အခုတော့ တောတောင် ခြောက်ခန်း စိမ့်စမ်းတွေလည်း ဆုတ်ကုန်ပြီ ပြောတယ်။ ဒါ ထားပါလေ။

တင်ပြချင်တာက တောရိပ်တောင်ရိပ် ကော အကြောင်း၊ မိုးမနည်းတဲ့အကြောင်းပါ။ တောရိပ် ေ ကောင်းပြီဆိုရင် သိကြတဲ့ အတိုင်းပဲလေ။ ငှက်ေ ရောက်ရှိစွဲကပ်စမြဲပဲ၊ ဒါကြောင့် လူတိုင်းလိုလိုမှာ ကလေးတွေ ကိုယ်စီနဲ့။

အဲဒီကိုယ်စီထဲက လူတစ်ယောက်က ငှက် ထုံးစံအတိုင်းပဲ ပျောက်နေကျ ဆေးမြီး‌နဲ့ကုတယ် ရက်အတော်ကြာတော့မှ ဆေးဆရာဆီ သွားပြီးခေ

"အဖျားတက်တဲ့ အခါ တုန်တက်သလ ဆေးဆရာက မေးတယ်။ လူမမာဖနီး

"တုန်တာတော့ မပြောနဲ့ ဆရာရေ၊ စုန်း ဘီလူးဝင်သလားမှတ်၊ ဟီးဟီးဟီးဟီး နဲ့"

ဆေးဆရာရဲ့ အိမ်သားတွေမှာ ေား‌ေ ကြည့်ပြီး ရယ်လိုက်ကြတာ အူတက်

❊ ❊ ❊

ညောင်နီချောင်းသား လူငယ်လေးတွေ အနေနဲ့
အေးဆေးတာ ရိုးသားတာပဲ များပါတယ်။ လယ်ထဲယာထဲမှာ ကြိုးကြိုးကုတ်ကုတ်လုပ်တယ်။ တောတက်တယ်။ ရောင်းစရာရှိ ရောင်းတာပေါ့လေ။

ဒါပေမယ့် သိတယ်မဟုတ်လား။ မြို့ကို အကူးအလူးများ ...ငယ်တချို့ကျတော့ မြို့ပြရဲ့ ပုံစံတွေကို မလွန်ဆန်နိုင်ဘဲ ...ကို ကူးစက်လာတယ်။ အထူးသဖြင့် ဆံပင်ရှည်မပါပဲ။ မြို့ ဆံပင်ရှည်ရောဂါ ပျောက်သွားပေမယ့် ကျေးလက်မှာ ...ဖြစ်နေတာ။

...ကျော်ရဲ့ ဦးလေးမှာ သားတစ်ယောက်ရှိတယ်။ ...ပဲလေ။ မြို့ပြရောဂါဟာ အဲဒီလူငယ်မှာ စွဲကပ်ပြီး ...ကိုက်နဲ့ ပခုံးထိ ဆံပင်ရှည်နဲ့ ဖြစ်လာတယ်။ ...ပေမယ့် သားအဖချင်း မျက်နှာချင်း မဆိုင်ဘူး။ ...တော့ သား ထမင်းစားနေတုန်း ဖအေကလည်း ...ဆိုင်တယ်။ သားကို စေ့စေ့ကြည့်မိတယ်။ ...က ပါးစပ်ထဲက ထွက်လာပုံက ...

...မင်း၊ ငါ့မှာ ဘယ်က အရူးလဲလို့ သေသေ ...ပါ၊ လက်စသတ်တော့ ငါ့သားပါကလား။



ဟော့ကောင် ... မင်းကိုယ်မင်း မှန်ထဲမှာ သေသေ ချာချာ ပြန်ကြည့်စမ်း၊ ဘုန်းကြီးကျောင်း စာတိုက်ဗီရိုအောက်က ခြူးရုပ် လား မှတ်ရ”

ခြူးရုပ်မှာ အမွေးတွေ မှင်ဆံတွေ ဝေနေတာကလား အစ်မတွေ ညီမတွေရဲ့ မျက်စိထဲမှာ အဲဒီအရုပ်ဟာ ကွင်းခနဲ ပေါ်လာပြီး အတောမသတ် ရယ်ကြတော့တယ်။

❋ ❋ ❋

## ဆီမှုတ် ခဏထားပါဦး

ကိုသာဦး ပြန်ပြောတာ ဖြစ်ပါတယ်။

ကျွန်တော်တို့အရပ်က ခင်ဗျား ကြားဖူးသင့်သလောက် ကြားဖူးပါလိမ့်မယ်။ မကြာခဏ ပြေးရသွားရတဲ့ အရပ်ပဲ။ အဲဒါတွေစိတ်ညစ်လို့ ဟောဒီ ရန်ကုန် မြောက်ဥက္ကလာပကို ပြောင်းပြေးလာတာပေါ့။

ထမင်းစားရင်း ထပြေးရ ပုန်းရ။ အိပ်နေရာကလည်း ထပုန်းရ ပြေးရနဲ့ နေလာခဲ့တာ တစ်နေ့မှာတော့ ကျွန်တော်နဲ့ မန်းကျော်တို့ ကိုပေါ်လာရဲ့ အိမ်မှာ အေးအေးဆေးဆေး စကား ပြော နေကြတာပေါ့။

အဲဒီလို အမှတ်မဲ့နေ “လာပြီ ... လာပြီ” အော်သံ လည်း ကြားရော၊ နီးရာတံခါးပေါက်က ခုန်ချပြီး ပြေးတာပေါ့။

ဗိုးဂျာဗာအုပ်

ဝင်မိဝင်ရာ ပုန်းမိပုန်းရာ ပုန်းကြတာ။ ချုံတစ်ခု အောက်မှာ လူ ၂၀ လောက်ဆုံမိနေတယ်။

အရေးထဲမှာ ကိုပေါ်လာရဲ့သားက သေးပေါက်ကြီးခဲထားသေးသတဲ့။ ဒါနဲ့ ကိုပေါ်လာက သူ့သားကို ခေါ်တော့ "ဗျာ" ပဲ ထူးတယ်။ လူမလာဘူး အဲဒါကြောင့် ...

"မင်းရဲ့ဗျာကို ထားခဲ့ပြီး ဂူလာစမ်းမြန်မြန်၊ ပြေးရာလွှားရာမှာ သေးပေါက်ကြီး တခဲခဲနှင့်၊ ဆိနှုဘ်ကို ခွေးချီလာသလားမှတ် အဲဒါကြီးလဲ ချထားခဲ့စမ်း"

ကြောက်ကြောက်ရွံ့ရွံ့ ထိတ်ထိတ်လန့်လန့် ကြားထဲမှာ ရယ်လိုက်ကြတာဗျာ၊ ဝက်ဝက်ကွဲပါရော။

❋ ❋ ❋

## ပုတက်ကျောနှင့် ပုန်းကျင်း

ရွာနီးဝန်းကျင် ရွာတွေ စုပေါင်းကျင်းပတဲ့ "မီးပေါင်းပွဲ" ကျင်းပတဲ့နေ့ဖြစ်တယ်။ ဘုန်းတော်ကြီးကျောင်းနဲ့ မြတ်စွာဘုရားကို မီးပူဇော်တာပါပဲ။ ဒါပေမယ့် တစ်ဦးတည်း တစ်ရွာတည်း မကျင်းပဘဲ၊ နီးစပ်ရာ ရွာတွေ စုစည်းပေါင်းစပ်ပြီး ကျင်းပဝ အတွက် မီးပေါင်းပွဲ ခေါ်တာပါပဲ။

ဖယောင်းတိုင်ဝယ်လို့ရတဲ့ အချိန်တုန်းကတော့ ဖယောင်းတိုင်သုံးတယ်။ ဖယောင်းတိုင်ရော ရေနံဆီ ပါ သိပ်ရှားသွား



…ကာ့ဆီမီးပေါ့လေ။ အဲဒါကို ထွန်းညှိပြီး တပျော်တပါး သွားကြပြန်တယ်။

တစ်နည်းအားဖြင့် ငယ်ရွယ်သူကလေးတွေ အလှပန်းပွင့်ချိန်ဆိုရင်လဲ ရနိုင်ကောင်းပါရဲ့။ ညောင်နီချောင်းသား ကာလသား လူငယ် နှစ်ယောက်အနေနဲ့ မီးပေါင်း အဖွဲ့နဲ့ လိုက်ဖို့ စုရပ်ကို ရောက်လာကြတယ်။ သူတို့လည်း သူတို့ တက်စွမ်းသလောက် ပြင်ဆင်လာသလို၊ အမျိုးသမီးတွေကလည်း အလှပြဖို့ ရှိုးရှိုးယဉ်ယဉ်နဲ့ ပြင်ဆင်လာကြတာပါ။

လူငယ်နှစ်ယောက်ထဲက တစ်ယောက်မှာ "ချစ်" ရှိတယ်။ မီးပေါင်းပွဲလှည့်စဉ်က စောင့်ဆိုးနေတဲ့ အလှတွေထဲက တစ်ယောက်ကို ပြတယ်။ အဲဒါသူ့ချစ်သူပဲပေါ့။ ပြီးတော့ မေးသေးတယ်၊ ဘယ့်နှယ်လဲ လှရဲ့လား။

"ကျောက်ပေါက်မာတွေပေါ်မှာ မိတ်ကပ်လိမ်းထားပုံက အောင်မယ်မင်း ပုတက်ကျောကုန်လား မှတ်ရတယ်ကွာ"

အလှကလေးရဲ့ ချစ်သူမဲ့သွားတယ်။

"ဆံပင်ကလည်း ခေါင်းပေါ်မှာကျီးကန်းသိုက်ကို ရွက်ထားတာထင်ပါရဲ့"

ချစ်ရှိသူတွန့်သွားတယ်။

"ချက်လုံးတွေကလည်း ရွာဆိုးကန်းက ပုန်းကျင်းထဲ ကျနေတဲ့ စကျင်ကျောက်လား မှတ်ရတယ်ဟေ့"

သူ့ဘာသာသူ ချီးချီးဖွဲ့ဖွဲ့ ပြောပြီး သူ့ဘာသာသူ တစ်အား ရယ်နေမှာလဲရဲ့။

❊ ❊ ❊

## ဖိုးခေါင်တောမှ ပြန်ခဲ့ပါ

မတ်တတ်နာ ဆိုတဲ့ ရောဂါတစ်မျိုးက အတော်ဆန်းတယ်။ တရှောင်ရှောင်နဲ့ ဖျားတာကို မတ်တတ်နာခေါ်သလို ဝမ်းတစစ်စစ် သွားနေတဲ့ နာတာရှည် ဝမ်းကိုက်သူ ကိုလည်း မတ်တတ်နာ ခေါ်ကြတာပဲ။ ဆေးဖိုးဝါးခ မတတ်နိုင်လို့ ဟိုဟာစားရင် ကောင်း နိုးနိုးစား၊ ဒီဟာလုပ်ရင် သက်သာနိုးနိုးနဲ့လုပ်၊ အဲဒါနဲ့ တစ်နေ့ တခြား ရောဂါရင့်အောင် လုပ်နေသူ၊ ရောဂါပိုးသယ်ဆောင်သူ ဖြစ်နေကြတဲ့ လူတွေဟာ မနည်းဘူး။

အခု အမျိုးသမီးကလည်း မတ်တတ်နာသမားပဲ။ ကျန်းလ း မကျန်းမာဘူး။ ဒါပေမယ့် အိပ်ရာထဲမှာ လဲနေတာ မဟုတ်း ၊ သွားသွားလာလာမို့ မတ်တပ်နာ သမားပဲ။ သူက ရောဂါမမွေးဘူး၊ ကုတယ်၊ ကုနေရဲ့သားနဲ့ မပျောက်တဲ့အတွက် နာတာရှည်လဲ ခေါ်ဆိုနိုင်တယ်။





တစ်နေ့ကျရင်တော့ ခပ်လှမ်းလှမ်းရွာက မိတ်ဆွေတစ် ယောက် လမ်းကြုံလို့ ဝင်လာတယ်။ သူငယ်ချင်းရဲ့ မိန်းမကို မြင်တော့။

"ငါ့နှမရယ် ပိန်လှချည်လား၊ ကွယ်လေးရဲ့ ပိန်လိုက်ပုံ၊ စက္ကူမကပ်ရသေးတဲ့ ယပ်တောင်လား မှတ်ရ" အစချီပြီး မေးဟယ်။ ဖြေတယ်၊ နောက်ဆုံးကျတော့ ဟောဒီလို အကြံပေးတယ်။

"ဗမာဆေးဆရာကောင်းကောင်းနဲ့ ကုစမ်းပါ့ ငါ့နှမရာ၊ နင့်ကြည့်ရတာ သယာဝတီမင်း ဖိုးခေါင်တော ရောက်နေပုံမျိုး ဖြစ်နေပြီ"

နာတာရှည်လင်မယားမှာ ရယ်မောနေမိကြတယ်။

❊ ❊ ❊

## ဘီလူးငိုပုံကိုဖွဲ့

လင်နဲ့ မယား လျှာနဲ့သွားလို့ ဆိုထုံးရှိတာနဲ့အညီ ရန်ဖြစ် ကြတယ်၊ ပူးကပ်နေတဲ့ လျှာနဲ့သွားတို့ ကိုက်မိသလို အမြဲတွဲယှဉ် ပူးကပ်နေတဲ့ လင်မယားလည်း ကတောက်ကဆ ဖြစ်ကြတာပါပဲ။ စိတ်နေစိတ်ထားညံ့ရင် အသေးအဖွဲ့နဲ့ ရန်ဖြစ်တယ်၊ တစ်ယောက် ယောက်က သည်းခံတတ်ရင်လဲ တော်ရုံတန်ရုံ ကိစ္စတောင် ရန်မဖြစ်ကြပါဘူး။ အဖေထက် အမေထက်၊ ဆွေမျိုးတွေထက်

ပိုချစ်ရသူရယ်'' ဆိုတဲ့ သီချင်းတောင်ရှိသေးတယ် မဟုတ်လား။ ဘာပြုလို့ ရန်ဖြစ်ရမှာလဲ။

အခုဖြစ်တယ်လေ။ အဓိကအကြောင်းကတော့ စားရေး နေရေးဖြစ်မှာပါ။ စကားများရင်း များရင်းနဲ့ မခံချင်စိတ် ဝင်လာတယ်။ ဒေါသပါလာတယ်၊ နိုင်အောင်ပြောချင်စိတ်၊ နာကြည်းအောင် ပြောချင်စိတ်တွေ လွှမ်းလာတယ်။

အဲဒါကြောင့် မယားက ဟောဒီလို .....

"အောင့်မယ်လေး၊ မနေချင်ဆင်းသွား၊ မနေချင်ဆင်းသွား ပြောရအောင် နင့်တဲကိုများ ရွှေနန်းတော် မှတ်နေသလား ၊ သူသဘာန်ဇရပ်ပျက်လောက်မှ မသားနားဘဲနဲ့'' လို့ ပြောတဲ့အခါ လင်က ချေပတယ်။

"အဲဒါဆိုလဲ ကြွပါ မြန်မြန်''

"သွားမယ်၊ သွားမယ်၊ နင်လိုကောင်မျိုးထက်သာတာတွေ ငါ့ရပ်၊ ငါ့ရည်နဲ့ ဆယ်ကောင်မက အချိန်မရွေး ရနိုင်တယ်''

"ကွယ်လေးရဲ့၊ ငါ့ရပ်ငါ့ရည်တဲ့၊ လှတယ်မဟုတ်လား၊ ချောတယ်မဟုတ်လား၊ သရဲပြေးပြီး ဘီလူးငိုမယ့် ရုပ်ကများ ငါ့ရုပ်ငါ့ရည်တဲ့ ကျုသကွာ''



လင်မယား ထသတ်ကြတယ်၊ အိမ်နီးချင်းတွေမှာ အူလှန်သည်းလှန် ရယ်နေကြလို့ ရန်ပွဲကို ဖျန်ဖြေဖို့ သတိမရကြဘူး။

❋ ❋ ❋

## မပါဘဲနေရချေရော့မည်

ညောင်နီချောင်းက လယ်သမား မိသားစုအိမ် တစ်အိမ်ကို ရပ်ဝေးက ဆွေမျိုးတွေ အလည်အပတ် ရောက်လာကြတယ်။ ရက်အတန်အသင့် နေထိုင်ပြီးတဲ့အခါ အရပ်ဒေသရဲ့ စီးပွားရေး အခြေအနေ၊ အိမ်ရှင်များရဲ့ အခြေအနေများကို ဆက်စပ်ရိပ်စားမိလာကြတယ်၊ ပြန်ဖို့ ကောင်းပြီလို့ နားလည်ကြတယ်။

အဲဒါကြောင့် ပြန်ဖို့ ပြင်ဆင်ကြတယ်၊ ပေးလိုက်နိုင်တဲ့ လက်ဆောင်ကတော့ ပျားရည်နည်းနည်း။ လွန်ဆံနည်းနည်း။ အသားခြောက်နဲ့ သနပ်ခါးတုံးပါပဲ။ ဧည့်သည်တွေအနေနဲ့ပ မြစ်ကူးချောင်းခြားက လာရတာမဟုတ်လား။ ပြီးတော့ သိကြတဲ့ အတိုင်းပဲလေ။ လူဆိုတာ သွားစရာ ရှိတာကို သွားလိုက်ရမှ စိတ်လက် ပေါ့ပါးသွားလေ့ရှိတယ် မဟုတ်လား။

အဲဒါကြောင့် ကားလမ်း ဘက်ထွက်မယ် တပြင်ပြင်ပေါ့၊ အိမ်ရှင်က စောပါသေးတယ် ပြောပေမယ့် ကားမမီလိုက် မှာလည်း စိုးရိမ်တယ်လေ။

"ဟဲ့... ကံစွန်းမက ကားဟာ စောစော ထွက်တယ်ဆို"

"စောစော ထွက်တယ်ဆိုပေမယ့်လူရမှ ထွက်တာပါ။ လူရတယ်တဆိုရမှာလဲ လက်ဖက်ခြင်း ကုပ်နှိပ်သလို ကျပ်ညပ်နေမှ ထွက်တာ အစ်မရဲ့"

"အေးလေ၊ ကိုယ်က စောစောကကြိုရောက်ထားရင် မကောင်းဘူးလား"

"စောပါသေးတယ် အစ်မရဲ့၊ အခုနေသွားရင်ထိုင်စောင့်နေရတာနဲ့ပဲ ဖင်ကိုခြစားလိုပ ကားရောက်လာတဲ့ အချိန်မှာ ထိုင်စရာ ဖင်မရှိဘဲ ဖြစ်နေမယ်"

ရယ်လိုက်ကြတာ၊ ဖင်ဆောင့်ပြီး ရယ်လိုက်တဲ့ဖြစ်ခြင်း။

❊ ❊ ❊

## ရေ၏ အတိမ်အနက်

ဒီအရပ်မှာ လယ်မြေ နည်းနည်းပါးပါးရှိတယ်။ ချောက်ကြီး မြောင်ကြားမြောင်ကြားနဲ့ မြေပြန့် အနည်းအပါးမှာပါ။ ဒါပေမယ့် လယ်ရှိရင် ဆည်မြောင်းဆိုတာ ရှိလာစမြဲပဲ။ မိုးကလည်း ခေါင်စပြုလာတဲ့အတွက် ဆည်မြောင်းလိုလာပြီလေ။

အဲဒါကြောင့် ခပ်လှမ်းလှမ်းမှာရှိတဲ့ ချောင်းကရေကို သွယ်ယူကြတယ်။ဒါပေမယ့် အဲဒီချောင်းက မိုးရွာဆဲ ခဏမှာသာ



တအားရေလာပြီး ခဏကြာတဲ့အခါ သဲပြင်ချည်း ဖြစ်နေတယ်။

လယ်စိုက်ချိန်ဆိုရင် လယ်သမားတွေမှာ မိုးမျှော်ရတာလည်း တစ်မှောင့်ပါ့ခဲ။ ပြီးတော့ အဲဒီဆည်က လယ်သမားတွေစုပေါင်းပြီး ဖြစ်သလို တည်ဆောက်ထားတဲ့ဆည်ဖြစ်တဲ့အတွက် ချောင်းရေများလွှမ်းရင်လည်း ဆည်ပျက်မှာ စိုးရတယ်။

ချောင်းညာမှာ မိုးညိုနေတာ မြင်ရတဲ့နေ့တစ်နေ့မှာ ိမ်ရှင်မက လင်ယောကျ်ားကို တိုက်တွန်းတယ်။

"ရေ သွားကြည့်ချေပါဦး"

"ကြည့်ဖို့ မလိုပါဘူးကွာ၊ မေးစမ်းကြည့်ပြီးပါပြီ။ တို့ ဘက်ကို မလာပါဘူး"

"တော်ကသာ မလာပါဘူး ပြောနေ၊ ဟိုဘက်အိမ်မှာ ပြာနေတာ ကြားရဲ့လား၊ လာလိုက်တဲ့ရေတွေ မုန့်ကျွဲသည်း ပင်ဗန်း ခေါင်းပေါ်ရွက်ထားလား မှတ်ရသတဲ့"

မယားက ပူညံပူညံလုပ်တော့ လင်ခမျာမှာ လယတဲကို ားရပြီ။ ရေသွယ်မြောင်းကို ကြည့်ရပြီ။ ရေက တခြားလယ်တွေ ဝင်နေရလို့ သူ့ဆီရောက်ဖို့ အဝေးကြီးလိုသေး၊ အဲဒါကြောင့် က်ဆိုးဆိုးနဲ့ ပြန်လာခဲ့ရာက အိမ်ပေါ်မတက်သေးဘဲ အိမ်ရှေ့က ပြီး ....

"ဟော့ …. ဟော့၊ ညည်းကသာ ရေတွေလာနေတာဘာဖြစ်တယ် ညာဖြစ်တယ်၊ ပြောပေမယ့် ငါတွေ့ခဲ့တဲ့ရေကတော့ မှောက်ရက်အိပ်တောင် ချက်မမြုပ်ဘူးဟေ့"

အော်ကျယ် … အော်ကျယ်ပြောတာမို့၊ အိမ်နီးနားချင်းတွေ ဟားတိုက်ရယ်ရတယ်။

❊ ❊ ❊

## လင်းနို့ချောကြီးလှပါတယ်

ကားဆိုတဲ့ ယာဉ်တစ်မျိုး မပေါ်ပေါက်ခဲ့ဘူးရင်လည်း အကောင်းသား၊ အခုတော့ ကားရဲ့ လျင်မြန်မှုကို သိထားပြီးတဲ့ လူတွေမှာ နွားလှည်းမစီးချင်ကြတော့ဘူး။ ကားကိုပဲ လည်ပင်းတရှည်ရှည်နဲ့ စောင့်ကော့တယ်။ တစ်ခါတစ်ရံမှာ မိုးချုပ်တဲ့အထိ ကားပေါ်မရောက်ဘဲ အိမ်ကို လှည့်ပြန်ရတတ်တယ်။

အဖိုးတန်တဲ့ အချိန်တွေဟာ ကားစောင့်ရင်း ပြုန်းတီးကုန်ကြတယ်။ ဒီနေ့ကော့ ချောင်ချင်ချောင် မချောင်ချင်နေ ကားရပ်လို့ကတော့ ရောက်အောင်တက်မယ်။ ကားပေါ်မှာ ရုန့်ဖြစ်ရုံမကလို့ သတ်ချင်လည်း သတ်ရစေတော့။

ခရီးသွားမယ့် မိသားစုအနေနဲ့ မှောင်ရီတင်ပြီး အိမ်က ထွက်လာတယ်။ ဒါပေမယ့် ခရီးသည်တင်ကား သစ်ကား ဝါးကား ဘာကားမှ မလာဘူး။ ဟော … ကားတစ်စီးလာပြီ။ လက်ပြတယ်။ ရပ်မပေးဘူး။ လူလည်း သုံးယောက်ပဲ ပါတယ်။ ဩော် … ဌာနဆိုင်ရာကား ထင်ပါရဲ့။

တစ်နာရီလောက် ကြာသွားတယ်။ လာပြန်ပြီ တစ်စင်း၊ ခတ်တပ်ရပ်တဲ့လူတွေရော ထိုင်နေတဲ့လူတွေပါ မြင်ရတယ်။ ခရီးသည်တင်ကား ဖြစ်ရမယ်။ လက်တားတယ်။ စက်ရှိန်လျှော့တယ်။ လိုက်မယ့်သူတွေ လုံချည်ပြင်ဝတ်တယ်။ စပယ်ယာတစ်စုံတစ်ရာ လှမ်းပြောတယ်။ ထွက်သွားပြီ။

အဖေအမေတို့ က လူကြီးမို့ ခွင့်လွှတ်နိုင်ပေမယ့် သားငယ်က ဆဲတယ်။ မျက်ရည်ဝဲနေတဲ့ အပျိုမကလေးကတော့ ….

"နေရာတွေလဲ ရှိရဲ့သားနဲ့ မသာ ကားသမားက ရပ်မပေးဘူး၊ သူ့ကားကြည့်တော့ဖြင့် စုတ်ပြတ်နေလိုက်တာ။ အောင်မယ်မင်း … လင်းနို့အိုကြီးရဲ့ အတောင်ကို လောကစလုံးနှံထားသလားမှတ်ရ"

အဖေနဲ့အမေ စာနာပြုံးနဲ့ ပြုံးကြပေမယ့် မောင်ငယ်ကတော့ သဘောကျသွားပြီး တအားရယ်တယ်။

❊ ❊ ❊

## သဏ္ဍာဂါအဆန်း

"ညို့သည်လာတယ်ဗျို့၊ မြေပဲကြော်ချဗျ၊ ထန်းလျက်နဲ့ ပေါက်ပေါက်ဆုတ်ချဗျာ၊ မုန့်သြဇာမရွေး"

"အငတ်ရွာက ညို့သည်လားဟေ့"

မြို့မှလာတဲ့ ညို့သည်ပါ မကြာခဏ ဝင်ထွက်နေတာမို့ ရင်းရင်းနှီးနှီးပြောတယ်။ အိမ်ရှင်မကလည်း ရင်းနှီးစွာနဲ့ပဲ တုံ့ပြန်တယ်။ မကျွေးဘဲထားရင် မီးဖိုထဲ ဝင်လာမှာစိုးတဲ့ အတွက် သရေစာတွေကို ထုတ်ယူလာပြီး တည်းခင်းညို့ခံတယ်။

သိကြတဲ့အတိုင်းပဲ။ အဲဒီသရေစာတွေက အကုန်လုံး ရေငတ်တာချည်းပဲ။ အမျိုးစုံအောင် စားမိတဲ့အခါမှာ ရေငတ်လာပြီလေ။

"ဘယ်လိုလဲဗျ။ ရေငတ်ပြီး ရင်ပူသေအောင် လုပ်တာလား။ ရေနွေးလေးဘာလေး ချပါဦးဗျ"

"ရေအိုးရှိတယ်မဟုတ်လား၊ သောက်ပါလေ့"

အိမ်ထဲမှ လှမ်းပြောတယ်၊ အမှန်က ညို့သည်မပြောခင်ကတည်းက ရေနွေးအိုး တည်နေဟန်တူပါရဲ့။

"ရေစိမ်း မသောက်ချင်လို့ပါဗျာ၊ ရေနွေးပေးစမ်းပါ"

မကြာခင်မှာပဲ ညို့ခန်းဝမှာ အိမ်ရှင်မ ပေါ်လာတယ်။



"ရေနွေးသောက်ချင် ုင်မဟာ စောင့်ပေဦးတော့။ အိမ်ကလှူခုတ်လာတဲ့ ထင်းတွေက ပဥ္စရူပခြေထောက်တွေ ချီတွေ ဖြစ်နေလို့ မီးထိုးရတာ ခက်တယ်။

ထင်းချောင်းတွေက ကောက်ကောက်ကွေးကွေး သိန့်သိန့် ဖယ်ဖယ်တွေ ဖြစ်တဲ့ဟန် တူတယ် ဆိုတာ တွေးမိတဲ့ ညို့သည်ဟာ ခေါင်းတညိတ်ညိတ်နဲ့ ပြုံးနေတယ်။

❊ ❊ ❊

## ဟာနုမာန်ယာခုပျံ

ဒီအရပ်ဒေသက လယ်သမားတွေဟာ အလွန်သနားဖို့ ကောင်းသလို ချီးမွမ်းဖို့လည်း ကောင်းတယ်။ ပျိုးပင်တွေကလည်း သတ္တိကောင်းတယ်။ ခေါင်းရွက်ပခုံးထမ်း ရေကလေးနဲ့ မသေအောင် အံခဲကြတယ်။ ပျိုးနုတ်တဲ့ အခါ တူရွင်းနဲ့ တူးဖြိုပြီး နုတ်သလောက်နီးပါး ခက်ခက်ခဲခဲ နုတ်ကြရတာ။

ပျိုးနုတ်နေဖို့ မလိုအောင် မိုးပြတ်နေရင်လည်း ကောင်းပါတယ်။ မျိုးဆုံးရုံဆုံးပြီး လူမပင်ပန်းဘူး၊ အခုတော့ မိုးကလည်းရွာ၊ ချောင်းရေကလည်း ကျလာတော့ တက်နိုင်သမျှ ရေတွေလှောင်ထားပြီး အပြေးအလွှား ထွန်ကြတယ်၊ စိုက်ကြတယ်။

ချောင်းရေမလာရင် မိုးရွာတယ်။
မိုးပြတ်သွားရင် ချောင်းရေလာလို့ မြောင်းကရေသွင်းနိုင်
တယ်။

လယ်သမားတွေ ဒူးနှံ့နေကြတယ်။ နှံ့မယ်သာနှံ့တာပါ။
သူတို့မှာ လယ်အများဆုံးရှိတဲ့ လူတောင် ငါးဧကထက် မပိုပါဘူး။

စပါးပင်တွေ ဖြည်းဖြည်းချင်း သန်မာဖြစ်ထွန်းလာ
လိုက်တာ တော်သလင်းလည်း ကုန်ရော၊ မိုးပြတ်သွားပြီ။
ချောင်းရေလည်း မလာတော့ဘူး၊ လယ်သမားတွေ မိုးနဲ့
ချောင်းရေကို မျှော်ကြပြီ၊ တမ်းတကြပြီ။

သီတင်းကျွတ်လပြည့်မှာတော့ လက်လျှော့သူ
လျှော့ပြီလေ။ ဒါပေမယ့် မလျှော့သူတွေက ဥပုသ်စောင့်ရင်း
ချောင်းညာကို မျှော်ကြည့်တယ်။ မိုးရိပ်မိုးဆင်များ ရှိလေသလား။

ဒီအတွက် အဖော်က ပြောတယ်။

"မျှော်မနေပါနဲ့တော့ဗျာ၊ အခုမှ ချောင်းရေလာတော့ကော
ဘာများသွား အသုံးတည့်တော့မှာလဲ ပင်ကြားတွေ ကွဲကုန်ပြီ"

"ကျုပ်လယ်က သိပ်မကွဲဘူးဆိုတာ ခင်ဗျားကပြောနေ။
ကျုပ်မနေ့က ခင်ဗျာ့ လယ်ဘေးက ဖြတ်လာတာပါ။ ကွယ်လေး
ရဲ့ ..... ကွဲလိုက်တဲ့ပင်ကြား ဟာ နွားမာန်လောက် အကောင်ကြီး



အစွမ်းရှိမှ ခုန်နိုင်မယ့် ပင်ကြားဗျ"

ဥပုသ်သည် လောင်းလျာများမှာ သီလမယူရသေးတဲ့
အတွက်စိုင်ခွဲဟ်ကိုယ်လွတ်ပဲ။ ရယ်လိုက်ကြတာ တဟားဟားနဲ့။

❊ ❊ ❊

## အမှတ်အသား လှလှလေး

ရွာကအပျိုလေးတွေ ဆိပ်ဖြူဈေးကို ဈေးဝယ်ဖို့
ရောက်လာကြတယ်။ အတိအကျပြောရရင်တော့ ပါလာတဲ့
ဖျင်အုပ်ကလေးတွေနဲ့ အတိုအစကလေးတွေ ရောင်းပြီး လိုချင်တာ
ဝယ်ဖို့ပါပဲ။

သူတို့ဟာ တစ်စုတစ်ရုံးတည်း သွားလို့ရတဲ့ ကိစ္စရှိသလို
နှစ်ယောက်တတွဲ သုံးယောက်တစ်တွဲ သွားမှ ပြီးတာလည်း
ရှိတယ်။ ရွာဘက်ကို သွားမယ့်ကား မမီလိုက်မှာစိုးလို့ အပြေး
အလွှားသွားရတယ်။ တစ်ယောက်တည်း အပြေးအလွှား
သွားရတာလည်း ရှိတယ်။

ဘယ်လိုပဲသွားသွား၊ မျက်စိလည်မှာ မကြောက်ရဘူး။
ကားဂိတ်ကလည်း တစ်ခုတည်း ရှိတဲ့အတွက် ရှာမတွေ့မှာ
မစိုးရိမ်ရဘူး၊ ဒါကြောင့် လူစုခွဲပြီး ကားဂိတ်မှာ ပြန်ဆုံကြတယ်။

အဲဒီလိုနဲ့ ရယ်ရယ်မောမော ခွဲထွက်သွားသူတွေဟာ ချွေးတွေသံတွေနဲ့ ပြန်ဆုံကြတယ်လေ။ နှစ်ယောက်ပြန်ရောက်လာ၊ သုံးယောက်ပြန်ရောက်လာပေါ့၊ ရောက်နှင့်လူက မရောက်လာသေးသူအတွက် နေရာလည်းဦး၊ လူကိုလည်း မျှော် ….။

မျှော်နေတုန်းမှာ အပျိုကလေး နှစ်ယောက် အပြေးကလေး ရောက်လာကြတယ်။ မျက်လုံးတွေပြူးလို့၊ တစ်ခုခုကို ထိတ်လန့်ကြောက်ရွံ့တဲ့ပုံမျိုး၊ ဒေါသထွက်လာပုံမျိုးနဲ့၊ ဒါကြောင့် ရောက်နှင့်သူတွေက အကျိုးအကြောင်း မေးတော့….

"ဟိုတစ်နေ့က တို့ရွာနားမှာ ပျက်နေတဲ့ ကားက အကောင်နှစ်ကောင်လေ။ တို့နှစ်ယောက်ကို ရီသွဲ့သွဲ့လာလုပ်တယ်တော့။ ခေါက်ဆွဲစားပါဦး။ ဗွီဒီယို ကြည့်ပါဦးနဲ့"

"ဘယ်ကောင်နဲ့ ဘယ်ကောင်လဲဟဲ့"

ရှင်းအောင် ထပ်မေးတဲ့အတွက် အဖော်မိန်းကလေးက ဝင်ပြီး ဖြေတယ်။

"ဟိုတယ်၊ ထဘီကို အင်္ကျီချုပ်ဝတ်ထားတဲ့ ကောင်ရယ်။ အသားမည်းမည်း နှာခေါင်းပွပွနဲ့ခေါင်းမှာ ဝက်မြေဥတွေ ကပ်ထားလား မှတ်ရအောင် အမာရွတ်တွေ ပြည့်နေတဲ့ ကောင်ရယ်ဟယ်"

ကောင်းလိုက်တဲ့ အမှတ်အသားကြီး ကြောက်ခမန်း ဒီလို ရယ်သံကြီး။



ကားပေါ်မှာ လူတွေပြည့်လာပြီ။

ပြည့်သည်ထက်ပြည့်လာပြီ။ ဘေးတန်းမှာသာမဟုတ်၊ အလယ်မှာ ဖြစ်သလို နေရာလုပ်ပြီး ထိုင်တဲ့ လူတွေနဲ့ ကျပ်လာပြီ။ ကျပ်သည်ထက်ကျပ်လာပြီ။ နောက်မြီးခိုပြီး လိုက်မယ့်လူတွေ တောင် ခြေဖဝါးတစ်နေရာစာအတွက် နေရာဦးထားကြပြီ။

ဒါပေမယ့် ကားသမားက မလာသေးပါ။

"ကားသမားနှယ်တော်၊ ဘယ်သွားပြီး သေနေပါလိမ့်"

"ဟဲ့ …အဲဒီလို မပြောပါနဲ့၊ ကားသမားသေရင် ညည်းတို့ငါတို့ ကနေ့ အိမ်ပြန်ရောက်မှာ မဟုတ်ဘူးဟဲ့"

ပူပန်စရာမရှိ ကြံပြီးပူပန်တဲ့ မိန်းမကြီးတစ်ယောက်ပြောတဲ့အတွက် မီးကလေးတွေ ရယ်မောနေကြတယ်။ အဲဒီအခိုက်မှာပဲ ကွမ်းသီးတွေ ပါးစပ်တစ်ခုလုံး နီရဲနေတဲ့ လူနှစ်ယောက် ရောက်လာတယ်။ တစ်ယောက်က ကားဘီးကို ငုံ့ကြည့်၊ ခြေထောက်နဲ့ကန်။

တစ်ယောက်ကတော့ ကားဘေးက တွယ်တက်တယ်။ ဒါဘယ်သူ့တောင်းလဲ၊ ဘယ်သူ့ခြင်းလဲ၊ ထပ်ထားပါလား။ ဒီအိတ် ကအောက်သွင်းပါလား၊ အဘက ရှေ့လှည့်ထိုင်မှပေါ့ဗျာ၊ အစ်မကြီးက ဒီဘက်ဝင်။

လိမ္မာလိုက်တဲ့ ခရီးသည်တွေ ပြောသမျှနားထောင်တယ်။

စပယ်ယာအနေနဲ့ ဟိုကျော်နင်း၊ ဟိုဟာဆွဲ၊ ဒီဟာဟို ပြောင်းလုပ်ရာက ဘေးခုံတန်းများ ကျောချင်းကပ်ပြီး ဆိုင်နေတဲ့ မိန်းမကြီးနှစ်ယောက်ကို မြင်တဲ့အခါမှာတော့ …

"ကဲ … အဒေါ်တို့က လင်လုဖက် ရန်ဖြစ်လာကြတဲ့ပုံမျိုး မထိုင်နဲ့ဗျာ၊ တည့်တည့်ထိုင်ရင် တစ်ယောက်စာရတယ်။

ထိုင်ပုံကို ဝိတ္တာရချဲ့ပုံ ရှင်းပျပေမယ့် ရယ်မောနေကြပါကလား။

❋ ❋ ❋

## ဖြည်းဖြည်းပေါ့ ယောက်ဖရာ

ဦးပေါ်လာအနေနဲ့ ချင်း မြန်မာ ရောမနှော နေထိုင်တဲ့ ရွာတွေမှာလည်း နေခဲ့ဖူးတဲ့အတွက် အောက်ပါအကြောင်း အရာကလေးကို ပြောပြန်ပါတယ်။

ချင်းများဟာ ခင်မင်တယ်၊ ဖော်ရွေတတ်ရာမှာ နှုတ်ယောက် မရှိဘူး၊ ရိုးသားလိုက်တာလည်း အလွန်ပဲ၊ ခင်မင်ရင်းနှီးတဲ့ သဘောနဲ့ "ယောက်ဖ" လို့လည်း ခေါ်လေ့ရှိပါတယ်တဲ့။

တစ်ညမှာ ဓားပြတစ်စုဟာ ချင်းလူမျိုးအိမ်တစ်အိမ်ကို ဝင်ရောက်ပြီး ဓားပြတိုက်တယ်။ သိကြတဲ့အတိုင်းပဲ ဓားပြဆိုတာ လုယက်ဖို့ လာတာကလား။ မူးယစ်ပြီး ခက်ထန်ကြမ်းကြုတ်



ဟဲ့စိတ်နဲ့ လုလိုက်မယ်။ သတ်လိုက်မယ်။ ရိုက်လိုက်မယ် ဆိုတဲ့ လူတွေမဟုတ်လား။

အဲဒါကြောင့် ချင်းအိမ်ပေါ်ကို ရောက်ရောက်ချင်း ခြေနဲ့ကန်၊ ဓားပြားနဲ့ရိုက်တော့တာပါပဲ။ ဒီအခါမှာ အိမ်ရှင်ချင်း အမျိုးသားကြီးက အံ့အားသင့်သော်လည်း အေးဆေးတဲ့လေသံ နဲ့ပြောလိုက်ပုံကတော့ …

"ဝေး … ယောက်ဖရ၊ ဖြည်းဖြည်းလုပ်ပါဟ၊ အိမ်က မိန်းမနဲ့ စိတ်ဆိုးလာသလား ယောက်ဖရာ၊ ဝေး"

ဓားပြများမှာ ထိုခေတ်က မျက်နှာကို အိုးမည်းသုတ် လိမ်းပြီးမှ ဓားပြတိုက်လေ့ရှိတဲ့အတွက် ဓားပြကို ဘာလူမျိုးရယ် လို့ မသိပါဘူး။ သူပြောရိုး ပြောစဉ်ပြောတာပါပဲ။

ဦးပေါ်လာရဲ့ စကားဆုံးချိန်မှာ ဝိုင်းပြီး နားထောင်တဲ့ ကလေးတွေမှာ ရယ်ရမှန်းမသိပေမယ့် လူကြီးတွေက ရယ်မောကြ ပါတယ်။

❋ ❋ ❋

## ရှီးပြတ်က စာပူရှာ

ဦးပေါ်ဦးလို စကားတတ်တဲ့ ညောင်နီချောင်းသား ဝ၂ချို့ရဲ့ "ညောင်နီချောင်းက ဦးပေါ်ဦး" နိဂုံးကို ဟောဒါလေးနဲ့ ချုပ်ပါရစေ။

အထက်နားက တင်ဆက်ခဲ့သလိုပေါ့။ ဦးပေါ်လာတို့ ကိုမန်းကျော်တို့ အမိရပ်ရွာကို စွန့်ခွာပြီး ရွှေ့ပြောင်းလာကြတာဟာ မကြာခဏ ပြေးရလွှားရ အိပ်ကောင်းခြင်း မအိပ်ရ၊ စားကောင်းခြင်း မစားရလို့။

ဒါပေမယ့် ဖြောင့်ဖြောင့်တန်းတန်း ချောချောမောမော ပြောင်းလာရတာ မဟုတ်ဘူး။ ညီတွေ အစ်ကိုတွေ၊ ဦးလေးတွေ ဒေါ်လေးတွေ၊ ဦးကြီး ဒေါ်ကြီးတွေနဲ့ အစ်မတွေ ညီမတွေကပါ တားဆီးကြတာ၊ ကန့်ကွက်ကြတာ။

"မဖြစ်ပါဘူးဟာ ကြာကြာနေရင် စီးပွားလည်း မဖြစ် အသက်လဲတိုလိမ့်မယ်"

ဒါက ဦးပေါ်လာရဲ့ စကား။

"ဟုတ်တယ်၊ ငါလဲ မနေချင်ဘူး၊ ရန်ကုန်မှာပဲ ဖြစ်သလို လုပ်ကိုင်စားတော့မယ်"

"အမယ် ဒီမှာကော ဘာအလုပ်များ ရှိလို့လဲဟဲ့၊ ကြီးကျယ်လိုက်တာ၊ ဖြစ်သလို လုပ်ကိုင်စားနေရတာပဲ မဟုတ်လား"



ဒါကတော့ ကိုမန်းကျော်ရဲ့ စကားနဲ့ အစ်မရဲ့ ချေပစကား။ ဒါပေမယ့် ကိုသာဦးကတော့ …

"စိတ်ချလက်ချ မအိပ်ရဘူးဟာ ငါအကြောက်ဆုံးက ဓားပြ"

လို့ပြောတယ်၊ အဓိပ္ပါယ်ကတော့ မရှိတဲ့လူကို ရှိတယ်ထင်ပြီး ဓားပြတိုက်ရင် မပေးကောင်းလားဆိုပြီး လုပ်သွားမှာစိုးတာကို ပြောတာ။

ဒါပေမယ့် သူ့အစ်ကိုက …

"အောင်မယ်မင်း၊ စပါးတစ်စေ့မှ မရှိတဲ့ ရှီးပြတ်က စာပူ၊ သူတောင်းစား ဓားပြကြောက်သတဲ့ အရုပ်တို့ရယ်"

ကိုသာဦးမှာ အစ်ကို့ကို စိတ်မဆိုးနိုင်ဘဲ ရယ်မောနေရပါသတဲ့။

❊ ❊ ❊

# ဖွတ်လှိုင်းက ဦးပေါ်ဦးများ





# ဖွတ်လှိုင်းက ဦးပေါ်ဦးများ

ဖွတ်လှိုင်းရွာ ဆိုကလည်း ကျီးသဲလိုပါပဲ။ မှတ်သား လောက်တဲ့ စကားတွေ ပြောတတ်တဲ့လူ၊ နာသာခံခက် စကားပြောတတ်တဲ့လူ၊ ငိုရအခက် ရယ်ရအခက် ဖြစ်အောင် အခိုင်းအနှိုင်း အယှဉ်အတပ်တွေနဲ့ ပြောတတ်တဲ့ လူတွေရှိနေ တာပါပဲ။

အဲဒီရွာဟာ လှတောတို့ ကျီးသဲတို့နဲ့ ရေကြောမြေကြော တစ်ဆက်တည်းပါပဲ။ ကွဲပြားတာကတော့ တစ်ရွာလုံးမဟုတ်ဘဲ တစ်ယောက်စ၊ နှစ်ယောက်စ စကားအရာ ဦးပေါ်ဦးပမာ ကျွမ်းကျင်နိုင်နင်းသူများရှိခြင်းပါပဲ။

စာမြည်းစကားမြည်းအဖြစ် မြည်းစမ်းအကဲခတ်ကြည့်ပါ။

❊ ❊ ❊

## ကျားပုံကြောင်ပုံ

"ကျားပုံကြောင်ပုံ ကဖြင့်ကွယ်"

"အို ... ကျားပုံကြောင်ပုံကို တွေ့ချင်ရင် စက္ကူပေါ်မှာ ကြည့်ပေါ့၊ ပန်းချီဆရာရေးထားတာရှိလိမ့်မယ်"

ပြောသူက စကားစရုံရှိသေးတယ်။ ဖြတ်ပြောတယ်။ ပြောပြန်တော့လည်း ကသိကအောင့် ဖြစ်အောင် ခွပြောတာ ကလား။

ဖွတ်လှိုင်းရှာသူတချို့ တစ်စုတစ်ဝေးကြီး ယာပြင်ထွက်လာကြတယ်။ ပျော်ပျော်ပါးပါး ရယ်စရာတွေ ပြောလို့တချို့လည်း အတင်းပြောလို့၊ တချို့လည်း ကိုယ့်အကြောင်းပြောလို့ပေါ့လေ။ လျှောက်လာလိုက်ကြတာ ကားလမ်းဖြတ်ကာနီးမှာ ကားတစ်စီး လာနေတယ်။ လမ်းကို မဖြတ်သေးဘဲ ရပ်ကြည့်နေမိကြလေရဲ့။

ကားက ဖြည်းဖြည်းမောင်းလာတယ်။ ဆလွန်းကားကလေးပါ။ မိန်းမတွေမြင်လို့ နှေးလာတာလား၊ စက်မကောင်းတာလားတော့ မသိဘူး။ အဲဒီလိုနှေးလာတဲ့ အတွက်ကြောင့်ပဲ ကားထဲမှာပါတဲ့လူတွေကို ပီပီပြင်ပြင် မြင်ခွင့်ရတာပေါ့။ အားလုံးယောကျ်ားတွေချည်းပဲ။ အားလုံးပါးစပ်ဖြဲနေကြတယ်၊ ခေါင်းတုံးပြောင်ပြောင် မျက်နှာပြဲပြဲ ပါးစပ်ကျယ်ကျယ် လူဝကြီးဟာ အများထဲမှာ အထင်ရှားဆုံးပဲ။



ဘာဖြုလို့လဲဆိုတော့ သူ့အင်္ကျီကကြောင် ကြောင် ျားကျားကြီးကို၊ အဲဒါကြောင့် သူတို့ အနားကလည်း ားလိမ့်သွားရော...

"ဟယ် ... ပါးစပ်ကြီးတွေက ဖြဲနေလိုက်တာ၊ ခွေးရူးရေ တ်နေတဲ့ အတိုင်းပဲနော်" လို့ တစ်ယောက်က စကားစ ိုက်တဲ့အတွက် ညာသံပေးပြီး ရယ်လိုက်ကြတယ်။

နောက်တစ်ယောက်က ...

"ဟိုလူကြီး အင်္ကျီကျားပုံကြောင်ပုံကတော့"

"ကျားပုံကြောင်ပုံပဲအေ၊ စက္ကူပေါ်မှာရှိမှာပေါ့"

ဝင်ပြီးဖျက်တဲ့အတွက် ဖြူရှုသံရယ်မောသံတွေ ပါလာသေးတယ်။ မိန်းမဝတ်တဲ့ ထဘီအဆင်ကို င်္ကျီချုပ်ဝတ်ထားတာအေ၊ အလိုလေး ကျားလိုက်ကြောင်လိုက် ာ ဦးထွန်းတင် နွားကျားကြီးလား မှတ်ရဟဲ့။

ဒီတစ်ကြိမ် ပေါ်လာတဲ့ ရယ်မောသံကတော့ အဆူဆုံး ညံဆုံးပေါ့။

❊ ❊ ❊

## ကြောက်ဖွယ်ပါဘကား

အဲဒီယာတဲကို ပေါင်းပေါက်သွားတဲ့ အဖွဲ့ပဲ၊ တဟေးဟေး တဟားဟားနဲ့ ဆက်ပြီးလာကြတယ်။ မကြာခင်ယာကွေ့တစ်ကွေ့မှာ ထင်းခွေရကြပြန်လာတဲ့ မိန်းမတစ်ယောက်နဲ့ ဆုံမိကြတယ်။

ထင်းခွေတဲ့ မိန်းမအနေနဲ့ ထူးခြားတာဟာ အလွန်ပိန်တာပါပဲ။ သိကြတဲ့အတိုင်းပဲလေ။ သက်ရှိသတ္တဝါဟာ ပိန်ပြီဆိုရင် ခွကျတော့တာပဲ။ အခုလည်း ထင်းထွက်ပြီးသာရှာတယ်။ များများ မပါဘူး။

"အစ်မ၊ ဘာလုပ်တာတုန်း၊ ဘယ်ကလာတာတုန်း"

"ထင်းရှာပြီး ပြန်လာတာပါအေ"

"ညည်းရှာလာတဲ့ ထင်းကလဲအေ၊ မီးဖိုချောင်မှာ သုံးဖို့လား၊ လင်းတအသိုက်ဆောက်ဖို့လား"

လင်းတအသိုက်ဟာ အသိုက်နဲ့ မတူဘူး၊ တုတ်ချောင်းတွေ ဖရိုဖရဲချထားတယ်၊ ကျဲကျဲကလေးရယ်၊ အဲဒီအထာကို သိတဲ့ လူတွေက ရယ်ကြတယ်။

ဒါနဲ့ မပြီးသေးဘူး၊ ထင်းရှာတဲ့ အမျိုးသမီး တရွေ့ရွေ့ ဝေးလည်းသွားရော၊ တစ်ယောက်က မှတ်ချက်ချတော့တယ်။



"ခများမှာ သနားစရာပါအေ၊ ပိန်လိုက်တာများ ကြည့်ကြပါဦး၊ ကမ္ဘာ့ဌာန်းကောင် အရိုးစု အာဟာရပြတ်နေသလား မှတ်ရဟဲ့"

တင်စားပုံမိတဲ့အတွက် ရယ်မောလိုက်တာ အကြာကြီးပဲ။

❊ ❊ ❊

## ကျွမ်းကျင်လှပစ္စာ

ညှိသည်က ဖွတ်လှိုင်းသူတွေလေ၊ ကဇိန်အလှူပွဲ တစ်ခုက အပြန်မှာ လမ်းကြုံလို့ဝင်လာကြတာ။ နေတောင် အတော်အေးစပြုပြီ။ ဒီအချိန်မှာ အိမ်ရှင်ယောက်ျားအနေနဲ့ ဇတာသွာခါနီး ထမင်းစားနေတဲ့အတွက် ....

"ထိုင်ကြ ထိုင်ကြ၊ စားကြပါဦး၊ တောတက်မလို့"

လို့ ပလုပ်ပလောင်းသံကြီးနဲ့ ပြောလိုက်တဲ့အခါ...

"အေး အေး၊ တော့ထင်းတော် စားစမ်းပါ၊ ထမင်းလုပ်ကြီး ဝါးပြီး တော်စကားပြောတာက၊ အလိုလေးတော်...ကလေး ဆိုးကြီး မအေ့နို့သီးခဲပြီး ငိုနေသံနဲ့ တူလိုက်တာ"

ညှိသည်ဖွတ်လှိုင်းသူတစ်ယောက်က လှမ်းပြောတယ်။ အဲဒါကြောင့် အိမ်ရှင်လည်း ထမင်းမြန်မြန်ဝအောင် ကုန်းလွေး

နေတယ်။ သူ ထမင်းစားနေပုံက ညာဘက်က ထမင်းလုတ်ကို လွေးလိုက်၊ ဘယ်လက်မှာ ကိုင်ထားတဲ့ ငရုတ်သီးတောင့်ကို ကိုက်လိုက်နဲ့ စားနေတာကလား၊ ဒီဟန် ဒီအမူအရာကို ဖွတ်လှိုင်းသူတစ်ယောက်က သတိထားမိတဲ့အတွက်…

"အော် ထမင်းစားနေတာက နောက်က ရန်သူလိုက်လာတာကျနေတာပဲ၊ ဘယ်ပြန်ညာပြန် လွေးနေလိုက်ပုံကတော့ ထမင်းစားနေတာနဲ့ မတူတော့ဘဲ ရွဲကစားနေတာလား မှတ်ရ"

ရွဲကစားတာကို "ခြင်းယဉ်ခတ်" ပညာခေါ်ဟန်တူပါရဲ့။ ခြင်းလုံးတွေ အများကြီး ဆင့်ထပ်ပြီး ကစားတယ်။ ခြင်းနဲ့ ရွဲလုံးနဲ့ရောပြီး ဆင့်တယ်။ ရွဲလုံးချည်းလည်း ၁၄-၅ လုံး ဆင့်ထပ်ကစားတယ်။

ခြေထောက်ပေါ်က ရွဲလုံးကို ပခုံးပေါ်၊ ပခုံးပေါ်ကရွဲကို လက်ဖျားတံတောင် ရွှေ့ပြောင်းလှုပ်ရှားကစားတာပါ။ ဒါကို မြင်ဖူးတဲ့ ဖွတ်လှိုင်းသူတွေရဲ့ မျက်စိထဲမှာ ကွင်းခနဲ မြင်လာပြီး ရယ်မောနိုင်ကြတယ်။

❊ ❊ ❊



## ဂနာမငြိမ်ပုံ

ကထိန်အလှူပွဲပြန် ဖွတ်လှိုင်းရွာသူ တစ်စု မိတ်ဆွေရဲ့ အိမ်ဝင်ပြီး ရယ်သံမောသံ သောသောညံနေကြဂုန်းမှာ ငယ်ရွယ်တဲ့ အပျိုမကလေးတွေ အနေနဲ့လည်း ရောက်တုန်း ရောက်ခိုက် သူငယ်ချင်းအပေါင်းအသင်းအိမ်ကို သွားကြတာပေါ့။

ပြောကြဆိုကြ မေးကြမြန်းကြ နှုတ်ဆက်ကြပြီး နေအတော် စောင်းချိန်မှာ ခရီးဆက်ဖို့ သတိရကြလေရဲ့။ ပြန်ကြမယ် ဆိုတော့ ညီမအပျိုပါသူ၊ သမီးအပျိုပါသူတွေအနေနဲ့ စစ်ဆေးကြရ၊ ရှာဖွေကြရပြီ။

ဟိုလှမ်းခေါ်၊ ဒီလှမ်းခေါ်နဲ့ လူစုံသလောက် ရှိပေမယ့် ၁၆-နှစ်မတစ်ယောက် ရောက်မလာသေးဘူး ဟဲ့ ဘယ်ဘက် ထွက်သွားတာမြင်လဲ။ မပြန်တတ်လို့ မျက်စိလည်နေသလား။ မသူတော်နဲ့ တွေ့နေသလား။ အခင်းကြီး အခင်းငယ် သွားရင်း ပိုးကောင်၊ မွှားကောင်နဲ့ တွေ့နေသလား။

မိခင်ဖြစ်သူမှာ အဲဒါတွေအတွက် စိုးရိမ်ကြောင့်ကြသလို လင်နောက်လိုက်ပြေးမှာလည်း စိုးရိမ်တယ်၊ သိကြတဲ့အတိုင်း ပဲလေ၊ သမီးထွက်ပြေးရင် အမေ့ခေါင်းပေါ် တာဝန်ကျတာ ထုံးစံလိုဖြစ်နေတယ် မဟုတ်လား။

အဲဒါကြောင့် မိခင် ဂျာများနေတဲ့အတွက် အိမ်ရှင် သူငယ်ချင်းမက …

"ငါ့သမီးနှစ်ယောက်နဲ့ သွားတာ၊ ညည်းဘာမှ မပူနဲ့၊ အခုလဲထ ဦး လှလွှတ်လိုက်ပြီ။ အေးအေး ထိုင်နေစမ်းပါအေ။ ညည်းကြည့်ရတာ မမွေးနိုင်လို့ ထချောပ်ချောဖြစ်နေတဲ့ ဝက်မကြီး လားမှတ်ရ။ မောလိုက်တာ"

လို့ပြောတယ်။ စိတ်မောလူမော ဖြစ်နေသူတွေမှာ အခုမှပဲ ဝေါခနဲ ရယ်မိကြတယ်။

❋ ❋ ❋

## ဂေါ်ဇီလာဖမ်းပွဲ

စီးပွားရေးအဆင်ပြေဖို့ သို့မဟုတ်၊ တစ်စုံတစ်ရာ သော်အတိုင်းအတာအထိ အထောက်အကူ ကလေးရရဆိုပြီး ဟိုဟာလုပ်၊ ဒီဟာလုပ် လုပ်ကြတယ်။ ကြက်ဘဲမွေးတာ၊ နို့စား နွား မွေးတာ၊ ဟိုဟာဒီဟာကလေး ဝယ်ရောင်းတာ စသည်ဖြင့် ပေါ့လေ။

ဒီလူကတော့ ရေမြေသဘာဝနဲ့ ရာသီဥတုကို အကဲခတ်ပြီး ဆိတ်မွေးတယ်၊ သိုးသုံးကောင်လည်း အစမ်းမွေး ကြည့်တယ်။

**ဆိတ်အနေနဲ့** ဘာမှမရှိဘူးထင်ရတဲ့ ကန္တာရလွင်ပြင်ထဲမှာ **အစာရအောင် ရှာစားနိုင်တဲ့** အရည်အချင်းရှိတယ်။ အဲဒါကြောင့် **အဆင်ပြေမယ်** ထင်ရပေမယ့် သိပ်ပြီး တွက်ခြေမကိုက်ဘူး။



တော်တော်ကြာ **ခြေလက်နာ**ရပြန်ပြီ။ တော်တော်ကြာ **အနာ**ပေါက်ရပြန်ပြီ။

ကနေ့လည်း **ဆိတ်**တွေကို စားကျက်က မောင်းလာပြီး မှာ နေမကောင်းတဲ့ ဆိတ်တစ်ကောင်ကို ဆေးတိုက်ဖို့ သားအဖတွေ ပြင်ဆင်ကြတယ်။ မိခင်ဖြစ်သူက ဆေးခွက်ကို ကိုင်ပြီး ခြံထောင့်က စောင့်တယ်။ မအေနဲ့သားက နေမကောင်း တဲ့ **ဆိတ်**ကိုဖမ်းတယ်။

ဒါပေမယ့် သိတယ်မဟုတ်လား။ ဆိတ်ဆိုတဲ့အကောင်ဟာ အသည်းငယ်တယ်၊ သတ္တိကြောင်တယ်။ အဲဒါကြောင့် ဟိုတိုးဒီဝေ့ပြေးလွှားတယ်၊ ပုန်းရှောင်တယ်၊ တော်တော်နဲ့ **မမိဘူး**၊ ဖအေစိတ်ဆိုးလာတယ်။

"ထားလိုက်ပါ အဖေရာ၊ မြန်မြန်သေလေ ဆိတ်သားဟင်း စားရလေပေါ့"

သားကလည်း ဒေါသနဲ့ အကြံပေးတယ်။

ဒီအခါမှာ ဆေးခွက်နဲ့ စောင့်နေတဲ့အမေ ငေါ့လိုက်ပုံက

"အမလေးဟဲ့ … သားအဖတစ်တွေ ဆိတ်ဖမ်းနေပုံနဲ့ ဆိတ်မကလေး တစ်ကောင်ဖမ်းတာ ဂေါ်ဇီလာဆယ်ကောင် ဖမ်းနေသလားမှတ်ရ။ တစ်ခြံ ပြောင်းသန့်နေတာပဲ"

ဒီစကားကြောင့် ဖအေနဲ့ သားကို့ စိတ်ဆိုးပေမယ့် ဆိတ်ခြံ ရဲ့အပြင်ဘက်က ကလေးတွေက ညာသံပေးပြီး ရယ်နေကြလေရဲ့။

❋ ❋ ❋

## ငရဲမင်းဦးထုပ်

ဝက်မြေဥတူးတဲ့ မိန်းမတွေ နေပူထဲမှာ တကုန်းကုန်း၊ တကုပ်ကုပ် နဲ့ တူးနေလိုက်ကြတာ စကားပြောသံ၊ ရယ်မောသံ တွေနဲ့ သီချင်းသံတွေကြောင့် ပျော်စရာထင်ရတယ်။

ဒါပေမယ့် တော်တော်ပင်ပန်းတဲ့ အလုပ်ပါကလား၊ သံတူရွင်းကြီးတွေနဲ့ တူးပြီး အလွန်မာကျောတဲ့ မြေကြီးခဲတွေကို လှန်တာပဲ။ မြေကြီးတစ်ခဲ လန်လာအောင် မနည်းတူးရကော် ရတယ်။

ချွေးသီးချွေးပေါက်တွေကျလာအောင် တူးပြီးသော်လည်း ဝက်မြေစာဥတွေ့ချင်မှတွေ့တာ တွေ့သည်ဖြစ်စေ၊ မတွေ့သည်ဖြစ် စေ ဆက်တူးတာပဲ။

ဝက်မြေဥဟာ မြေစာဥမဟုတ်ဘူး၊ ပေါက်ပုံ၊ ပွားပုံက မုန့်ညင်းမြက် ဥနဲ့ အတော်တူတယ်၊ အရောင်လည်းတူတယ်၊ အရွယ်နဲ့ အနံ့အရသာကတော့ အရှေ့နဲ့အနောက်။

အဲဒါနဲ့ နေဝင်ပြီးမှောင်တော့မှ အလုပ်သိမ်းပြီး လက်ခံဝယ်ယူသူဆီကို တောင်းတွေနဲ့ သယ်လာရင်း တစ်ယောက် နဲ့တစ်ယောက် မေးကြတယ်။

"ဟဲ့ ... ဟိုအပုမ၊ ဘယ်လောက်ရလဲ"

"ဆယ်ပြည်လောက်တော့ ရပါတယ်"



"မရပါဘူး အစ်မရယ်၊ သုံးပြည်တောင် ပြည့်မှပြည့်ပါ့ မလားမသိဘူး"

"နက်နက်တူးပြီး နှိုက်ပါဆိုတာ မနှိုက်လို့ နေမှာပေါ့ ကောင်မရဲ့"

"အလိုလေးတော်၊ နက်နက်နှိုက်ဟဲ့ဆိုလို့ နှိုက်လိုက်တာ ငရဲပြည်က ငရဲမင်းဦးထုတ်ချွန်ကို သွားစမ်းမိတယ် အစ်မရေ့၊ ဒါထက်သာနှိုက်ရရင် ဒေဝဒတ်ရဲ့ ငရဲအိုးထဲ လက်ရောက်သွား တော့မှာပဲ"

ဖွတ်လှိုင်းသူကိုမှ အပြစ်တင်မိပလေ။ ရယ်မောသံတွေက သောသောညံလို့သာ သွားပါတော့တယ်။

❊ ❊ ❊

## ငါးသလောက်ယောက်ဖ

ဖွတ်လှိုင်းသားတစ်ယောက်ဟာ မြစ်ဝကျွန်းပေါ်အရပ် မှာရှိကြတဲ့ မိတ်ဆွေသားချင်းတွေရှိရာ ရွာကို အလည်အပတ် ရောက်လာတယ်။

ဒီတယ်မဟုတ်လား၊ မိုးကရှားပါး၊ လုပ်ငန်းကမဖြစ်ထွန်း တဲ့ အရ ဘနေပြီး ရာသီဥတု ကောင်းတဲ့အပြင် သားငါးပေါတဲ့ အရပ်ကို ရောက်သွားတဲ့ အညာသားတွေဟာ မပြန်ဖြစ်တာက များတယ်လေ၊ အဲဒါကြောင့် အညာမှာကျန်ခဲ့တဲ့ ဆွေမျိုးသားချင်း

ကွေ့ကပဲ အလည်အပတ် လာတတ်တယ်။

အခုလို ရောက်လာတဲ့ အညာသားအနေနဲ့ အောက်အရပ်ဒေသ မြစ်ဝကျွန်းပေါ်ကို ရောက်ခိုက်မှာ ငါးကို ထူးခြားပြီး လေ့လာတယ်။

"ဒါဘာငါးလဲ"

"ငါးနှပ်ခေါ်တယ်"

"ဪ … ငါးနှပ်ဆိုတာ ငါးဖောင်ရိုးပဲနော်၊ ပိန်လိုက်တာ"

ပါးစပ်အငြိမ်မနေဘဲ မှတ်ချက်လည်း ချတတ်သေးတယ်။ တစ်နေ့မှာလည်း အဲဒီလိုပဲ ငါးလှေပေါ်တက်ပြီး လေ့လာတော့ ဒါပုစွန်ထုတ်၊ ဒါပုစွန်ကြော့၊ ဒါငါးခူ၊ ဒါငါးရံ့၊ ဆိုပြီး ရေလုပ်သားက ရှင်းပြတယ်။

"ဒီငါးကို ကော ဘာငါးခေါ်သလဲ"

"ငါးသလောက် ယောက်ဖခေါ်တယ်"

"ငါးသလောက်ယောက်ဖဆိုတာရှိရင် ငါးသလောက် ယောက္ခမတို့၊ ငါးကြင်းခယ်မ၊ ငါးရံ့ခမည်းခမက်တို့လည်း ရှိမှာပေါ့နော်"

ရေလုပ်သားကြီးမှာ ဘာပြန်ပြောရမှန်းမသိဘဲ ဖြစ်သွားတယ်။ ဒါပေမယ့် ငါးတွေ သယ်ယူနေတဲ့ လူတွေကတော့ ဟားတိုက်ပြီး ရယ်ကြလေရဲ့။

❋ ❋ ❋



# စားရဓသာအဝတ်

ဖွတ်လှိုင်းရွာသူ ရွာသားတစ်စု ရန်ကုန်ကို ကားငှားပြီး ဆင်းလာကြတယ်။ သာသနာ့အလံထိုးပြီး ဘုရားဖူးယာဉ် ဆိုင်းဘုတ်ကြီး ချိတ်လို့ပေါ့။ သူတို့ဟာ ပဲခူးဘုရားတွေပါ ဖူးပြီးတော့မှ ရန်ကုန်မြို့တွင်းမှာ ခြေလျင် လျှောက်လည်ကြတယ်။

"ဈေးဝင်းကို မောက်မောက်မာမာ ဆက်ဆံပြီး ရိုက်လှတ်တာ ဟောဒီဈေးပဲ၊ ဈေးသွားမဆစ်ကြနဲ့ဟဲ့"

နောက်သလို အတည်လိုပြောတဲ့လူကပြောတယ်။

သိမ်ကြီးဈေးသာဆိုတယ်။ မန္တလေးဈေးချိုနဲ့ ဘာများ ထူးလို့လဲ"

"အလို … ဘယ်သူက ထူးတယ်ပြောလို့တုန်း"

အဲဒီလိုနဲ့ပဲ ဆူးလေစေတီတော်ဘက်ကို တဖြည်းဖြည်း နီးကပ်လာတယ်။ ၃၂-လမ်းထိပ် အရောက်မှာ ပြောင်းဖူး ဖုတ်သည် တစ်ယောက်ကို မြင်တဲ့အတွက် အမျိုးသမီးတစ်စု ချဉ်း ဝိသွားတယ်။

"အလိုလေး၊ ပြောင်းဖူး ဖုတ်တာကလည်း ပေါက်ပေါက် လှော်နသလားမှတ်ရ၊ တဖျောင်းဖျောင်းနဲ့ဟဲ့"

အဲဒီလိုပြောသူက ပြောနေတုန်းမှာ ပထမတစ်ယောက် ပိုက်ဆံပေးပြီး တစ်ဖူးဝယ်စားတယ်။ သုံးလေးချက်လောက် ကိုက်အပြီးမှာ နောက်ဝယ်မယ့်လူတွေကို လက်တားလိုက်ရာက

"ဟဲ့ ဟဲ့ မဝယ်ကြနဲ့၊ အလိုလေး ပြောင်းဖူးဖုတ်တဲ့တော် လက်နှီးစုတ်ကို ဝါးရသလောက်မှ အရသာမရှိ၊ တော်…တော်"

မကျေနပ်တဲ့ မျက်နှာရှင် ပြောင်းဖူးဖုတ်သည်ရဲ့ ဒေါသဟာ အုန်းခနဲ ပေါ်လာတဲ့ ရယ်မောသံကြီး အောက်မှာ ပျောက်ဆုံးသွားရရှာပါရောလား။

❊ ❊ ❊

## စေတနာနဲ့ပါ

တင်မောင်ကိုအနေနဲ့ မြို့ရည်လည်သလောက် ကျေးလက်ဗဟုသုတခေါင်းပါးတယ်။ စေတနာကောင်းသော်လည်း မသိနားမလည်တဲ့အတွက် အပြောအဆိုခံရတယ်။ အဟားအလှောင် ခံရပေါင်းများပြီ။

သူက ပေါ့ပေရုံပြီး ပေါ့ပေါ့စားတဲ့လူပဲ၊ မြို့ပေါ်မှာလည်း ဘာမှ လက်ကြောတင်းအောင် လုပ်တာမဟုတ်ဘူး။ တောက မိန်းကလေးနဲ့ အိမ်ထောင်ကျလို့သာ ရွာပြန်ရောက် နေတာကလား။

ရွာပြန်ရောက်လာတော့ မျိုးစပါး အခက်အခဲ၊ မျိုးမြေပဲ၊ မျိုးနှမ်း၊ မျိုးငရုတ်၊ မျိုးနေကြာ အခက်အခဲတွေကို မကြာခဏ ကြားရမြင်ရတယ်။ တချို့က ဈေးကောင်းရတယ် ဆိုပြီး မျိုးကျန် မကျန် မစစ်ဆေးဘဲ ရောင်းပစ်တာ။ တချို့ကျတော့လည်း ချိုက်



တဲ့မျိုးကအကြောင်းအမျိုးမျိုးကြောင့် ပျက်စီးသွားလို့ နောက်ထပ် စိုက်နိုင်အောင် ခက်ခက်ခဲခဲ ရှာဖွေရ၊ ဈေးကြီးပေးရတာ။

အဲဒါကို နားမဆံ့အောင် ကြားထားရတဲ့ တင်မောင်ကိုဟာ တစ်နေ့သောအခါမှာ ရှားရှားပါးပါး "ထန်းလျက်ဖြူဆုပ်" တစ်ပိဿာ ကျော်ကျော် အိမ်ကို ရောက်လာတာ သိတယ်။ စားကြည့်တော့ နူးညံ့တယ်၊ အရသာရှိတယ်။

အဲဒါကြောင့် ယောက္ခမကို လှမ်းပြီး သတိပေးတယ်။

"အဘ … အဘ၊ အဲဒါတွေ အကုန် စားမပစ်ကြစေနဲ့ဗျာ၊ မိုးဦးကျရင် ချိုက်ရအောင် မျိုးချန်ထားဗျာ"

ယောက္ခမကြီးက ထဆဲတယ်။ အိမ်သူ အိမ်သားတွေက ရယ်မောတယ်။ တစ်ရွာလုံးမှာတော့ အဲဒီအကြောင်းဟာ ပြောလို့ မဆုံးတဲ့ဟာသ။

❊ ❊ ❊

## စိတ်ပူစရာကြီး

လုံချည်ပဲ ပေါက်တယ်ဆိုလို့ အမျိုးသမီးတစ်ယောက် အထည်ဆိုင်ကို ပြေးသွားတယ်။ သူ့ရှေ့မှာ ဘယ်သူမှ လုလု ယက်ယက် တိုးတိုးဝှေ့ဝှေ့ မရှိကြသေးလို့ ဝမ်းသာသွားတယ်။

ဒါပေမယ့် အထည်ဆိုင်ထဲကို လှမ်းအဝင်မှာ မိန်းမတစ်ယောက်နဲ့တိုးတယ်။ နင်ဘာလာလုပ်တာလဲ မေးတော့ …

“ထဘီ လာထုတ်တာ၊ ပုဆိုးဈေးကကြီး၊ ထဘီဈေးကကြီးနဲ့ မဝယ်နိုင်တာကြာပြီအစ်မရေ့၊ အခုတော့ ဟန်တာပဲ”

“ဟဲ့ … သွားမထုတ်နဲ့၊ အကြမ်းကြီး”

သတိပေးသူက ပေးပေမယ့် အမျိုးသမီးက သဘောမပေါက်ဘူး။

“ဘယ်လောက်ကြမ်းကြမ်း။ ကြမ်းချင်သလောက် ကြမ်း၊ ကျွပ်တော့ဝတ်မှာပဲ”

ဒီအခါမှာ အမျိုးသမီးကြီးက အားတက်သရော ဖြစ်နေတဲ့ အမျိုးသမီးငယ်ရဲ့ ပိန်ကျုံလှတဲ့ ကိုယ်ခန္ဓာကို တစ်ချက်ငဲ့ကြည့်ပြီး…

“ကြမ်းတယ်ဆိုတာ ရိုးရိုးကြမ်းတာမဟုတ်ဘူး၊ ထန်းစစ်ကို ဆေးဆိုးပြီးအကွက်ဖော်ထားသလား ထင်ရအောင် ကြမ်းတာ”

“အမယ်လေး တကယ်ပဲလား”

“မယုံကြည်သွားကြည့်ချေ၊ အဲဒီလုံချည်သာ ညည်းဝတ်ရင်တော့ လုံချည်စားတာနဲ့ တစ်နေ့ကို အသားတစ်ကျပ်ခွဲသားနှစ်ကျပ်သားလောက် ပွန်းပွန်းပြီး ပါသွားလိမ့်မယ်။ အလိုလေး



ခုနှစ်ရက်လည်းကြာရော ညည်းလည်း လှူစင်စစ်က အရိုးဖွေးဖွေးနဲ့ ကမ္ဘာ့ဗွာန်းကောင်ဖြစ်ရော”

ဆိုင်ထဲကို ဝင်ချေထွက်ချေ လုပ်နေသူတွေရော၊ သတိပေးခံရသူ အမျိုးသမီးပါ ဟားတိုက်ရယ်မိကြသည်။

❊ ❊ ❊

## စိုးရိမ်ဖွယ်ပါတကား

ကားသမားမှာ ခရီးသည် အပေါ်မှ အကြောင်းပြစရာ အချက်အလက်တွေ အများကြီးရှိတယ်။ ကားတွေများတော့ များတဲ့အတွက် ဆီဖိုးတောင်းမရဘူး အကြောင်းပြပြီး စီးရေလျှော့တွက် တယ်။ ခါတ်ဆီကို အကြောင်းပြစရာ ရလာပြန်တော့ ဆီမရဘူး။ ဈေးကြီးတယ်ဆိုပြီး စီးရေနည်းနည်းကလေး ပြေးဆွဲတယ်။

ခရီးသည်တွေမှာ ဒီတစ်စီးမှ မလိုင်ရင် နောက်တစ်စီး ထွက်ဖို့ မထွက်ဖို့ မသေချာတဲ့အတွက် သေချာတဲ့ကားကို အလုအယက်စီးရတယ်။ အထဲမှာ ကြပ်ညပ်နေအောင် တိုးဝှေ့ကြတယ်။ ဝင်လို့မရတဲ့အခါ နောက်မြီးမှာ ပဒေသာပင် သီးသလို ဆွဲနိုပြီး လိုက်ကြတယ်။

ဖွတ်လှိုင်းက ဦးကြီးတစ်ယောက်ဟာ ကုတ်ကတ်ပြီး အစွန်ကဆွဲခိုပြီး လိုက်တာတယ်။ ကားထိုးရပ်တယ်။

လူတစ်ယောက် အတင်းတိုးပြီးတက်လာတယ်။ ခြေတစ်ဖက် ချစရာဟောင်မရှိတဲ့အတွက် …

"ဘကြီး … ဟိုဘက်နည်းနည်းတိုးပါ"

"အလိုလေး လူရာ၊ ငါဖြစ်နေပုံလည်း ကြည့်ပါဦး၊ ကျိုက်ထီးရိုး စေတီတော်အောက်က ကျောက်တုံးလို တည်းတည်း ကလေးပဲ ရှိတော့တယ်ကွယ့်၊ ဒါ့ထက်သာ တိုးရရင် ခုန်ချပြီး နေခဲ့ရုံပဲ ရှိပါကလား"

❊ ❊ ❊

## ဆန်းသစ်သည့် ထန်းမြစ်

ဆောင်းရာသီရဲ့ အလှတွေထဲမှာ ထန်းမြစ်လို့ ခေါ်တဲ့ ထန်းမြစ်လည်း ပါဝင်ပါတယ်။ ထန်းမြစ်စိုက်ပျိုး ထုက်လုပ်နိုင်တဲ့ အရပ်ဒေသတွေမှာ ထန်းမြစ်ရယ်၊ လူရယ်၊ ဆောင်းရယ် ခွဲခြားလို့မရဘူး။

ထန်းမြစ်ကို အများအားဖြင့် ဖုတ်စားကြတယ်။ အချို့က ပြုတ်စားကြတယ်။ စမ်းသပ်သူ တချို့က ဆန်မှုန့်နဲ့ တွဲပြီး ကြော်စားပေမယ့် ခါးတဲ့အတွက် အကြိုက်နည်းကြတယ်။

ဒါကြောင့် မီးဖုတ်စားကြတာပဲ များပါတယ်။



ဒါပေမယ့် မီးဖုတ်ရာမှာလည်း အနှာအဆာ ကင်းတဲ့ ထန်းမြစ်မှသာ အနံ့အရသာ ကောင်းတာ။ အမြစ်ယွက်တဲ့ နေရာကို ခေါင်းခေါ်တယ်။ အဲဒီနေရာက ပုတ်နေရင် အနံ့အရသာ ပျက်တော့တယ်။

တစ်ခုသော နံနက်မှာ မြေးတွေ လှုံနေတဲ့ မီးဖိုကို အဘိုး ရောက်လာတယ်။ ထန်းမြစ်တွေ ဖုတ်ထားပြီး ထန်းမြစ် ကိုယ်စီ ဝါးစားနေတဲ့ မြေးတွေကို ဆီးကြိုပြီး ထန်းမြစ်တစ်ခု ပေးတယ်။

"သိပ်ကောင်းတာပဲ အဘိုး၊ စား … စား"

အဘိုးက အခွံခွာပြီးစားတယ်၊ သုံးလေးချက်လောက် ဝါးအပြီးမှာ ထွေးပစ်လိုက်ရာက …

"နင်တို့ဟာက ထန်းမြစ်ရယ်လို့ စားပါတယ်၊ အလောင်းထည့်တဲ့ ခေါင်းပြင်ကို ဝါးနေသလားမှတ်ရ၊ ထွီ … ခေါင်းပုပ်ကြီး"

မသာပျဉ်ထဲက ခေါင်းပျဉ်ဆိုတဲ့ ပျဉ်တစ်မျိုးဟာ ပုပ်စော် နံပါတယ်။ အဲဒါကြောင့် မြေးတွေရဲ့ ရယ်မောသံဟာ ညံလို့ နေပါတော့တယ်။

❊ ❊ ❊

## ဓူဇကာ ဆိုးရိမ်စရာ

လူကြီးတွေရဲ့ စကားဝိုင်းဘေးမှာ ကလေးတစ်စု ကစားနေကြတယ်။ ဖုန်အလူးလူး၊ နှပ်ပေပေကျုံကျုံနဲ့ ကစားနေတဲ့ အဲဒီကလေးအားလုံးလောက် နီးပါးဟာ မည်းမည်း ပိန်ပိန်ကလေးတွေချည်း ဖြစ်ပါတယ်။ တစ်ယောက်တည်းသာ ကွက်ပြီး ဝပါတယ်။

စကားဝိုင်းထဲက လူကြီးတွေက ဒီကလေးဝတယ်။ ခြေဖမိုးတွေများ ဖားပြုတ်မာန်ဖီနေသလားမှတ်ရလို့ ပြောဆိုချီးမွမ်းကြပါတယ်။

သူတို့ ပြောနေကြဆဲမှာ နောက်ထပ်တစ်ယောက် **ရောက်**လာပြီး ဘာပြောနေတာလဲ၊ ဘယ်သူ့ကြောင်းလဲလို့ **မေးတယ်။**

"ဟို .. ကိုလူဝလေး အကြောင်း ပြောနေတာပါ၊ ဝလွန်းလို့"

"ဝတာက ရိုးရိုးဝတာမဟုတ်ဘူးဗျ၊ ကလေးဖြစ်ပြီး ပူကြီးနီးပါးစားတဲ့ကောင်၊ အဲဒါကြောင့် ဓူဇကာကို ဖုတ်ဝင်နေတုန်းမှာ အဖောရောဂါဖြစ်နေတာ"

လှူတာအကုန်စား၊ ဓူဇကာပုဏ္ဏား ဆိုတဲ့ စကားရှိတယ် မဟုတ်လား၊ ဒါကြောင့်လည်း ဓူဇကာဟော ဆိုရင် **အစားကြူးသူ**လို့ နားလည်ကြတယ်။ ဖုတ်ဝင်နေသူဟာလည်း **မယုံနိုင်အောင်**



အစားကြီးတယ်လို့ ပြောစမှတ် ပြုကြတယ်။

အဲဒီ အခြေခံအချက်တွေကို နားလည်ထားတဲ့အတွက် ရယ်ရမှန်း သိကြတာပေါ့။

❊ ❊ ❊

## ဈေးထဲက ဟိုအကောင်

သူငယ်ချင်းတစ်စု ဝက်လက်မြို့ကို လာကြတယ်။ သုတ်သုတ်သွား၊ သုတ်သုတ်စား ဆိုသလို သွားစရာ နေရာတွေကို သုတ်သီးသုတ်ပျာ သွားကြတယ်။ တစ်နေရာနဲ့ တစ်နေရာ၊ တစ်ဌာနနဲ့ တစ်ဌာန အကူးမှာလည်း အသော့နှင်ကြတယ်။

ဒါပေမယ့် ခရီးက မတွင်ဘူး။

ဘယ်တွင်မလဲ။ အတွဲလိုက် အစုလိုက်သွားတဲ့ သူတို့အထဲက **လူတစ်ယောက်**ဟာ အသိအကျွမ်းပေါသူပဲ၊ သုံးလှမ်းလောက် **လှမ်းမိရင်** နှုတ်ဆက်သူတွေ တွေ့လို့ ရပ်စကားပြောတယ်။ **ကျန်လူတွေက** ရပ်စောင့်ရတယ်။

"ဟိုမှာ အဖော်တွေ ရပ်စောင့်နေလို့ သွားဦးမယ်"

**စကား**ဖြတ်ပြီး ထွက်လာပေမယ့် မကြာမီ အသိတွေ့၊ **နှုတ်ဆက်**၊ ရပ်စကားပြော။ အဲဒီလို ခြောက်ကြိမ်လောက် ကြုံရတဲ့အခါ အဖော်စုထဲက ကြီးကြီးလူတစ်ယောက်က ...

"တော်ပြီကွာ … နောက်ကို ကိစ္စအရေးကြီးရင် မင်းနဲ့ လမ်းမသွားဘူး။ အလိုလေး ပေါ်လိုက်တဲ့အသိ ဈေးများရုံးခွေး သားမှတ်ရ"

အခိုင်းအဟပ် ထိမိကဲ့အတွက် သူငယ်ချင်းတစ်စု ဟားတိုက် ရယ်ကြသည်။

※ ※ ※

## ညက်ကြီးရှင် စစ်တမ်း

အဲဒီအထက်ပါ သူငယ်ချင်းတစ်စု အပြေးအလွှား သွားရတဲ့ အကြောင်း၊ လှုပ်ရှားရတဲ့အကြောင်းကတော့ ကားမမီမှာ စိုးလို့ပါ။ ဖြည်းဖြည်းသွားရင် နောက်တစ်နေ့ ပြန်လာရလို့၊ ယာအလုပ်၊ လယ်အလုပ် ပျက်မယ်။ ပြီးစီးအောင် ဆောင်ရွက်ရမယ်။ ဒါပေမယ့် ဖြည်းဖြည်းဆိုရင်လည်း ဒီမှာ ညအိပ်ရမယ်။

အပြေးအလွှား လှုပ်ရှားဆောင်ရွက်ပေမယ့် နောက်ဆုံး ကားမမီလိုက်ဘူး၊ မောကြောဆိုက်ဓော့တာဘဲ။

"ညည်းမနေနဲ့ကွာ၊ လမ်းဆုံမှာ ပစ္စည်းတင်နေတာကို ဘာတို့ရှိရင် တွေ့နိုင်သေးတယ်ကွ၊ ငါခဏခဏ ကြုံဖူးတယ် လာသွားကြစို့"

သူတို့အပြေးအလွှားသွားပေမယ့် မမီဘူး။ ဒါပေမယ့် လမ်းကြုံ ကားတစ်စီးတွေ့တဲ့အတွက် တောင်ပန်းတိုးလျှိုးပြီး



လိုက်လာကြတယ်။ အဲဒီလို ကားကြုံတာဟာ ဈေးခွေးအခေါ်ခံရသူ အကြံကောင်းတဲ့ အတွက် ဝိုင်းပြီး ချီးကျူးလိုက်ပုံက -

"မင်းဉာဏ်ကောင်းပေလို့ပေါ့၊ နို့မဟုတ်ရင် ဝက်လက်မှာ အိပ်ရမှာ"

"အလိုလေး၊ ဉာဏ်ကောင်းပုံကတော့ မပော်သတာနဲ့ သုခမ္မစာရီ မင်းသမီးရပြီး မွေးသလားမှတ်ရဟဲ့"

သုခမ္မစာရီဆိုတာ ပညာရှိမင်းသမီးဖြစ်တယ်ဆိုတာ သိထားကြတဲ့အတွက် ရယ်လိုက်ကြတာ ကျွတ်ကျွတ်ကိုညံ့သွားပါရောလား။

※ ※ ※

## ဒေါက်တာ ကြောက်သကွာ

"နေမကောင်းတာများ ဟိုသူငယ်လေးခေါ် ဆေးထိုးလိုက်ရင် ပြီးတာပဲ"

"ဟဲ့ … ဟိုဒေါက်တာကလေးနဲ့ ဆေးမထိုးဘူးလား"

အိမ်တွင် နေထိုင်မကောင်းသူရှိကြောင်း သတင်းရတာနဲ့ တစ်ပြိုင်နက် ပေးလိုက်ကြတဲ့ အကြံတွေ၊ ဆရာလေးတဲ့ ဒေါက်တာလေးတဲ့၊ အဲဒီလူနဲ့ ဆေးထိုးရမယ်တဲ့။

လမ်းမှာပဲ ပြောပြောသွားကြ၊ အကြံပေးသွားကြတော့ လူနာဦးကြီးက သည်းခံနေပါတယ်။ လမ်းကို လိုက်ပြီးရန်ဖြစ်ဖို့ မကောင်းလို့ ငြိမ်နေပါတယ်။ တိုင်းရင်းမြန်မာ ဆေးနဲ့ကုလို့ သက်သာစ ပြုလာပါပြီ။ ရှင်းရှင်းမပျောက်သေးတဲ့အတွက် အစား

အသောက်ပဲ အနေအထိုင် ဆင်ခြင်နေရတာပါ။

ဒါပေမယ့် ဦးကြီးရဲ့ ဒေါသအိုး ပေါက်ကွဲဖို့ ဖန်လာပါတယ်။ ဖန်တီးသူကတော့ လူမမာဦးကြီးရဲ့ညီမ။ ရွာကျယ်ကျယ် ပြောတတ်တာကလွဲလို့ ဘာမှ နားမလည်ဘူး။

''အစ်ကိုကြီးက သိပ်ပြီး ခေတ်နောက်ကျတာပဲ၊ ဒေါက်တာလေးခေါ်ပြီး ဆေးထိုးလိုက်ရင် ပျောက်တာကြာပြီ''

''ဘာဒေါက်တာလဲ၊ သူ့ကို ဘယ်သူက ဒေါက်တာဘွဲ့ ပေးလို့ နင်တို့က ဒေါက်တာလို့ ခေါ်နေတာလဲ၊ ဒေါက်တာရမ်းကု၊ လူသတ်သမား၊ သူဆေးထိုးပြီးသတ်တာ ဘယ်နှစ်ယောက်ရှိပြီ မှတ်လဲ၊ သူသတ်ခဲ့တဲ့ လူတွေရဲ့ အရိုးတွေက တောင်လိုစုနေပြီ၊ အလိုလေး … အရိုးတွေ ဖွေးနေလိုက်ပုံနှယ် ထုံးပုံကြီးလား မှတ်ရ''

ညီမဖြစ်သူ ကုပ်ကုပ်ကလေး ဆင်းပြေးပုံကို ကြည့်ပြီး အိမ်သားတွေ ရယ်မောကြတယ်။

❊ ❊ ❊

## ဆားကိုဖွဲ့သော ဦးကာ

လူတစ်ယောက် ခါးဝယ်လာခဲ့တယ်။ သူ့ခါးက တန်းသမား ထန်းဘက်ရာမှာသုံးတဲ့ ''ခါးနီး'' လို ဟာမျိုးပါ။ အဲဒီခါးကို မြင်ဖြစ်အောင် မြင်ပြီး ဘယ်ရွာကလဲ၊ ဘယ်လောက် ပေးခဲ့ရလဲ ခေါ်မေးကြတယ်။



''အစိတ်ပေးရတယ်''

''အမယ်လေး ဖုတ်တတော ခါးများ အစိတ်ပေးရသလား ကွာ''

လူတစ်ဖက်သား စိတ်အနှောက်အယှက် ဖြစ်ဖြစ်အောင် ပြောတာပါ။ ဒါလို တစ်ယောက်က ပြောအပြီးမှာ နောက်တစ်ယောက်က …

''ခါးရဲ့ အဆင်းရူပကာကဖြင့် ''သီလဝင်'' ခါးမှတ်ရဲ့ဟော့၊ တကယ်သုံးကြည့်တဲ့အခါကျမှ လေကိုခုတ်တာတောင် အသွားကြွေတယ်ဟော့''

''ခါးဝယ်လာခဲ့သူ စိတ်ညစ်ညူးဟန်နဲ့ ထွက်သွားလေရဲ့၊ အဲဒီလူ အဲဒါကို ဖြစ်သွားတာ မြင်ရတော့မှ ရယ်လိုက်ကြတာ အားရပါးရ။

❊ ❊ ❊

## နာတာရှည်ရောဂါ

ခါးဝယ်လာတဲ့လူကို စိတ်မချမ်းသာအောင် ပြောလွှတ်လိုက်တဲ့ လူစုအနေနဲ့ လူစုမကွဲသေးဘူး၊ ရောက်တက်ရာရာတွေ လျှောက်ပြောပြီး တဟေးဟေး တဟားဟား ဖြစ်နေကြတယ်။

သူတို့ရဲ့ အသံကြားလို့ 'လူတစ်ယောက် ဝင်လာတယ်။ အသားအရေက ဖြူဖပ်ဖြူရော်နဲ့ပါ။ မချိသွားဖြဲ ဆိုတဲ့ စကားအတိုင်း သွားဖြဲပြီး နားထင်နားရင်းတွေ ကျနေတဲ့ နာတာရှည်

ရောဂါသည်လေ။ သူလည်း မြင်လိုက်ရော တစ်ယောက်က ကြုံဆိုတယ်။

"ဟာ … ကိုဖိုးပိန်၊ ဘယ်သွားမလို့လဲ၊ နေကောင်းရဲ့လား"

"ကောင်းလိုက် မကောင်းလိုက် ပါပဲကွာ"

"အဲဒီလူ ထိုင်ဖို့အတွက် နေရာ ရှာနေတုန်းမှာ နောက်တစ်ယောက်က …

"ခင်ဗျားမှာလဲ ပိန်လိုက်တာဗျာ၊ ပိုးကျတဲ့ ဝါးရုံထဲက ဝါးကို ခွဲစိတ်ထားတဲ့ ဝါးခြမ်းပြား နာတာရှည်ရောဂါ ရနေသလားမှတ်ရ"

အုန်းခန ရယ်သံကြီး ထွက်လာတဲ့အတွက် ကိုဖိုးပိန်လည်း တိုင်တောင် မထိုင်တော့ဘဲ ထပြေးပါတော့တယ်။

❊ ❊ ❊

## ပုလင်းကွဲ အတင်းပဲ

ဈေးတန်းကို လျှောက်ကြည့်တဲ့ လူတွေ အများကြီး ရှိပါတယ်။ တခြားလူတွေကို မြည်းစရာမပေးဘဲ ဒီလူစုကို သွားပြီး ပေးမိတာဟာ ဈေးသည်ရဲ့ အမှားပဲ၊ ဈေးသည်က မရွေးမှန့်သည်လေ။ မန်းမရွေး။

ဈေးတန်းမှာ ထန်းလျက်သည်၊ ပေါက်ပေါက်ဆုပ် အနှဆုပ်၊ ကရေကရာသည်၊ ကြံသကာ မြေပဲယိုသည်၊ အုန်းထန်းလျက် ဆီးထန်းလျက်နဲ့ မရွေးမျိုးစုံရောင်းတဲ့ ဈေးသည်တွေ ဖာန်းစီ နေတယ်။

"ဆီးထန်းလျက်တွေ ဝယ်သွားပါဦး၊ အုန်းထန်းလျက်လဲ ကောင်းတယ်"

ဝယ်နိုးနိုး မျှော်ကိုးရုံသာမက ဝယ်ချင်စိတ်ကိုပါ အသံနဲ့ လှုံ့ဆော်ပေးကြလေ့ရှိ၏။ ဝယ်သူလည်းဝယ်၊ မဝယ်သူလည်း ကျော်သွားတာပေါ့။ ဒါပေမယ့် မန်းမရွေးသည် တစ်ယောက်ကတော့ …

"အစ်ကိုကြီး၊ မန်းမရွေး ကြွပ်ကြွပ်ရွရွကလေး မြည်းကြည့်ပါဦး"

ဖွတ်လှိုင်သားတွေ ကိုယ့်ပါးစပ်ကို ကိုယ်သိတဲ့ အတွက် လှမ်းမယူပါဘူး။ အတင်းထိုးပေးတော့မှ လှမ်းယူပြီး ပါးစပ်ထဲ ထည့်တယ်။ ပါးစပ်ထဲရောက်မှတော့ ဖွတ်လှိုင်းသားရဲ့ ဓာတ်ပြပြီလေ။

"အလိုလေး ကြွပ်လှပါတယ်၊ ရွလှပါတယ်ဆိုတဲ့ မရွေးရယ်၊ မာလိုက်ပုံများ ပုလင်းကွဲတွေ ဝါးနေသလားမှတ်ရဗျာ"

ဈေးသည်တွေ ရယ်လိုက်ကြတာ အုန်းခနဲ ဝေါခနဲပါပဲ။ မြည်းကြည့်ဖို့ ပေးမိတဲ့ ဈေးသည်ပါ ရှက်ရှက်နဲ့ ရောနှောနေလေရဲ့။

❊ ❊ ❊

## ပူပါစေ့ကွယ်

အလှူအိမ်မှာ ကွမ်းဆေးလက်ဖက်တည်ပါတယ်။ ဒါဟာ ထုံးစံပေပဲကိုး၊ ရပ်ရေးရွာရေး၊ စီးပွားရေးနဲ့ ဘာသာရေး အစရှိတာတွေထဲက ဆွေးနွေးကြရင်းက ကွမ်းကြိုက်သူ ကွမ်းစားတယ်။ လက်ဖက်ကြိုက်သူ လက်ဖက် နှိုက်တယ်၊ ဆေးလိပ်ကြိုက်သူက ဆေးလိပ်သောက်တယ်။

ဆေးလိပ်သောက်သူ လူငယ်တစ်ယောက်အနေနဲ့ လူကြီးတွေ စကားပြောတာကို အာရုံစိုက်ပြီး နားထောင်နေတယ်။ နားထောင်ရင်းက မကြာခဏ ထသွားတယ်။ မဏ္ဍပ်ထဲမှာ ဖျာခင်းထားတဲ့အတွက် ဘေးထွက်သွားပြီးမှ ပြန်လာပြီးထိုင်တယ်။

သုံးလေးခါ ထလိုက်ထိုင်လိုက် လုပ်ပြီးချိန်မှာ ဦးလေးရွယ်တစ်ယောက်က လှည့်မေးတယ်။

"ခဏ ခဏ ဘာထလုပ်တာလဲ"

"ဆေးလိပ်ထဲက ဆေးရိုးတွေ ဆေးတွေ ခါထုတ်ပြီး မီးထပ်ညှိသောက်ကြည့်တာပါ အစ်ကိုရာ၊ အကျိုးနည်းဗျာ၊ ပူလိုက်တဲ့ဆေးလိပ်၊ ပရုတ်ဆီနဲ့ ပရုတ်မှုန့်နယ်ပြီး လိပ်ထားသလားမှတ်ရ"

❋ ❋ ❋



## ဖုန်မှုန့်၏ ကံကြမ္မာ

ငါ့ယောက်ျားမှာ ပုဆိုးမရှိတာနဲ့ အဖော်ပဲ ဆိုတဲ့အဖွေးနဲ့ ဇနီးသည်ဟာ ကျားကြီးဝတ် တစ်ထည်ကို ဝမ်းသာအားရ ထုတ်လာခဲ့တယ်။ ပုဆိုးမရှိတာနဲ့ကို ဆိုတာက ပတ်စရာ လုံးဝမရှိတာ ပြောတာ ဟုတ်ပုံ မပေါ်ပါဘူး။ လုံချည်သစ်သစ်လွင်လွင် နည်းပါးနေတာကို ပြောတာ ဖြစ်ဟန်တူပါတယ်။

ပုဆိုးတကိုင်ကိုင်နဲ့ အိမ်ပြန်လာချိန်မှာ ဘယ်လောက်ပေးရလဲ၊ ပြန်ရောင်းခဲ့ပါလားလို့ မေးတဲ့လူတွေပြောတဲ့လူတွေနဲ့ ကြုံရပြန်တော့ အမျိုးသမီး ဝမ်းသာကြည်နူးတယ်။

အိမ်ရောက်လို့ လုံချည်ကို ထိုးပေးလိုက်ရင် သူ့ယောက်ျားလဲ ဝမ်းသာမှာပဲ တွေးပြီး ရွှင်နေတယ်။ ဒါပေမယ့် ယောက်ျားဖြစ်သူက ပုဆိုးကို ဖြန့်ကြည့်ပြီး မျက်မှောင်ကုတ်လိုက်ရာက…

"ဖုန်မှုန့်တွေ သတိထားနေကြဟဲ့၊ အမယ်လေးဗျာ၊ ဒီပုဆိုးရဲ့အသားကျဲပုံကတော့ ဖုန်မှုန့်တွေ ကြမ်းပေါက်ကျကျမှာ စိုးရတယ်ဟဲ့၊ သတိထားနေကြ"

လို့ ပြောလိုက်တဲ့အတွက် ဇနီးခမျာမှာ မောသွားတယ်။

❋ ❋ ❋

## ဘဲသားဟင်းရယ်

ဖွတ်လှိုင်းသား တစ်ယောက်ဟာ မြို့တစ်မြို့က ထမင်းဆိုင်မှာ ထမင်းဝယ်စားပါတယ်။ ထမင်းဆိုင်မှာ ထမင်း ဝယ်စားသူတွေ အများကြီး မဟုတ်ပေမယ့် အတော်အသင့် တော့ရှိလေရဲ့

သိကြတဲ့အတိုင်းပဲ၊ ထမင်းဆိုင် စားပွဲထိုး၊ လက်ဖက်ရည်ဆိုင် စားပွဲထိုးတွေဟာ တစ်ကိုယ်ရေသန့်ရှင်းမှု မရှိဘူး။ စားစရာလာချပေးတဲ့အခါမှာ မယဉ်ကျေးဘူး။

ကျေးတောသားက လူကသာ ကျေးတောသားပေမယ့် ယဉ်ကျေးမှုမျက်စိရှိတယ်။ ယဉ်ကျေးမှုအမြင် မြင့်မားတယ်။ အဲဒါကြောင့် ဒီထမင်းဆိုင်က ထမင်းပန်းကန်ချပုံ၊ ဟင်းပန်းကန်ချပုံတွေကို သဘောမကျဘူး။ ဒီအတွက် ဘယ်ပုံ သတိပေးဆုံးမရပါ့မလဲ စဉ်းစားနေတုန်း ဘဲသားဟင်းလာချတဲ့အတွက် …

“အမယ်လေး … ဘဲသားဟင်းတဲ့ဗျာ၊ မုဆိုးမခုတ်လာတဲ့ ထင်းစည်း ဘာပြုလို့ ပန်းကန်ထဲ ရောက်နေပါလိမ့် မေးရလောက်တဲ့ ဘဲသားပါပဲဗျာ”

အရိုးတွေနဲ့ ပန်းကန်နှုတ်ခမ်းနဲ့ ခေါက်ပြလိုက်တာ ထမင်းဆိုင်တစ်ဆိုင်လုံးမှာ ရယ်မောသံ ပွက်ညံသွားပါတယ်။

❊ ❊ ❊

## မီးခြစ်ကျောက် သူ့ဒါ

သူတို့ဆိုင်က ရောင်းတဲ့ ဘဲသားဟင်းကို နှိမ့်နှိမ့်ချချ မုဆိုးမခုတ်လာတဲ့ ထင်းစည်းလို့ အပြောခံရတဲ့အတွက် ပထမ ဖွတ်လှိုင်းသားအပေါ် မကြည်မသာ ဖြစ်နေတုန်းမှာ ဖွတ်လှိုင်းသား တစ်စုထမင်းဆိုင်ထဲ ဝင်လာပြီး ဟင်းမျိုးစုံမှာတယ်။

သိတယ်မဟုတ်လား။ ရှေ့ကလူဘာပြောပြော စားပွဲထိုးကတော့ ပစ်ခတ်ပြီး ချပေးတာပဲ၊ ဒီတော့ ဒုတိယအသုတ်ဖွတ်လှိုင်းသားတစ်ယောက်က …

“ပန်းကန်တွေ ဖြည်းဖြည်းချပါကွယ်၊ မင်းတို့ လုပ်ပုံကငါ့ကို မဆဒ္ဒါ ရေစာ အလကားကျွေးရတယ် သဘောထားနေသလားမှတ်ရ”

ရယ်သံတွေ စဲသွားကာစမှာဘဲ နောက်တစ်ယောက်က‥

“အမယ်လေး ထမင်းရယ် မီးခြစ်ကျောက်ကို ပြုတ်ထားသလားမှတ်ရဟဲ့၊ လည်ချောင်းထဲကို ခါးသိုင်းကပြီး ဆင်းသွားသဟ”

ရယ်လိုက်ကြတာ၊ ထမင်း နင်သူနင်၊ ဟင်း သီးသူသီး။

❊ ❊ ❊

## မတ်ပုံထောင်ပုံမှာဖြင့်

ကောက်စိုက်ပြိုင်ပွဲမှာ ဘေးကနေပြီး အားပေးကြတယ်၊

“ရီရီသန့်ကွ၊ အိအိငြိမ်းဟေ့၊ မသန်းတဲ့ကွနော်”

နိုင်စေချင်လို့ အားပေးတာပါသလို၊ စိတ်အားတက်ကြွအောင် တမင်အားပေးသူများလည်း ပါဝင်ပါတယ်။ အဲဒီအထဲမှာ ကိုယ့်လူမို့ နိုင်စေချင်လို့ စုရုံးအော်ဟစ်နေတဲ့ အမျိုးသမီးတစ်ဦးဟာ အော်ရင်း ဟစ်ရင်းနဲ့ အချင်းချင်း ငြင်းခုန်ကြတယ်။

“စောစောပြီးတိုင်း နိုင်တာမဟုတ်ဘူးတဲ့၊ ကောက်ကွက်မှန်မမှန်၊ အပင်မတ် မမတ်တွေလဲ ပါသေးတယ်တဲ့”

“မသန်းရဲ့ ကောက်ပင်တွေဖြင့် မတ်ပါ့တော်”

“အိအိငြိမ်းကကော မမတ်လို့လား”

“မတ်တော့ မတ်တာချည်းပါပဲ၊ ဒါပေမယ့် ရီရီသန့်က အမတ်ဆုံး”

ဒီအခါမှာ မသန်းကို အားပေးတဲ့ မိန်းမတစ်ယောက် ပြောလိုက်ပုံက ...

“သူများတွေရဲ့ ကောက်ပင်တွေ မတ်ပုံကတော့ ရိုးရိုးမတ်တာ၊ မသန်းရဲ့ ကောက်ပင်တွေ မတ်ပုံကတော့ အလိုလေး တံခွန်တိုင်လားမှတ်ရ၊ မတ်လိုက်ထောင်လိုက်ပုံများ”

ကောက်စိုက်ပြိုင်ပွဲကြီးမှာ ရယ်မောသံများကြောင့် ပိုမိုစိုပြေသွားပါတယ်။

❊ ❊ ❊



## မုန့်တီမရောင်းသင့်

မုန့်တီဆိုင်ရှေ့မှာ လူတွေအုံနေတယ်။ မတ်တပ်ရပ်ပြီး စားသူတွေ မတ်တပ်ရပ် စောင့်နေသူတွေ စုံလို့ပါဘဲ။

ပိုက်ဆံသိမ်းသူက ကောင်တာတွေ ဘာတွေနဲ့ မဟုတ်ဘူး။ လွယ်အိတ်တစ်လုံး လွယ်ထားတယ်။ မုန့်စားသူတွေကြားမှာ ပြေးလွှားအော်ဟစ်နေတယ်။ ပန်းကန်သိမ်းလည်းသူပဲ၊ ဟင်းရည်ထည့်၊ ငွေသိမ်း၊ မုန့်မှာလည်း သူပဲ၊

ဖွတ်လှိုင်းသားတွေဟာ မုန့်ဆိုင်ကို အထူးအဆန်းသဖွယ် ရပ်ကြည့်နေပြီး တစ်ယောက်က ...

“ပိုက်ဆံသိမ်းတဲ့ လူပြေးလွှားနေလိုက်ပုံနှယ်၊ ခွေးရူးသံကြောင်လည်သလားမှတ်ရကွယ့်”

ငွေသိမ်းသူ မကြားလိုက်ပေမယ့် ကြားလိုက်သူတွေက ဟင်းရည်သီးကုန်တယ်။

ဒီလို တစ်ယောက်က စလိုက်တော့ အဖော်များထဲမှ တစ်ယောက်ကလည်း ပြောစရာတွေ့ရတယ်။ အဲဒါကတော့ မုန့်ပြင်တဲ့လူပဲ၊ မုန့်ထည့်၊ ဆီချက်ထည့်၊ ဟိုဟာ ဒီဟာထည့်၊ နံနံပင်၊ ကြက်သွန်မြိတ် ရေတ်သီးမှုန့် ဟင်းရည် အဲဒါတွေကို ဆက်ကာဆက်ကာ ပတ်ချာလည်ပြီး ထည့်နေတာ ကလား။

အဲဒါကြောင့် ဖွတ်လှိုင်းသားက ...

“အလိုလေး သွက်လက် မြန်ဆန်လိုက်တဲ့ မုန့်သည်ရယ်၊

ဒါလောက် တော်နေမှတော့ မုန့်တီ ရောင်းမနေပါနဲ့ကွယ်၊ ပတ်ခချောင်မှာသွားပြီး ပတ်မနဲ့ စခွ့်ပဲ တီးချေပေတော့"

လို့ စိတ်ပါလက်ပါ ပြောလိုက်တာ ဝါးခနဲ ဝါးခနဲ ရယ်သံ ညံသွားတယ်။

❊ ❊ ❊

## မြည်တာပါကွယ်

အလှူအတန်းရှိတဲ့အခါမှာ တစ်ရွာလုံး ဝိုင်းအုံစုပြုပြီး ကူညီဆောင်ရွက်တာဟာ ကျေးလက်ဓလေ့ပါပဲ၊ အဲဒါကြောင့် ဟော်ဒီသားရှင်ပြု အလှူကိုလည်း ရွာရှိလူကုန်အဘိုးအို အမယ်အို နဲ့ ကလေးမြေးငယ်ပါမကျန် လာရောက်လုပ်အားအလှူနဲ့ ကူညီကြတယ်။

နေရာသန့်သန့်မှာလည်း ဒယ်တွေ အိုးတွေ ရုံလို့။ မီးခိုးတလူလူနဲ့၊ မီးကိုးသူထိုး၊ ထင်းခွဲသူခွဲ။ ဟင်းအိုးမွှေသူမွှေ၊ ဆန်ဆေးသူဆေးလို့၊ ချေးတရွှဲရွှဲနဲ့၊ အဲဒီလို လုပ်နေသူတွေ ဘေးကို ဘာမှမလုပ်တဲ့လူတွေလည်း ရောက်လာကြတယ်။

သူတို့က အချောင်သမား ... အာတွေ။

"မင်းတို့ကြက်သား နူးရဲ့လားကွာ၊ ဘုန်းကြီးကပ်ဖို့ သေသေချာချာ လုပ်မှပေါ့၊ ဖွင့်စမ်း၊ ဖွင့်စမ်း။

အချောင်သမားက ပြောတဲ့အခါ ထမင်းအိုး မီးထိုးနေသူက



"အဘ၊ မဖွင့်ပါရစေနဲ့ဗျ၊ မြည်းတာပါ မြည်းတာပါနဲ့ ကျုပ်ဘက်က ဒယ်အိုးကြီး ဖွင့်ကြည့်ပြီး စားသွားတာ စကြံဝဠာ လောက်ရှိတဲ့ ဝက်သားတုံး အတုံးငါးဆယ် တိတိဗျို့"

ကြက်သားအိုးကို ကျောက်ခဲတွေနဲ့ ဖုံးဖိနေတဲ့ ဦးကြီးက ဟက်ခနဲ တစ်ချက်ရယ်လိုက်ပြီး ...

"အလိုလေး အတုံးငါးဆယ်ဆိုတော့ ခံတွင်းချဥ်ရုံရှိမှာ ပေါ့၊ သနားစရာကောင်းလိုက်လေ"

အရွှင်အသောနဲ့ ချဲ့ကားပြီးပြောတာကို အငေါ်ကလေးနဲ့ အဆုံးသတ်တဲ့အတွက် ကြားရသူတိုင်း မနေနိုင်ပါဘူး၊ ဝေါခနဲ ရယ်လိုက်ကြတာ။

❊ ❊ ❊

## လူကြောင် လူနောက်

လူအမျိုးမျိုးရှိတယ်။ လူရွှင်၊ လူသွက်၊ လူလေး၊ လူမှိုင်း၊ လူပေါ့လူသွပ်၊ လူသွမ်းလူရမ်း၊ လူထုံ၊ လူနုံ၊ လူအလူ့ငှင်း၊ လူထိုင်းလူညံ့ ရယ်လို့ရှိကြတဲ့အထဲက တချို့ဟာ စိတ်ညစ်စရာ ကောင်းတယ်။ တချို့ကရယ်ရတယ်။ အချို့ကျတော့ ငိုရမလို ရယ်ရမလို ဖြစ်စေတယ်။

အခု တင်ဆက်မယ့် လူကလူကြောင်လူနောက်ပါ။ လူပေါ် လူသွပ်နဲ့ ဆွေမျိုးအရင်းကြီးပဲ။ ငိုရမလို ရယ်ရမလို ဖြစ်အောင်

လုပ်တတ်ရုံသာမက ပြောစမှတ်တွင်အောင် ကျန်ခဲ့တတ်ပါတယ်။

လှည်းခေတ်လှေခေတ်က ဖွတ်လှိုင်းရွာသားသားမက်နဲ့ ယောက္ခမတို့ ခြေကျင်ခရီးထွက်လာကြတယ်။ ထမင်းဆိုင်တို့ ဘာတို့ကို အားမထားဘဲ၊ ကိုယ့်ထမင်း ကိုယ်ထုတ်ပြီး ယူလာကြတယ်။

မွန်းတိမ်းစအချိန်မှာ ရေလည်းရ၊ နားခိုလို့လည်း ကောင်းတဲ့နေရာကို တွေ့တာနဲ့ ထမင်းစားကြတယ်။ နှစ်ယောက် ခေါင်းချင်း ဆိုင်ပြီးထမင်းစားနေဆဲမှာ ယောက္ခမက လေလည်တယ်။ လေပုန်းမို့ အသံမကြားရပေမယ့် နှာခေါင်းက သိတဲ့အတွက် ....

"ဟော့ ... ငါတို့ သမီးယောက္ခမနှစ်ယောက်တည်း ထမင်းစားနေရာမှာ ဘယ်မအေရိုးလာပြီး အီးပေါက် တာလဲကွ" လို့ သားမက်က ထ,ဆဲပါတယ်။ နောက်လည်းနောက် ကြောင်လည်းကြောင့်တဲ့လူပါပဲ။

❊ ❊ ❊

## ဝံသူတော်နဲ့ တွေ့ရှော့ထင်

ရပ်ရွာ လုံခြုံရေးတွက် လုံခြုံရေးအဖွဲ့တွေ ဖွဲ့စည်းတယ်၊ မီးဘေးလုံခြုံရေး၊ သူခိုးဓားပြ ဘေးမှ လုံခြုံရေး စသည်ဖြင့်ပေါ့၊ ဖွဲ့တဲ့အဖွဲ့အသီးသီးမှာ လူကြီးနဲ့လူငယ် တွဲထားတယ်။



အဲဒါကြောင့် ညစဉ် အလှည့်ကျ ကင်းလှည့်ကြတယ်။ တစ်ညမှာ ရွာထဲက အိမ်တစ်အိမ်မှာ ကြက်အော်သံကြားတယ်။ အိမ်ရှင်က ကင်းသမားကို မသင့်ဘူး။ ဒါအတွက် တာဝန်ကျ သူတွေကို စစ်ဆေးတဲ့အခါ ကင်းသမားတစ်ယောက်က စကားမပီဘူး။ ဘာမေးမေး ကျွန်တော်မသိဘူးဘဲဖြေတယ်။

စစ်ဆေးရတာ ကြာလာတဲ့အခါ လူကြီးတစ်ယောက် က မှတ်ချက် ချလိုက်မိတော့တယ်။

"စကားပြောတော့လည်း အ-အိနဲ့၊ ပြောတာကလဲ ဒါကိုပဲ ထပ်တလည်းလည်း၊ ကေနှ··သလေမိယျ ဇာတ်ထဲက ဝံသူတော် ကိုပြစ်မှားတဲ့ မင်းသားဝင်စားတာဖြစ်ရမယ်ဟော့"

လူကြီးတွေရော လူငယ်တွေပါ ရယ်မိကြတယ်။ အသက်ကို ကယ်တဲ့ ဝံသူတော်ကို အထင်လွှဲပြီး ကျားငစဉ်းလဲ ပါးစပ်ထဲ တွန်းချမိတဲ့ မင်းသားရဲ့ ဇာတ်လမ်းမှာ ဘာမေးမေး၊ သယေမိယျပဲပြောတယ်။ ဒါကို နားလည်လို့ ရယ်ကြတာပေါ့။

❊ ❊ ❊

## သန်းတို့ခိုလှုံ ဆံရိပ်မြုံ

မောင်မောင်ရဲ့အဖေက သူများအဖေတွေလို မဟုတ်ဘူး၊ မောင်မောင်ရဲ့ဆံပင် ရှည်ထားတာ ကြည့်နေတယ်။ မကဲ့ရဲ့ဘူး။ သူများတွေရဲ့ မိဘများကတော့ သားယောကျ်ားလေး ဆံပင်တစ်တောင်လောက်ထားတာ မနှစ်မြို့ကြဘူးလေ။ သိကြတဲ့အတိုင်းပဲ။ ဒီကိစ္စဟာ တော်တော်လေး ပြောဖူးဆိုဖူးတာပဲ။

ဒါပေမယ့် မောင်မောင့် အဖေက ဆံပင်ရှည်ထားရင် သန့်ရှင်းရေးကို ဂရုစိုက်ရမယ်လို့ သတိပေးတယ်။ ခေါင်းထဲမှာ ဒက်တွေ အနာတွေဖြစ်မှာစိုးလို့။ သို့ပေမယ့် မောင်မောင်က ပျင်းတယ်။ ပျင်းတော့ သန်းတွေ တရွရွတက်နေတာပေါ့။ အဲဒီသန်းတွေ သွားလာနေတာ မျက်ဝါးထင်ထင်မြင်ရတဲ့ တစ်နေ့မှာ -

“ငါ့သား ဆံပင်ရှည်ထားတာ ကုသိုလ်ရတယ်ကွ။ သန်းတွေအတွက် ခိုလှုံရာတယ်။ အလိုလေး သန်းတွေ အတွက် ဇရပ်နဲ့ ရေတွင်းရေကန်လှူဒါန်းနေတဲ့ ကုသိုလ်ရှင်ကြီးလား မှတ်ရပေါ့”

လို့ အဖေက ပြောတော့တယ်။ မောင်မောင်ရဲ့ သားချင်းတွေ ရယ်မောလိုက်ကြတာ တခိခိ တခစ်ခစ်နဲ့။

❊ ❊ ❊



## အထင်းကပ်နေ

ရွှေဘိုဈေးနားက ကွမ်းယာဆိုင် တစ်ဆိုင်မှာ ဖွတ်လှိုင်းသားတစ်ယောက် ဒေါသတွေ မွှေးဖွားနေတယ်။ ဒေသ ပေါက်ဖွားနေတဲ့အကြောင်းရင်းကတော့ စီးကရက်တစ်လိပ်ကို တစ်ကျပ်ယူလို့ပါပဲ။

သိတယ်မဟုတ်လား။ ဈေးတက်ပြီဆိုရင် နေ့ချင်းညချင်း ခုန်ခုန်တက်တယ်။ ဈေးကျရတော့မယ်ဆိုတဲ့ အခါကျတော့ အိအိအိနဲ့ ဆွဲထားတယ်။ ပြီးတော့ အကြောင်းပြသေးတယ်။ ကျွန်တော်တို့ဝယ်ရတာ ၁၆၀ဈေးပါ။ ၁၉၀ ဈေးပါ။ အကြောင်းပြစရာ ကုန်သွားပြန်တော့ ဆန်ဝယ်ရတာ မလွယ်ဘူး၊ ဘာဆိုင်လဲ။

“ဒူးယား တစ်လိပ်တစ်ကျပ်တဲ့၊ အလိုလေ ပိုက်ဆံ ငတ်သေတဲ့ မသာ ဝင်စားရောလားဟယ်၊ အရင်ဘုန်းက ဆန်ဈေးကြီးလို့တဲ့၊ အခုဆန်တွေ ဝယ်လို့ရနေပြီကွာ၊ ဘာဖြစ်လို့ ဒူးယားတစ်လိပ် ၃၅-ပြား ပြန်မဖြစ်တာလဲ ပြောလေကွာ။ ဟင်း … ပေကပ်နေပုံက ပါးစပ်မပါတဲ့ သတ္တဝါလားမှတ်ရ”

လူအုပ်နဲ့ လာတဲ့ဧည့်သည်မို့ ကွမ်းယာသည်က မရိုက်ဘဲ ငြိမ်နေတာပါ။ ဒီအခါမှ ဒေါသပုန်ကြီးရဲ့ အပေါင်းအဖော်တွေက ဟားတိုက်ရယ်ကြတယ်။

❊ ❊ ❊

## အကောင်မသေးနှင့်

"မျက်စိက စွေလို့သာပေါ့၊ မစွေများမစွေရင် ငါတို့ကို ကတ္တားပေါ် အတက်ခိုင်းပြီး ရောင်းစားမယ့်သူငယ်"

အတင်းပြောနေတာ မဟုတ်ဘူး၊ ကာယကံရှင်ရဲ့ ရှေ့မှာ ပြောင်ပြောင်ပြောနေတာ၊ ပြောရတဲ့အကြောင်းကတော့ လမ်းကြုံရင် ဒီဟာကလေး ဝင်ဆွဲခဲ့စမ်းပါမှာတာ၊ ယူတော့ လာခဲ့ပါရဲ့။ ဒါပေမယ့် ကားခပေးခဲ့ရတယ်ဆိုပြီး တောင်းတဲ့အတွက်ပါပဲ။

ဒါပေမယ့် အပြောခံရသူက ငြိမ်မနေပါဘူး၊ ပြောင်ချော်ချော် မျက်နှာနဲ့ ....

"အစ်ကိုကလည်း မျက်စိစွေတယ် စွေတယ် မပြောပါနဲ့ဗျ၊ နို့ရှာရင်း ပျားရည်တွေ့တဲ့ မျက်လုံးလို့ ခေါ်စမ်းပါ"

လို့ ချေပတဲ့အတွက် အပြစ်ပြောတဲ့ လူကြီးနဲ့ အဖော်တွေမှာ ရယ်နေတယ်။

❋ ❋ ❋

## အဖျက်သမား

သူက အဖျက်သမားပဲ၊ အခုလို ကြီးမှမဟုတ်ဘူး၊ ငယ်ငယ် ကလည်း ဒီအတိုင်းပဲ။ ကလေးတွေ ကောင်းကောင်း မွန်မွန် သင့်သင့်မြတ်မြတ် ကစားနေကြတယ်။ ဘာပြဿနာမှ မပေါ်ဘူး၊ အဲဒီကလေးတွေထဲကို သူရောက်သွားရင် ဆူသံညံသံ



ရန်ဖြစ် ဆဲဆိုသံတွေ ပေါ်လာကယ်။ ကစားဝိုင်းလည်း ပျက်တာပဲ။

သိကြတဲ့အတိုင်းပဲ။ လူဆိုတာ ဗီဇကို စွန့်နိုင်ခဲတယ်လေ။ မိဘကလည်း သူတစ်ပါး ပျက်စီးမှ ပျော်ရွှင်သူ သူတစ်ပါး တော်မွတ်နေမှ အိပ်ပျော်စားဝင်သူ ဖြစ်နေရင် ဒီကလေးရဲ့ ဒီအကျင့်ဟာ သေရာအထိ ပါတော့တယ်။

အဲဒါကြောင့် အဲဒီကလေး ကြီးပြင်းလာတဲ့အခါ ကတ်သမား ဖြစ်လာတယ်။ တချို့ရပ်ရွာမှာ ရှိကတ်တဲ့ ကတ်အခေါ်ခံ တချို့အနေနဲ့ အမှန်သမားတွေ။ ဒါပေမယ့် ဒီလူကတော့ ပြားငါးဆယ် နှစ်ဆယ့်ငါးပြားကအစ တရားသဖြင့် ထုတ်ရမှာကိုပဲ ကတ်သပ်တယ်။

ဒါ့အပြင် ညီညွတ်စည်းလုံးစွာ ပြောဆိုနေကြကဲ့ စကားဝိုင်းများလည်း သူဝင်ထိုင်တဲ့အခါ ရပ်သွားတယ်။ တစ်ယောက်ပြီးတစ်ယောက် ထပြန်သွားတယ်။ လူမှုရေးအဖွဲ့အစည်း၊ သာရေးနာရေးအသင်း၊ ဆွမ်းလောင်းအသင်းများကလည်း သူ့ကို သတိထားကြတယ်။

ဒါပေမယ့် သူက အလိုက်မသိပါဘူး၊ ဝင်လာတာပါပဲ။

အခု ဘုန်းကြီးဆွမ်းကပ်တဲ့ နေရာကို သူရောက်လာတယ်။ ချောင်ချိုတဲ့နေရာမှာ မထိုင်ဘဲ ကျပ်ကျပ်တည်းတည်း ထိုင်နေရတဲ့ ဝိုင်းထဲ ဝင်လာတယ်။ သူလည်း ဝင်ထိုင်ရော တီးတိုးသံတွေ

ပျောက်ရုံမက လူတွေပါ ဟိုနားခဏလိုလို သည်နားခဏလိုလို နဲ့ ယသွ..ကြဲတယ်။ တချို့လည်း ရေထခပ်သလိုလို ကွမ်းအစ် သွားယူသလိုလိုပေါ့လေ။

အဲဒီ အခြေအနေကို ဆွမ်းဘုဉ်းပေးနေတဲ့ ဆရာတော်က သတိထားမိတော့ ...

"ဒါယကာကြီး ဦးလှရွှေလည်း ရောက်လာရော၊ ထ…ထသွားလိုက်ကြတာ၊ ကြက်တစ္ဆေတောထဲ မှော်ဆရာဝင်လာသလား မှတ်ရကွယ့်"

လို့ မိန့်တော်မူတယ်။ သံဃာတော်တွေ ဆွမ်းဘုဉ်းပေးပုံကို မလှမ်းမကမ်းက ကြည့်ပြီး ကြည်ညိုနေတဲ့ ဒါယိကာမတွေ အနေနဲ့ ပါးစပ်ဖုံးပြီး ရယ်လိုက်ကြတာ တသိမ့်သိမ့် ပါပဲ။



# မဟာဒဂုန်မှ ဦးပေါ်ဦးဆကား



# မဟာဒဂုန်မှ ဦးပေါ်ဦးစကား

မဟာဒဂုန်ဆိုတာ သိကြတဲ့အတိုင်း မဟာရန်ကုန်ပါပဲ။ မဟာရန်ကုန်ပဲခေါ်ခေါ်၊ မဟာဒဂုန်ပဲဆိုဆို "ကြီးကျယ်သော" ဆိုတဲ့ဟာတော့ တပ်ရမှာပါပဲ။ သူက တကယ်လည်း ကြီးမား ကျယ်ဝန်းတယ်မဟုတ်လား၊ ဒါကြောင့် မဟာဒဂုန် ဆိုတာ ကြီးကျယ်တဲ့ မဟာရန်ကုန်လေ။

ဦးပေါ်ဦး ကတော့ စကားမတတ်ဘူး။

စကားတတ်သူဆိုတော့ ခဲခဲယဉ်းယဉ်း အမြင်အတွေးကို တွေးတော်မြင်တတ်၊ ပြောတတ်ဆိုတတ်၊ တွေးတတ်သူလို့ ဆိုချင်တာပါ။ မဟာဒဂုန်က ဦးပေါ်ဦးရဲ့ စကားဟာ ခက်ခဲနက်နဲ ကြီးကျယ်တဲ့စကားတွေ ဆိုတတ်ပြောတတ်တဲ့ ရန်ကုန်သားပါပဲ။



လူမျိုးပေါင်းစုံ၊ အလွှာပေါင်းစုံ နဲ့ ဒေသပေါင်းစုံတွေက လူတွေနဲ့ ပြည့်သိပ်နေတဲ့ ရန်ကုန်ထဲက စကားခက် စကားနက် စကားကြီးပြောတတ်သူ တချို့ရဲ့ စကားတွေကို နားထောင်ကြည့်ကြပါစို့။

❊ ❊ ❊

## ကားပါတဲ့ခင်ဗျာ

"မြေနီကုန်း တစ်ယောက်နှစ်ကျပ်၊ မြေနီကုန်းလား လာလာ" အသံတစာစာနဲ့ ကားသေးသေးကလေး တစ်စင်းဟာ လမ်းသစ်ရိပ်သာ အရှေ့ဘက် ပလက်ဖောင်းမှာ ဝင်ရပ်တယ်။ ကားရှားပုံကလည်း ဒီလမ်းမှာ ပြေးဆွဲတဲ့ ကားသမားတွေ သေကုန်ပြီလား ထင်ရတယ်။ ခရီးသည်ပေါပုံက တခြားဘက် မသွားဘဲ ဘာကြောင့် ဒီနေရာကို သွားရတာလဲ မေးရမတတ်။

ခရီးသည်တစ်ယောက် ပြေးလာတယ်။

"မြေနီကုန်း"

"မြေနီကုန်းအစ်ကို၊ တစ်ယောက်နှစ်ကျပ်"

ပြေးလာသူဟာ ရင်ဝဆီးအကန်ခံရသလို တန့်သွားပြီး…

"မြေနီကုန်း ဒီနားနဲ့ဒီနားလေးကို နှစ်ကျပ်တဲ့လားကွာ အမယ်လေး "ကား" ရယ်။ ကြည့်တော့သာ "တညင်းဝက်" အခြမ်းလေးခြမ်းကို ကားဘီးနေရာမှာ ကော်နဲ့ကပ်ထားသလား

မှတ်ရပေမယ့် ငွေတောင်းတာ ရက်စက်လှချည်လား''

ဓာတ်ဆီ ဘာဖြစ်တယ်ညာဖြစ်တယ် ပြောသံဟာ ရယ်သံ အောက်မှာ နစ်မြုပ်လို့သွားရှာတယ်။

❋ ❋ ❋

## ကားပွဲစား၏အာ

ရန်ကုန်မြို့၊ ဗိုလ်အောင်ကျော်လမ်း အောက်လမ်းအနေနဲ့ ကားပွဲစားတွေ ခြေချင်းလိမ်နေချိန်ကပေါ့။ ပလက်ဖောင်းကိုဖင်ပေးပြီး ရေဆေးနေတဲ့ကား။ ဘေးတိုက်ထိုးထားတဲ့ ကားစုံသလို ရိုးရိုး ''ထု'' တဲ့လူပါသလို အကြံအဖန်သမား လည်းပါတယ်လေ။

သပြေရောင် ဒိုင်နာတစ်စင်း ဘေးမှာ ပွဲစားနှစ်ယောက် စကားဆိုနေကြတယ်။

''သုံးပဲလေ။ ကျွန်တော်ကတစ်ပြားမှရတာမဟုတ်ဘူး။ ခင်ဗျား စေတနာရှိသလောက် တောင်းပေးပေါ့ဗျာ''

ကားပိုင်ရှင် မပါဘူး။ သူတို့ချည်း ပြောနေတာ။

''သုံး ဟုတ်လား၊ ဒီကားများ သုံးပေးရမယ်။ မတော်တာဗျာ''

''အမြတ်နှုတ်လို့ ဒီလိုပြောတာလား၊ မယုံရင် ဖုန်သုတ်ကြည့်၊ အသစ်ကြီးရှိသေးတယ်။ ခေါင်းဖြီးဦးမလား။ မိတ်ကပ်လူးဦးမလား''



''တော်ပါလူရာ၊ ဖုန်သုတ်ကြည့်လိုက်တော့ အားပါးပါး ဆေးတစ်စက်မှ မရှိဘူး။ တက်နေလိုက်တဲ့ သံချေးတွေ ချပါတီကို ဖွလားသလားမှတ်ရ''

ဘစ်စေ့တစ်စောင်း နားထောင်နေတဲ့ လူတွေက ဗိုင်းဝန်းပြီး ရယ်လိုက်ကြတာ။

❋ ❋ ❋

## ကြွေးပြေးသောနည်း

လစာထုတ်ချိန်ဆိုရင် သူပြေးရပြီ။ ပုန်းရပြီ။ မကောင်းမှန်း သိပါတယ်။ ကိုယ်လိုချင်တုန်းက လွယ်လင့်တကူ ထုတ်ပေးခဲ့ပြီး ပြန်ဆပ်ချိန်ကျတော့မှ အိမ်မှာမနေ၊ ရုံးမှာ မကပ်ဘဲ ရှောင်နေတာ၊ မကောင်းမှန်းသိပါရဲ့။ ဒါပေမယ့် မတတ်နိုင်တဲ့အတွက် ရှောင်နေရတယ်။

ဒါပေမယ့် မလွတ်ပါဘူး။ ရှာတတ်တဲ့ ကြွေးရှင်နဲ့ဆိုတော့ မိသွားတယ်။ အိတ်ထဲက ငွေတွေ မဝှက်လိုက်ရဘူး။ ပါသွားပြီ။ ငိုင်ပြီး ကျန်ခဲ့တဲ့အတွက် သူ့အဖြစ်ကို အစအဆုံး သိတဲ့မိတ်ဆွေက

''ခင်ဗျားဗျာ ၊ လူဖြစ်နေပြီး မြေပဲဆန်လောက်မှ မလိမ္မာဘူး၊ မြေပဲစေ့ကို ကြည့်စမ်း၊ လူနဲ့တွေ့မှာစိုးလို့ အမြှေးရဲ့ ခြုံထားတယ်။ ပိုပြီးလုံခြုံအောင် အခွံထဲဝင်နေတယ်။ လုံခြုံသည့်ထက် လုံခြုံအောင် မြေကြီးထဲတောင် တိုးဝင်ပြီး နေလိုက်သေးတယ်''

"ခင်ဗျားဟာ ဘယ်မှာလုံခြုံလို့လဲ။ ပါးစပ်ထဲရောက်တာ မဟုတ်လား"

နှစ်ယောက်သား တစ်ယောက်ကို တစ်ယောက်ကြည့်ပြီး ရယ်လိုက်ကြတာ ပက်လက်ကိုလန်လို့။

❊ ❊ ❊

## ခါးလိုက်တာနော်

လင်ရဲ့ ချီးမွမ်းစကားကို အလွန်ကြားချင်တဲ့မိန်းမ၊ လင် ကြိုက်တတ်တဲ့ ငါးဟင်း၊ ဒါပေမယ့် ရေချိုငါးမတတ်နိုင်လို့ပင် သယ်ငါး ဝယ်ချက်တယ်။ လတ်လည်းလတ်ဆတ်တဲ့ ငါးရွေပါ။

လင်အလုပ်က ပြန်လာပြီး မကြာမီမှာ ထမင်းပြင်ပြီး ကျွေးတယ်။ လင်ရဲ့မျက်နှာမှာ ကျေနပ်မှု အရိပ်အယောင် ပေါ်ရဲ့လားလို့ မကြာခဏ မော့မော့ကြည့်ရတာအမော၊ ထမင်း စားလို့ ပြီးခါနီးမှာ ....

"ငါးဟင်း ကောင်းလားမောင်" လို့ မျှော်လင့်တကြီးနဲ့ မေးတဲ့အခါ ...

"ဟုတ်လားချစ်၊ ငါးဟင်းဟုတ်လား၊ အောင်မယ်လေး ငါးဟင်းတဲ့။ မောင့်မှာ တမာသီးနဲ့ အဖျားဖြတ်ဆေး ရောပြီးချက် ထားတယ်မှတ်တာ"

လို့ဖြေတယ်၊ တစ်ခါတည်း မယားရဲ့ မျက်လုံးမှာ မျက်ရည်တွေဝဲလာတဲ့အတွက် အဲဒါကို ကြည့်ပြီး တဟားဟား ရယ်တော့တယ်။



## ခင်ဗျားတို့ကလည်း

အလုပ်သုံးနေရာအတွက် လျှောက်ထားဖြေဆိုသူ တစ်ထောင်ကျော်တယ်။ အခုလူတွေ့မေးမြန်းတဲ့အခါ သုံးရာလောက် ရှိတယ်။ တစ်ယောက်ထသွားရင် နောက် တစ်ယောက် အမည်ကို စာရွက်ထဲကြည့်ပြီးခေါ်တယ်။ နာမည် ရှင်ရောက်မလာဘူး။

ဒီအခါ တံခါးစောင့်က အော်ခေါ်ရတယ်။ တစ်ခါ ခေါ်နဲ့ ပြေးလာသူရှိသလို သုံးလေးခါ အော်မှကြားတဲ့ လူလည်းရှိတယ်။ မကြားတဲ့လူတွေကလည်း ကိုယ့်အလှည့်ဘယ်အချိန်ဆိုတာ မသိတဲ့ အတွက် ရေသွားသောက်နေတယ်။ မုန့်သွားစားနေတယ်။ ဒါကြောင့် အော်ခေါ်ရတာ။

ဒါပေမယ့် အော်ခေါ်ရတဲ့လူလည်း ပသက်သာဘူး။ တတိယလူလဲအော်ခေါ်။ စတုတ္ထလူလဲအော်ခေါ်။ ဆယ်ယောက် တိတိ အော်ခေါ်ပြီးချိန်မှာ....

"ခင်ဗျားတို့နော်၊ ကျွန်တော့်ကို သနားကြပါဦး။ ခင်ဗျား တို့ကို အော်အော်ခေါ်နေရတာ ဒီမှာ လျှာပြတ်သေတော့မယ်။ တစ်ယောက်လာလဲ အော်ခေါ်ရ။ တစ်ယောက်လဲအော်ခေါ်ရနဲ့ ကိုးဆူဆရာ ဂြိုဟ်ပင့်နေသလားမှတ်ရ"

လို့ မောဟိုက်သကြီးနဲ့ ညည်းလိုက်တဲ့အတွက် မြူးရွှင်စွာ ရယ်ကြလေရဲ့။

## ချဉ်လိုက်တာမနော်

သရက်သီး တောင်းတွေ
သရက်သီးမှည့်ပေါ်ချိန်မှာ
ပလက်ဖောင်းတကာမှာ တွေ့နိုင်တယ်။ နေရာမရွေးဆိုပါစို့လေ။
တစ်နေ့မှာ ပုဇွန်တောင် လိပ်ကန့်ပန်းခြံနားက သစ်သီးဈေး
ကို မိန်းမတစ်ယောက် လျှောက်ကြည့်တယ်။ သူ့အာရုံစိုက်တာက
သရက်သီးတွေ။ ဘယ်နှစ်လုံးယူမလဲ အစ်မ။ မချစ်စုလား။
မန္တလေးရင်ကွဲလား။ လက်သွက် ခြေသွက် သရက်သီးသည်က
သရက်သီးနည်းနည်း လှီးပေးတယ်။ မြည်းကြည့်ပါ သိပ်ချိုတာပဲ။
အခွံခွာထားတဲ့ သရက်သီး။ ယင်ကောင်တွေနားထားတဲ့
သရက်သီးကို မရွံမရှာ အရသာခံ စားနေရာက ....
"အမယ်လေး" အော်ပြီး ပါးကိုလက်နဲ့ဖိကာ ....
"ချဉ်လိုက်တဲ့ သရက်သီး၊ ပါးရွဲ့သွားတာ အသေမှုခ်ိ
ဘီလူးမဖြစ်သွားပြီလား မှတ်ရတယ်ရှင့်"
လို့အော်တယ်။ ဆိုင်ရှင်က ရှက်ပြုံးပြုံးနေတယ်။ ဘေးက
ဆိုင်တွေက ညာသံပေးပြီး ရယ်ကြတယ်။

❊ ❊ ❊



## ခြင်းကစားမင်းသား

၄၈-ကားဟာ ကော်ဓောစက်ရုံကို ကျော်ပေးပြီး သာကေတ သုဝဏ္ဏတံတားပေါ်ကို တက်လာတယ်။ ဘေးချင်း ကပ်ထိုင်နေတဲ့ မိန်းမနှစ်ယောက်ဟာ တစ်ယောက်ကို တစ်ယောက် အခုမှ သတိထားမိပြီး ဝမ်းသာအားရ နှုတ်ဆက် ကြတယ်။

ဒါနဲ့ သားရေးသမီးရေး စီးပွားရေးတွေ လျှောက်ပြောရာက နောက်ဆုံးမှာ မိန်းမတစ်ယောက်အကြောင်း ရောက်သွားတယ်။

"ကိုလှမြင့် မိန်းမလား၊ သနားစရာလဲကောင်း၊ တရားကျစရာလဲ ကောင်းပါတယ် သူငယ်ချင်းရယ်"

"ကိုယ်က သိပ်မသိသေးဘူး၊ ဘယ်လိုဖြစ်တာလဲ"

"စန်းထတုန်းကတော့ စင်ပေါ်က မင်းသားကလပ်ပေါ် တက်ပြီး ခတ်တဲ့ ခြင်းလုံးလား မှတ်ရတယ်။ ထောင်တာလဲ အမွှန်၊ အခု ကျသွားတော့လဲ ဓာတ်စင်အောက်က အမှိုက်ပုံထဲ ဝင်ပုန်းနေတဲ့ လိပ်လားမှတ်ရ၊ ခေါင်းမဖော်ရဲတော့ဘူး"

သနားစရာ ဖြစ်ပေမယ့် အနိုင်းကောင်းလို့ ပြုံးသူပြုံး ရယ်သူရယ်တယ်။

❊ ❊ ❊

## ချွပ်လိုက်ကြစို့ ယောက်မရို့

ရန်ကုန်မြို့ ရွှေဘုံသာလမ်းက စာအုပ်ဆိုင်တစ်ဆိုင်ရှေ့မှာ လူတစ်ယောက်ဟာ လစဉ်ထုတ်မဂ္ဂဇင်းတစ်အုပ်ကို ကောက်ယူ လှန်လှော ကြည့်နေတယ်။

မကြာမီ အသိတစ်ယောက် စာအုပ်စင်စာရင်းနဲ့ ပထ လူကိုမြင်သွားတယ်။ ဘာလုပ်နေတာလဲ ဘာလဲမေးကြ၊ မြန်းကြ ဖြေရရင်းက ဝယ်တဲ့စာအုပ် ဝယ်ဖြစ်တယ်။

ဒါနဲ့ ဆိုင်ရှေ့ ပိတ်မနေအောင် နည်းနည်းခွာပြီး ရပ်တယ်။ ဒုတိယရောက်လာတဲ့လူက မဂ္ဂဇင်းတစ်အုပ်ကို လှန်ပြပြီး ...

"ဖတ်ပြီးပြီလား၊ ဟိုလူက ဟိုလူတွေကို ပညာသားပါ ပါအုပ်တာ"

"ဖတ်ပြီးပါပြီဗျာ၊ ဟိုလူတွေကို အဲဒီလူက ဆော်တာလဲ ဖတ်ပြီးပြီ"

ဒီအခိုက် ခပ်ဝဝလူတစ်ယောက် ရောက်လာတယ်။

"မောင်ရင်တို့ ဟိုဟာကြီးက ဝါးလုံးရှည်နဲ့ ရမ်းလို့ လူတွေ ခိတ်ဆိုးနေကြတာ သိပြီးပြီလား" လို့ အမေးနဲ့ နှုတ်ဆက် တယ်။

ဒီအခါ ပထမဦးစွာ ရောက်နေသူက ...

"ဖတ်ပြီးပြီဗျ၊ သူက စာရေးဖို့ မကောင်းဘူး၊ သူတွေကို မှောင်ထဲက ချောင်းရိုက်တဲ့အလုပ် လုပ်စားဖို့ ကောင်းတယ်။



ဘယ်လိုလူလဲ မသိဘူးဗျာ၊ ကြက်ဘဝက လာရှောသလား မှတ်ရတယ်"

လို့ မှတ်ချက်ချလိုက်တဲ့အခါ သုံးယောက်သား ရယ်မောမိကြတော့တယ်။

❊ ❊ ❊

## စိတ်ချမ်းသာစရာ

အဲဒီစာကြမ်းပိုးသုံးယောက်ရဲ့ ဆွေးနွေးပွဲက မဆုံးသေးဘူး၊ ကြာလာတော့ ညောင်းညာလာဟန်တူပါတယ်။ တောင်ဘက်နားမှာရှိတဲ့ ပေါ်ဟီအောက်က လက်ဖက်ရည်ဆိုင်ကို သွားထိုင်ကြတယ်။

"တော်တော်နောက်တဲ့ ကာတွန်းဆရာကွာ၊ မကြည်သလို ဝေဖန်ရေးတဲ့ အီစကို ဝေဖန်ရေးတဲ့၊ ဘာပြောချင်တာပါလိမ့်ဆိုပြီး ဆက်ဖတ်လိုက်တော့မှ ဗီရိုဝေဖန်ရေးတဲ့၊ နောက်တယ်ဗျာ"

တတိယလူက ဒုတိယသူပြောတာကို နားထောင်နေရာက "အေး ...ဟုတ်တယ်" ပြောနေဆဲ၊ မိန်းမရယ်သံများကြားရတယ်၊ လှည့်ကြည့်တော့ မိန်းမလှကလေး သုံးယောက်၊ ကြည့်နေတုန်းမှာ ဝေးသွားတယ်။

လူဝကြီးဟာ စာကြောင်းပေကြောင်း မပြောနိုင်သေးဘဲ "သာယာလိုက်တဲ့ အသံကလေးကွာ၊ တင်တင်မြရဲ့ အသံ

...အေးကလေးကို ဗိုက်ထဲ ခွဲထည့်ထားလိုက်ရသလား မှတ်ရ
...က်ချမ်းသာလိုက်တာ"

ပထမသူက "ထားစမ်းပါဗျာ" စိတ်ညစ်သံနဲ့ ပြောဝ
...ကြက် ရယ်မောမိကြလေရဲ့။

❋ ❋ ❋

## ဆင်းရဲမှာ စိုးရှာရှာထင့်

ပြောင်းဖူးပြုတ်သည်တွေ ဆားမဆောင်တာ ကြာပါပြီ။ ပထမအသည်က ဆားမထားဘဲ ရောင်းကြည့်တော့ ဖြစ်တယ်။ နောက်တော့ ဘယ်ပြောင်းဖူးပြုတ်သည်မှ ဆားမဆောင်တော့ဘူး။ သိတယ်မဟုတ်လား။ စားသုံးသူ စိတ်ချမ်းသာရေးထက် ကိုယ်အမြတ်များများ ရရေး ဦးစားပေးကြတယ်လေ။

ဒါပေမယ့် အဲဒီလူက ဒါကို မသိဘူး။ အခွံလှန်ထားဝ ပြောင်းဖူးပြုတ်ကို ကောက်ကိုင်ဈေးမေးပြီး ဆားတောင်းတယ်။ ဈေးသည်က အထူးအဆန်းသဖွယ် မော့ကြည့်ပြီး ဖြေတယ်။

"ဆားလား ဆားမရှိဘူး"

"အလိုလေးဟဲ့၊ ဆားကလေး ငါးကျပ်သားလောက် ဆောင်ထားရင် ဆင်းရဲမှာစိုးလို့ထင်ပါရဲ့၊ အေးဈေးတာ ကြ၊ ဈေးတာကြ၊ ထမင်းမစား ရေမသောက်နဲ့"

အဲဒီစကား ကြားရတဲ့သူတိုင်း မရယ်ဘဲ မနေနိုင်ဘူး ရယ်တယ်။

❋ ❋ ❋



## ညည်းညူသံကောက်ကောက်ကလေး

ဒါလောက်ကျပ်တဲ့ ပြားလေးဆယ်ကားထဲမှာ ... ကိုမှီ စကားပြောလို့ ရပလေ။ တစ်ယောက်က ခေါင်းဖြူဖြူ မျက်ကွင်းကျကျ အသက် ၇၀-အရွယ်၊ ကျန်တစ်ယောက်က အသက် ၄၀-အရွယ်နဲ့ ထိပ်ပြောင်နေသူ။

"ဈေးက ပြန်တော့မှ သူတို့အိမ်ကို ဝင်မယ် စိတ်ကူးတာ၊ အခု ဦးလေးနဲ့ တွေ့တော့ ဈေးကို နောက်မှဝယ်မယ်၊ သူတို့အိမ်ကို အရင်ဝင်ကြတာပေါ့"

"မဝင်ပါရစေနဲ့ မလိုက်ပါရစေနဲ့၊ လူတွေ့ရင် ညည်းလိုက်တာ ငြူသံပါနေတာပဲ"

ခေါင်းဖြူကြီးက ရှုံ့မဲ့ပြီး ခေါင်းခါတဲ့အတွက် ...

"ငြူသံမဟုတ်ပါဘူး ဦးလေးရဲ့ ရောဂါသည်းတဲ့ လူမမာကို ကျောပိုးထားတာပါဗျာ"

ငြိမ့်ငြိမ့်ကလေး လိုက်ပါလာတဲ့ ခရီးသည်တွေအနေနဲ့ ဒီအခါမှာတော့ တသောသော ရယ်မောကြတယ်။

❋ ❋ ❋

## တမြောက်မြောက်နဲ့ မျောက်

"ဗီဒီယိုကန်တော့ပွဲ ပေးတာတွေက သူ့ကို မဖိတ်ဘူး ထင်တယ်ကွ၊ ဒါကြောင့် ဒီလူကြီး ဗီဒီယိုသမားတွေကို ပုတ်ခတ်နေတာဖြစ်မယ်"

လူသိများတဲ့ နာမည်ကြီး လက်ဖက်ရည်ဆိုင် ရှေ့က သစ်ပင်အောက်မှာ လူတစ်စုရပ်ပြီး ပြောနေကြတယ်။ ကွမ်းငုံ တားတဲ့ လူက …

"အဓိပ္ပါယ်ကောက် လွဲကြတာ ထင်ပါရဲ့ဗျာ"

ဒီအခါမှာ အရပ်ပုပု၊ သွားကျဲကျဲနဲ့ လူက ရှင်းပြတယ်၊

"ခင်ဗျားက လူချင်းအတွေ့နည်းလို့ ဖြစ်လိမ့်မယ်၊ အဲဒီလူကြီးမြောက်ကြွမြောက်ကြွ ဖြစ်နေတယ်ဗျ၊ ဟိုဟာရင်း ကတည်းက မြောက်ကြွ မြောက်ကြွ ဖြစ်နေပုံကို ခင်ဗျား မြင်စေ ချင်တယ်၊ အလိုလေး ငါးပိကိုင်မိတဲ့ မျောက်သိုးကြီးလား မှတ်ရ"

ဘေးမှာရပ်ပြီး နားထောင်နေတဲ့ ဆံရှည်နှစ်ယောက်က ဘာအားရယ်တယ်။

❊ ❊ ❊

## ထီပေါက်စဉ်အလား

ပြည်သူ့ရဲတပ်ဖွဲ့ရုံးထဲမှာ ထိုင်နေတဲ့ တာဝန်မှူးရဲ့ရှေ့ကို ရဲတပ်ဖွဲ့ဝင်တွေက လူတစ်ယောက်ကို ခေါ်လာတယ်။

အဲဒီလူဟာ တစ်နေရာမှာ မောင်မောင်တာအမည်နဲ့ လိမ်ပြီး နောက်တစ်နေ့မှာတော့ မောင်သိန်းလွင် ဖြစ်သွားရော၊ ဘတိယနေရာမှာ သန်းစိုးဦး၊ စတုတ္ထနေရာမှာ တင်မောင်မြင့်၊ အမည်အမျိုးမျိုးနဲ့ ပြောင်းလိမ်နေသူပါ၊ အဲဒါကြောင့် ရဲတပ်ကြပ် ကြီးတစ်ယောက်က …



"မျက်စိလည်ချင်စရာ ကောင်းလိုက်တာ မောင်စိန်ရာ၊ သက်စသတ်တော့ မိတာပုံးရမယ်ဆိုပြီး လိမ်သွားတာ မင်းတယောက်တည်းပါလား"

ဒီအမှုမှာ အမှုလိုက်တစ်ဦးက ဝင်ပြောပြန်တယ်၊

"မိတာပုံးရမယ်ပြီး မင်းလိမ်သွားတဲ့အကြောင်း တိုင်တဲ့ စာရင်းကလဲ ငစိန်ရာ၊ အလိုလေးလေး ထီပေါက်စဉ်လား အောက်မေ့ရသကွာ"

ရယ်မောသံကြီးကတော့ စခန်းဝင်း အပြင်ကိုတောင် ရောက်တန်ရာရဲ့။

❊ ❊ ❊

## ထက်စွန်က ကြက်သွန်ပါ

လမ်းဘေးဈေးဆိုတဲ့အတိုင်း ပလက်ဖောင်းပေါ်က ဆင်းပြီး ကားလမ်းရဲ့ ဘေးသားပေါ်ကို တက်ရောင်းတဲ့ လမ်းဘေးဈေး ပါ။ အများအားဖြင့် ဆိုင်ကျတွေများတယ်။ အသီးအရွက် အသားငါးကစ "လက်ပုံ"ပဲ။

ရုံးဝန်ထမ်းလို့ ထင်ရတဲ့ လူငယ်တစ်ယောက်က အိမ်ကို မပြန်နိုင်သေးဘဲ ဈေးကို ဝင်လာတယ်။ လိုအပ်တာထဲက ဈေး ချိုတာတွေ့ရင် ဝယ်မယ်ဆိုတဲ့ စိတ်ကူးနဲ့။

တစ်နေရာမှာ ရေတ်သီးညှံ့ညှံ့ အပုံကလေးတွေနဲ့ ကြက်သွန်သေးသေး ကလေးတွေ ပုံထားတာ မြင်ရတဲ့အတွက်…

"ကြက်သွန် ဘယ်ဈေးလဲ"

"တစ်ဆယ်ဈေး"

"အမယ်လေး ကြက်သွန်ဈေးရယ်၊ ဒါလေးများ ..ခ်ဆယ်ဈေးတဲ့ ကြက်သွန်ကြည့်တော့ဖြင့် ပုစွန်ဆိတ် ..ကလုံးလောက်တောင်မရှိပါကလား"

ပျော်ပျော်နေတတ်တဲ့ ဈေးသည်တွေလဲ လိုမ့်ပြီး ရယ်ကြ ..ာပေါ့။

❋ ❋ ❋

## ဒါပဲကောင်းတယ်

ရိန်းဂျားကားဟာ သာကေတ ဒေါပုံ တံတားပေါ်မှာ တဒုန်းဒုန်း ပြေးနေရာက ဒေါပုံဘက်ကို လိမ့်အဆင်းမှာ စကားပြောသံတွေ ပေါ်လာတယ်။

"ရက်ကန်း ဦးကြီး...တို့က ကကယ် အကြံကောင်းတယ် နော်"

"အေးလေ၊ ကောင်လေးကို မရ ရအောင် မြှူချပြီး အယူခိုင်းတုန်းက အယူခိုင်းပြီး၊ အခုတော့ သမီးကို ရေကြက် ဘက်သွားထားသတဲ့"

မိန်းမနှစ်ယောက်ရဲ့ အသံပါ၊ အဲဒီအထဲကို ယောကျ်ားသံ တစ်သံ ထိုးဖောက် ဝင်ရောက်လာတယ်။

"သူ့ ကုသိုလ်နဲ့ သူဖြစ်တာ မနာလိုမရှိပါနဲ့ဗျ"

"မရှိပါဘူးကွယ်၊ သမီးလက်ထပ်ပွဲအတွက် ပစ္စည်းတွေ လျှောက်ပြီးရောင်းစားတာ ကောင်းမှန်းသိလို့ လက်ထပ်ပွဲ



နောက်တစ်ခု လုပ်ရအောင် ဖန်နေတာဗျ"

"အေးတော် ... ဉာဏ်ကောင်းတယ်နော်"

ဒီအခါမှာ ပထမ မိန်းမသံထဲက တစ်ယောက်က ...

"ထိတွေဘာတွေ ထိုးမနေနဲ့၊ အလုပ်လဲ သိပ်မလုပ်နဲ့၊ သမီးများများမွေးပြီး သူတို့လိုသာ လုပ်စား"

"အလိုလေးတော်၊ ပြောင်လိုက်တဲ့မျက်နှာ၊ ဆီလိမ်းထား တုန်း ချွေးတွေ စီးကျလာသလားမှတ်ရတယ်"

သူတို့ချည်းပြောပြီး သူတို့ချည်း ရယ်တော့မှ ဘေးကလူ တွေ ပြုံးကြတယ်။

❋ ❋ ❋

## ဒါပဲပြောပြောနေ

အချိန်က ည ၇ နာရီလောက်ပဲရှိသေးတယ်။ အထူးယာဉ် ကလေးတွေက ဝေးဝေးမသွားတော့ဘူး၊ သိမ်ကြီးဈေးဂိတ်ဆုံးတဲ့။ အဲဒီကားကို လွှတ်စလမ်းထိပ်မှာလူတစ်ယောက်ကတားတယ်။

"တက်ဆရာတက်၊ သိမ်ကြီးဈေးတစ်ကျပ်"

လှမ်းလိုက်တဲ့ခြေလှမ်းဟာ တန့်သွားပြီး ...

"ဟ ... ငါးမူးပါကွ" လို့ပြောတယ်၊ ဒါပေမယ့် ကား ပေါ်တက်တယ်၊ ကားလည်းဒုံးပုံနဲ့အပြိုင် မောင်းထွက်ရော စကား များတော့တာပဲ၊

"ငါးမူးမရဘူးအစ်ကို၊ ဆီက အောက်ဆိုက်ဝယ်ရတာ

ဈေးသိပ်ကြီးတယ်

"မင်းဟို့မှာ ဒါပဲ ပြောပြောနေတာပဲ၊ မင်းတို့မှာ ဆီဘယ်ရှိလေကွ၊ မင်းတို့ပဲ ရောင်းစားနေကြတာ"

"ဟုတ်တယ်၊ ဆီအကြောင်းပြပြီး မတရားယူနေတာ၊ ကလေးအကြောင်းပြ ထမင်းအိုးတစ်လုံးပျက်ဆိုတဲ့အကောင်မျိုးတွေ"

နောက်ပိုင်းက ပြောနေသံတွေကို ယာဉ်မောင်းက ကြားတဲ့အကြောင်း ထိုးရပ်တယ်။ ကားပျက်သလိုလိုပေါ့။ ရပါတယ်။ ခရီးသည်တွေက ရယ်ကာမောကာနဲ့ ဆင်းပြီး လျှောက်သွားကြလေရဲ့။

❊ ❊ ❊

## ဒိုက်ဦးကို ချုပ်ထားသည်

"အစ်မရေ၊ မုန့်ဖက်ထုပ်ကြီးတွေ ကောင်းလိုက်တာ၊ စားပါဦး"

နေရာက ဈေးဝယ်ကို ဈေးသည်က ဝိုင်းရိုက်လွှတ်လိုက်တဲ့ ဗိုလ်ချုပ်ဈေးသစ် ဆိုတာမှာပါ၊ မုန့်ဖက်ထုပ်သည်ရဲ့ ဗန်းထဲက မုန့်ဖက်ထုပ်တွေ ကောက်ပြီး လှမ်းပြနေတော့ အပြခံရတဲ့သူ စားချင်လာတဲ့အတွက် ခေါင်းညိတ်တယ်။

သူ့လက်ထဲကို မုန့်ဖက်ထုပ်ရောက်လာလို့ ဖြေပြီး စားနေခိုက် …

"ကောင်းဟယ်နော် အစ်မ" တဲ့၊ ခေါင်းညိတ်ပြတယ်၊ တော်တော်ကြာအောင် အရသာခံစားလို့ပြီးတော့မှ ဖက်ကို လှသွား



လမ်းပေါ် ပစ်ချရောက …

"အပယ်လေး ကောင်းလိုက်တဲ့ မုန့်ဖက်ထုပ်ရယ်၊ ဒိုက်ဦးက အချိုမုန့်စက်ရုံကြီး တစ်ခုလုံးများ ဌာပနာ ထားရော့လားပေါ့"

ဟို့ မြည်တမ်းလိုက်တော့ ဝယ်ကျွေးရသူ သဘောကျပြီး ပြုံးမောနေလေရဲ့။

⁂ ⁂ ⁂

## ခိုင်ချက်မှာဖြင့်

သွားနုတ်ဆရာကံဆိုးချင်တော့ လှတောသားနဲ့မှ ကြုံရလေတယ်။ သူကလည်း အံဘိုးကြီးရဲ့ သွားမို့ ဆွေးနေပြီ အထင်နဲ့ ဆေးတစ်လုံးထိုးပြီး နုတ်တယ်။ ရခြေမရှိတော့မှ နှစ်လုံးယပ်ထိုးတယ်။ မရဘူး။

ချွေးဒီးဒီး ကျနေပေမယ့် လက်မလျှော့ရဲဘူး။ ထပ်ပြီး ဆေးထိုး၊ ထပ်ပြီးနုတ်တယ်။ ခက်ခက်ခဲခဲ နုတ်တော့မှ သွားက ကျွတ်ထွက်တယ်။ ချက်ချင်း ပါးလုတ်အကျင်းခိုင်းပြီး ဆေးရည်ဆွတ်ထားတဲ့ ဂွမ်းကို သွားအပေါက်မှာ ဆို့ပေးမယ်လုပ်တော့ လက်ကာပြပြီး …

"အလိုလေးကွယ့်၊ ခိုင်လိုက်တဲ့သွား၊ ပန်းပဲမောင် တင့်တယ် နဲ့ ဟာကြူလီကို သံကြိုးရိုက်ပြီး ခေါ်ရတော့မယ် ထင်နေတာ"

လို့ပြောတယ်။ ဂွမ်းကိုကိုက်တယ်။ ဆေးခန်းထဲက လူတွေ အူလန်သည်းလန် ရယ်ပေမယ့် သူက ဣန္ဒြေကြီးနဲ့လေ။

⁂ ⁂ ⁂

## ဈေးနှုန်းကြီးမြင့်ခြင်းအကြောင်း

အိုးစုနားမှာရှိတဲ့ ဖမ္မူသီရိရပ်ကွက် လူတချို့ တာမွေ သုသာန်မြောက်ပိုင်းကို မီးဘေးဒုက္ခသည်အဖြစ် ခေတ္တ ပြောင်းရွှေ့နေထိုင်ကြရတုန်းပေါ့။

စခန်းတစ်ခုလုံးမှာ လူမျိုးစုံ နေထိုင်ကြတယ်။ အသားမည်း သူ့ဒိုလို့ သူတို့ မိသားစုပဲရှိတယ်။ အိန္ဒိယသားထဲက အသားမည်း ပါတယ်ဆိုတဲ့ လူတွေတောင် သူတို့ မိသားစုကို မမီဘူး။

တစ်နေ့မှာ အဲဒီမိသားစုရဲ့ မိတ်ဆွေတစ်စုဟာ သတင်းမေးဖို့အတွက် ပစ္စည်း ပစ္စယတွေနဲ့ ရောက်လာကြတယ်။ ဧည့်သည်တွေရှေ့မှာ စခန်းထဲက လူတွေနဲ့ တခြားဧည့်သည်တွေ ဖြတ်သွားတယ်။ သရေစာဆိုင် လက်ဖက်ရည်ဆိုင်က လူတွေကိုလည်း လှမ်းမြင်နေရတယ်။ အဲဒါကြောင့် ဧည့်သည်တစ်ယောက်က စကားစတယ်။

"မီးသွေးကလဲဟာ တစ်အိတ်သုံးဆယ်တဲ့၊ သုံးဆယ်မပေးရတဲ့ အိတ်ကျတော့ အရွယ်ငယ်သွားတယ်၊ အဲဒီလို ဘာဖြုလို့ မီးသွေးရှားသလဲသိလား၊ ရှားမှာပေါ့ နင်တို့ မိသားစုတစ်စုလုံး မီးသွေးချည်းစားနေလို့ပေါ့၊ မည်းတယ်ဆိုတာ ဂုဏ်ရှိတယ်မှတ်လို့"

အိမ်ရှင်ရော ဧည့်သည်ပါ ရယ်လိုက်ကြတာ၊ ကြံဖန်ပြီး ပြောင်တတ်ပလေရယ်လို့။

※ ※ ※



## ယဥ်မဆုံးတယ် သင်ပုန်းရယ်

အဲဒီရေဘုံဘိုင်က လူစဲသွားတယ် မရှိပါဘူး။ ရေအလာရပ်သွားမှသာ လူစုကွဲတာပါ။

သတင်းစာစက္ကူဝယ်တယ်၊ ဗလာစာအုပ်အဟောင်းဝယ်တယ်၊ ဒန်အိုးအဟောင်း အပျက်အပေါက် တစ်ပိဿာကို ၇၀-ဈေးပေးတယ်"

ပစ္စည်းဟောင်းဝယ်တဲ့ မိန်းမတစ်ယောက် တကြော်ကြော်အော်ရင်း လမ်းကြားထဲက ထွက်လာတယ်။ နေရိပ်ခိုနေသူတွေရဲ့ မျက်လုံးများက အသံရှင်ဆီကို စုံပြုံရောက်သွားကြရာက တစ်ယောက်က စလိုက်တယ်။

"မည်းလိုက်တဲ့အသားရယ်၊ ကတ္တရာပုံးထဲလိမ့်ကျလာတဲ့ ကျွဲလားမှတ်ရ"

"ဘယ်ဟုတ်မလဲ သလက်ဘူတ်ပေါ်နားနေတဲ့ ကျီးကန်းပိတုန်းတုပ်တာ"

ရယ်လိုက်ကြတဲ့အသံတွေ သောသောညံသွားပါတယ်။

※ ※ ※

## ရေငုံမောင်ဟိုဒင်း

မနဲပွဲကို လူစုံလ၂ကြတယ်။ အိမ်ရှင်ကလည်း ကြည်ကြည်နူးနူး ရွှင်ရွှင်ပြုံးပြုံးပါပဲ။ ထမနဲစားရင်း လက်ဖက်ရည်သောက်ရင်း ဝိုင်းတွေဖွဲ့ပြီး စကားတွေ ပြောနေရာမှာ အရပ်ရှည်ရှည် အသားညိုညို ကိုလူပိန်ပါတဲ့ ဝိုင်းဟာ အဆူဆုံးပါပဲ။

ဘာကြောင့်လဲဆိုတော့ သူပဲအသံပြာပြာနဲ့ ကျယ်ကျယ်လောင်လောင် ပြောနေတဲ့အတွက်ဖြစ်ပါတယ်။ ဒါပေမယ့် ခေါင်းတုံးပြောင်ပြောင်နဲ့ မျက်ဖြူလန်လန်ပြီး စကားပြောတဲ့ လူလည်း ဝင်လာရော သူ့အသံတိတ်သွားတယ်။

နောက်ဆုံးဝင်လာတဲ့လူ လေးလေးတွဲ့တွဲ့ပြောနေတာ ကို သူနားမထောင်ဘူး၊ ငေးနေတယ်။ အခြားရိုင်းတွေ လျှောက်သွားတယ်။ အဲဒါနဲ့ တစ်နာရီလောက် ကြာသွားတော့ သံပြာပိန် ကိုလူညိုကို တစ်ယောက်က ဝတယ်။

"စောစောတုန်းကတော့ သူ့အသံချည်းပဲ၊ အခုတော့လဲ ပါးစပ်ကို အပ်နဲ့ချုပ်ထားသလားမှတ်ရပေါ့"

ဟဲ့ ... ပြောလေ။ စကားမပြောဘဲ လျှာကို ခေါက်ထားရင် အကြောသေသွားလိမ့်မယ်" နောက်တစ်ယောက် က ဝင်ဆူပြန်တဲ့အတွက် ရယ်မောကြရတယ်လေ။

❋ ❋ ❋

## ရှောင်းတယ် ဝယ်တယ်

တချို့ရပ်ကွက်က အိမ်တွေရှေ့မှာ ခုံတန်းကလေးတွေ ရိုက်ထားတယ်။ ဒီခုံတန်းတွေဟာ ကောင်းတာရော၊ မကောင်း တာရော မြင်ရကြားရတယ်။ တစ်ခုသော ညနေမှာ မိန်းမတစ်စု ဟာ နှစ်အိမ်ကျော် ခုံတန်းတစ်ခုကို လှမ်းကြည့်နေကြ တယ်။ ရုတ်တရက် မိန်းမတစ်ယောက်က အလန့်တကြားနဲ့ ပြောတယ်။



"မြင်လား ..., မြင်လား၊ လှဝင်း သမီးအကြီးမ၊ ဘယ်လိုဖြစ်တာလဲ"

"အဲဒါဘာဖြစ်လဲ၊ တော့်မှာ အခုမှ အဆန်းလုပ်နေ၊ ကျွန်မတို့ဖြင့် မျက်စိရှက်လို့ တစ်ဖက်ကို လွှဲနေရတယ်။

ဒီအခါ ပထမစတင်တဲ့ အမျိုးသမီးက -

"ဟုတ်လား ၊ ရှင်တို့မယ်တစ်သက်၊ မင်းဆက်က ငါးသွယ်ကို အားကျပြီး လင်ပဒေသာပင်သီးတယ်ပေါ့လေ။ အံ့ပါရဲ့ဟယ်၊ အိမ်ရှေ့မှာ "ရောင်းသည်" လို့သာ ဆိုင်းဘုတ်ချိတ်လိုက်ပါတော့"

ဟိုနှစ်အိမ်ကျော် အိမ်ရှေ့မှာရှိတဲ့ ခုံတန်းကကြားအောင် တအားရယ်ကြတယ်။

❋ ❋ ❋

## ရှားပါးမည့် ဆေးသကြား

သစ်ပင်ရိပ်ကောင်းရင် သူနေရာယူထားတယ်။ သစ်ပင် ရှားတဲ့နေရာဆိုရင် တဲထိုးပြီး နေရာယူထားတယ်။ အဲဒါဘာလဲ သိလား။ ဖရဲသီးလေ။ တောင်ပုံရာပုံ ဖရဲသီးတွေကို လူတွေက တအားစား ကြတယ်။ ခွဲစိတ်ပြီး လည်ကောင်းတာကို ဝယ်စားရတာ မကျေနပ်ငို့ လာဝယ်ကြတယ်။

ရောင်းသူက ဘာအဓိပ္ပါယ်မှန်းမသိဘူး။ ခေါက်ကြည့်ပြီး "ဒီအလုံးယူ၊ ဒီအလုံးကောင်းတယ်" လို့ပြောတယ်။ ဝယ်တဲ့ မိန်းမလှက -

"ကောင်းတယ်ဆိုလို့ ဝယ်သွားပြီး ခွဲပြီးစားလို့ မချိုတော့ ဘယ်လိုလုပ်မလဲ"

"မချိုမှာ မပူနဲ့၊ စားမိတဲ့အခါကျတော့မှ အမယ်လေး ချိုလိုက်တဲ့ဖရဲသီးရယ်၊ ဆေးသကြားတွေ ဘယ်နှစ်ပိဿာ တောင်ထည့်ထားပါလိမ့် အော်ယူရမယ်"

မိန်းမလှကလေး တခစ်ခစ်ဖြစ်တာကြည့်ပြီး ဒီပြင်လူ တွေလည်း ရယ်နေကြတယ်။

❊ ❊ ❊

